INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု

# Democratic Accountability in Service Delivery

## ဆန်းစစ်လေ့လာမှုဖြင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရမည့် နည်းလမ်းများဖော်ထုတ်ရန် လက်တွေ့လမ်းညွှန်

## A practical guide to identify improvements through assessment



# ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု

## ဆန်းစစ်လေ့လာမှုဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ရန် လက်တွေ့လမ်းညွှန်

# ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု

## ဆန်းစစ်လေ့လာမှုဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ရန် လက်တွေ့လမ်းညွှန်


Helena Bjuremalm

Alberto Fernández Gibaja

Jorge Valladares Molleda

ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သည့် လုပ်ငန်းစဉ်များဆိုင်ရာ International IDEA အရင်းအမြစ်များ

© 2016 International Institute for Democracy and Electoral Assistance

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့ ၂၀၁၆ ခုနှစ် မူပိုင်ဖြစ်သည်။

International IDEA
Strömsborg
SE–103 34 Stockholm စတော့ဟုမ်းမြို့
Sweden ဆွီဒင်နိုင်ငံ
ဖုန်း - +46 8 698 37 00 ၊ ဖက်စ် - +46 8 20 24 22
Email: info@idea.int
Website: www.idea.int

International IDEA Myanmar
68 B Sayar San Raod,
11201, Bahan Township,
Yangon, Myanmar
Tel: +95 9 26312 8104
Email: info-myanmar@idea.int

ဤစာအုပ်ကို Creative Commons Attribute-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) licence ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ အပိုင်းလိုက်ပြန်လည်စီစဉ် ပြုစုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သင့်တင့်လျောက်ပတ်သော ရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူခွင့်ပြုချက်ဖြင့် ဖြန့်ဝေရန်ဖြစ်ပါသည်။ ဤခွင့်ပြုချက်နှင့် စပ်လျဉ်း၍ နောက်ထပ်သိရှိလိုပါက အင်တာနက်လိပ်စာ <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

International IDEA အဖွဲ့မှ စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေး အကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှု ရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ် မဆိုနိုင်ပါ။

မူရင်း ဒီဇိုင်းပညာရှင် - Santángelo Diseño
မျက်နှာအဖုံး ဒီဇိုင်းပညာရှင် - Santángelo Diseño
မျက်နှာအဖုံး အပြင်အဆင် - © Alberto Ruggieri/Illustration Works/Corbis/TT Mediabyrån
မြန်မာစာအုပ် အတွင်းစာမျက်နှာ ဒီဇိုင်းအပြင်အဆင် - မြင့်စိုးဦး

ISBN: 978-91-7671-073-9

# အမှာ

ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုများတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုကို International Institute for Democracy and Electoral Assistance (International IDEA) က မဏ္ဍိုင်အဖြစ်ထားရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ လူသားတို့၏နေ့စဉ်ဘဝများ ပိုမိုတိုးတက်လာစေမည့် အလားအလာကို အကောင်အထည်ဖော်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံယူကိုဆန်းစစ်လေ့လာရန် နိုင်ငံသားများဦးဆောင်သည့်မူဘောင်တစ်ခုအား International IDEA က ပြုစုခဲ့သည်။ ဤမူဘောင်သည် International IDEA က ယခင်ပြုစုထားသည့် နိုင်ငံသားဦးဆောင်သည့်မူဘောင်များ၊ အထူးသဖြင့် ဒီမိုကရေစီရေချိန်နှင့် *ဒေသန္တရဒီမိုကရေစီရေချိန်ဆန်းစစ်လေ့လာမှု မူဘောင်*တို့အပေါ် နောက်ဆုံး ဖြည့်စွက်ချက်ပင်ဖြစ်သည်။ ဤမူဘောင်များ၏ အခြေခံအုတ်မြစ်ကို ဒေသခံအဖွဲ့အစည်းများကဦးဆောင်ပြီး ဒေသခံအဖွဲ့အစည်းများကပင် ပိုင်ဆိုင်သည်။

ဒီမိုကရေစီနည်းလမ်းများနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အစိုးရတာဝန်ရှိသူများ တာဝန်ခံမှုရှိစေရန်အတွက် ပြည်သူများဆောင်ရွက်နိုင်သည့် နိုင်ငံရေးနယ်ပယ်စုံတွင် ပြည်တွင်းလုပ်ကိုင် ဆောင်ရွက်သူများအား ဤဆန်းစစ်လေ့လာမှုမူဘောင်အသစ်ဖြင့် အထောက်အကူပြုရန် International IDEA က ရည်ရွယ်သည်။ တစ်ချိန်တည်းမှာပင် လက်ရှိတည်ရှိနေသော တာဝန်ခံယူမှုယန္တရားများအား ပိုမိုကောင်းမွန်လာစေရန် သို့မဟုတ် အသစ်များဖန်တီးနိုင်ရန်ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာအဆိုပြုချက်များအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် မူဘောင်က ရည်ရွယ်ထားသည်။ ထိုပြုပြင်ပြောင်းလဲမှုဆိုင်ရာ အဆိုပြုချက်များသည် စုပေါင်းဆောင်ရွက်မှုဆိုင်ရာပြဿနာများ၊ စွမ်းရည်မရှိခြင်းများ၊ မှားယွင်းသည့်အုပ်ချုပ်မှု၊ အဂတိလိုက်စားမှုနှင့် ဌာနေတိုင်းရင်းသားလူမျိုးများကဲ့သို့သော အုပ်စုများအပေါ် စနစ်တကျခွဲခြားဆက်ဆံမှုများ စသည့် စိန်ခေါ်မှုမျိုးစုံအား ကိုင်တွယ်နိုင်သည်။

ထွန်းသစ်စဒီမိုကရေစီနှင့်ခိုင်မာသည့်ဒီမိုကရေစီနှစ်ခုစလုံး၌ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု (လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ တာဝန်ခံမှု) အားကောင်းလာစေရန် ဤလမ်းညွှန်က ရည်ရွယ်သည်။ ဒီမိုကရေစီသည် အဓိကအားဖြင့် ဆုံးဖြတ်ချက်ချခြင်းနှင့်နိုင်ငံရေးဆိုင်ရာ တန်းတူညီမျှမှုတို့အပေါ် အများ၏ ထိန်းချုပ်ခြင်းအကြောင်းဖြစ်သောကြောင့် ဒေသခံများပိုင်ရှင်ဖြစ်မှုကို အခြေခံသည့် ကျယ်ပြန့်ပြီး အားလုံးပါဝင်ဆောင်ရွက်မှုရှိသည့် အကဲဖြတ်လုပ်ငန်းစဉ် ရရှိနိုင်စေသည့် စနစ်တကျ ဆောင်ရွက်ပုံတစ်ခုကို International IDEA က ပုံဖော်ပေးထားသည်။ ပြောရမည်ဆိုလျှင် ပါဝင်ဆောင်ရွက်သည့်နည်းလမ်းသည် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်နှင့် ၎င်း၏တွေ့ရှိချက်များကဲ့သို့ပင် အရေးကြီးသည်။



Yves Leterme

အတွင်းရေးမှူးချုပ်

# မာတိကာ


အမှာ ၅
အတိုကောက်စကားလုံးများ ၁၂
မိတ်ဆက် ၁၃
ဤလမ်းညွှန်အကြောင်း ၁၄
ဤလမ်းညွှန်သည် မည်သူ့အတွက်ဖြစ်သနည်း ၁၅
လမ်းညွှန်တွင် မည်သည်တို့ပါဝင်ပြီး ယင်းတို့ကိုမည်ကဲ့သို့အသုံးပြုမည်နည်း ၁၆

အခန်း ၁ ဆန်းစစ်လေ့လာမှုအယူအဆများ ၁၉
၁.၁။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုသည်မှာ အဘယ်နည်း ၂၀
၁.၂။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုသည် လုပ်ငန်းဆောင်ရာခြင်းတွင် မည်ကဲ့သို့အလုပ်လုပ်သနည်း ၂၁
၁.၃။ မည်သည့်မူဝါဒအဆင့်များသည် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုနှင့် ဆက်စပ်မှုရှိသနည်း ၂၃
၁.၄။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု၏ အခြေခံမှုများက မည်သည့်အရာများ ဖြစ်သနည်း ၂၈

အခန်း ၂ ဆန်းစစ်လေ့လာမှုမူဘောင် ၃၅
၂.၁။ မူဘောင်၏ ယုတ္တိဗေဒ ၃၅
၂.၂။ မူဘောင်၏နယ်ပယ်ဆိုသည်မှာ အဘယ်နည်း ၃၆
၂.၃။ ဆန်းစစ်လေ့လာမှုမူဘောင်၏သွင်ပြင်လက္ခဏာတွေများ မည်သည့် အရာများဖြစ်သနည်း ၃၈

အခန်း ၃ လုပ်ငန်းစဉ်၊ အောင်မြင်မှုမှတ်တိုင်များနှင့် ဆန်းစစ်လေ့လာမှု၏ လုပ်ငန်းအဆင့်များ ၄၁
၃.၁။ ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်း ၄၁
၃.၁.၁။ ဆန်းစစ်လေ့လာမှုအတွက် ဦးတည်ချက်များအား ချမှတ်ပုံ ၄၃
၃.၁.၂။ ဆန်းစစ်လေ့လာရေးအဖွဲ့ ဖွဲ့စည်းပုံ ၄၅
၃.၁.၃။ အစီအစဉ်နှင့် ဘတ်ဂျက်အားရေးဆွဲပုံ ၄၇
၃.၂။ အားဖြည့်ခြင်း ၅၃
၃.၂.၁။ အကြံပေးအဖွဲ့ ဖွဲ့စည်းပုံ ၅၃
၃.၂.၂။ သြဇာလွှမ်းမိုးမှုရရှိစေရန် ပြုလုပ်ပုံ ၅၄
၃.၃။ ဦးတည်ရာလမ်းကြောင်းရေးဆွဲခြင်း ၅၇
၃.၃.၁။ မူဝါဒလုပ်ငန်းစဉ် အသေးစိတ်ရေးဆွဲခြင်း ၅၇
၃.၃.၂။ ပြဿနာများအပေါ် ဦးတည်မှု ပိုမိုအားကောင်းအောင် ပြုလုပ်ပုံ ၅၈
၃.၃.၃။ တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများကို မည်သို့ခြေရာခံမည်နည်း ၆၃
၃.၄။ အဖြေရှာခြင်း ၆၆
၃.၄.၁။ သင့်ကိုယ်ပိုင်မေးခွန်းလွှာ မည်သို့ပြုစုမည်နည်း ၆၆
၃.၄.၂။ အချက်အလက်များမည်သို့ စုဆောင်းမည်နည်း ၇၀
၃.၅။ တွေ့ရှိချက်များကို အသုံးပြုခြင်း ၇၅
၃.၅.၁။ အချက်အလက်များ ဘယ်လိုပိုင်းခြားစိတ်ဖြာမလဲ ၇၅
၃.၅.၂။ ကောက်ချက်များ ဘယ်လိုဆွဲမလဲ ၇၆
၃.၅.၃။ အကြံပြုချက်များအား ဘယ်လိုဖော်ထုတ်မလဲ ၇၇
၃.၆။ မှန်ကန်အောင်ဆောင်ရွက်ခြင်း ၈၀
၃.၆.၁။ တွေ့ရှိချက်များနှင့်အဆိုပြုချက်များ ဘယ်လိုတင်ပြမလဲ ၈၀
၃.၆.၂။ တွေ့ရှိချက်များနှင့်အဆိုပြုချက်များ ခိုင်လုံအောင်ဘယ်လိုလုပ်မလဲ ၈၁

၃.၇။ ဩဇာလွှမ်းမိုးမှုရအောင်ဆောင်ရွက်ခြင်း ၈၆
၃.၇.၁။ ဆက်သွယ်ရေးမဟာဗျူဟာ ပိုမိုထိရောက်အောင် ဘယ်လိုလုပ်မလဲ ၈၇
၃.၇.၂။ ဆန်းစစ်လေ့လာမှုအစီရင်ခံစာ ဘယ်လိုစတင်ဖြန့်ချိမလဲ ၈၉
၃.၇.၃။ တာဝန်ခံမှုအား မြှင့်တင်ရာတွင် မီဒီယာနှင့် အဘယ်ကြောင့် ထိတွေ့ ဆောက်ရွက်သင့်သလဲ၊ ဘယ်လိုထိတွေ့ဆောင်ရွက်မလဲ ၉၁
၃.၈။ အပြောင်းအလဲကို အကောင်အထည်ဖော်ခြင်း ၉၁
၃.၈.၁။ အရေးယူဆောင်ရွက်မှုကို အလေးပေးသည့်ဆွေးနွေးပွဲ ဘယ်လို ကျင်းပမလဲ ၉၄
၃.၈.၂။ မဟာမိတ်များ ဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်း ၉၅
၃.၉။ သင်ခန်းစာများယူခြင်း ၉၈
၃.၉.၁။ အဖွဲ့အတွင်း အသေးစိတ်ပြန်လည်ရှင်းလင်းခြင်း ၉၈
၃.၉.၂။ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းတို့မှတစ်ဆင့် သင်ယူခြင်း ၉၉
မှတ်စုများ ၁၀၂

## နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁ - အစီအစဉ်မည်ကဲ့သို့ရေးဆွဲမည်နည်း။ ၁၀၅
နောက်ဆက်တွဲ ၂ - အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ခြင်း ၁၀၆
နောက်ဆက်တွဲ ၃ - တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများကို ပုံဖော်ရန်ဖြစ်နိုင်ဖွယ် နည်းလမ်းတစ်ခု ၁၀၇
နောက်ဆက်တွဲ ၄ - တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်ခြင်း ၁၀၈
နောက်ဆက်တွဲ ၅ - ဆန်းစစ်လေ့လာမှုပြုလုပ်ရန် မေးခွန်းလွှာ ၁၁၀
နောက်ဆက်တွဲ ၆ - တွေ့ရှိချက်များနှင့်အဆိုပြုချက်များအား ခိုင်လုံကြောင်း မည်ကဲ့သို့ အတည်ပြုမည်နည်း ၁၁၁

ကိုးကားစာရင်းများ ၁၁၂
အသိအမှတ်ပြုမှုများ ၁၁၄
International IDEA အကြောင်း ၁၁၇

## ဇယားကွက်များ

ဇယားကွက် ၁ - တာဝန်ရှိသူများနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများ၏ဥပမာများ ၂၁
ဇယားကွက် ၂ - တောင်းဆိုပိုင်ခွင့်ရှိသူအဖြစ် လွှတ်တော်၏လုပ်နိုင်စွမ်းရည် ၂၂
ဇယားကွက် ၃ - တာဝန်ခံမှုကို တောင်းဆိုရန်အတွက် နိုင်ငံသားများ၏နေရာများ ၂၃
ဇယားကွက် ၄ - လက်တွေ့ကြီးကြပ်မှု ၂၇
ဇယားကွက် ၅ - အကောင်းဆုံးအနေအထားရှိသည့် ဒီမိုကရေစီစနစ်နှင့်အည တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးတစ်ခုအတွင်းရှိ တာဝန်ရှိသူများ ၂၉
ဇယားကွက် ၆ - အကောင်းဆုံးအနေအထားရှိသည့် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးတစ်ခုအတွင်းရှိ တောင်းဆိုပိုင်ခွင့် ရှိသူများ ၃၀
ဇယားကွက် ၇ - ဂါနာနိုင်ငံတွင် မူလတန်းကျောင်းများ၌ ဆရာများ ကျောင်းပျက်ကွက်မှုကို လျှော့ချခြင်း ၃၁
ဇယားကွက် ၈ - ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုအတွက် အဟန့်အတားများ ၃၇
ဇယားကွက် ၉ - စိုးရိမ်ပူပန်များနှင့်ပြဿနာများ နှိုင်းယှဉ်မှု ၄၅
ဇယားကွက် ၁၀ - အောင်မြင်သည့်ဆက်သွယ်ရေးမဟာဗျူဟာ၏ဥပမာတစ်ခု - Democratic Audit UK နှင့် The Guardian ၅၁
ဇယားကွက် ၁၁ - အဖွဲ့အစည်းအတွင်း တစ်ဆင့်ပြီးတစ်ဆင့် အစီရင်ခံစာတင်ခြင်း ၅၆
ဇယားကွက် ၁၂ - မာလာဂီနိုင်ငံကို ကြည့်ရှုခြင်း - စိုးရိမ်ပူပန်မှုများမှ ပြဿနာများ ဆီသို့ ၆၁
ဇယားကွက် ၁၃ - ဆက်ဆံရေးများ အသေးစိတ်ရေးဆွဲခြင်း ၆၃

ဇယားကွက် ၁၄ - ဆန်းစစ်လေ့လာမှုပြုလုပ်ရာတွင် ကျား-မဆိုင်ရာနှင့် အမျိုးအစား ကွဲပြားမှုများအပေါ် ပိုမိုသတိပြုပြီးပြုလုပ်ရန်အတွက် အကြံပြုချက်များ ၆၇
ဇယားကွက် ၁၅ - အနုမာနအယူအဆများကို အကြံပြုချက်များအဖြစ် ပြောင်းသွားသော အကောင်းဆုံးပုံစံဥပမာတစ်ခု ၇၇
ဇယားကွက် ၁၆ - မာလာဝီနိုင်ငံရှိ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန်ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးခန်း၏လုပ်ငန်းနှင့် အညစ်အကြေးအစိုင်အခဲ စီမံခန့်ခွဲမှု ၉၂
ဇယားကွက် ၁၇ - မီဒီယာနှင့် မဟာမိတ်ဖွဲ့ခြင်းသည် မည်သည့်အကြောင်းကြောင့် အောင်မြင်မှု၏အဓိကအကြောင်းရင်းတစ်ခုဖြစ်သနည်း ၉၆

## ပုံများ

ပုံ ၁ - မူဝါဒလုပ်ငန်းစဉ် ၂၆
ပုံ ၂ - အခြေခံဆန်းစစ်လေ့လာမှုမူဘောင် ၃၉
ပုံ ၃ - ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ် ၄၂
ပုံ ၄ - အထွေထွေမှ သီးခြားတစ်ခုချင်းစီသို့ ၄၄
ပုံ ၅ - စိုးရိမ်ပူပန်မှုအား ဖော်ထုတ်ခြင်း ၆၀
ပုံ ၆ - တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်ခြင်း ၆၅
ပုံ ၇ - လမ်းညွှန်ပေးသည့်မေးခွန်းများ ၆၈
ပုံ ၈ - ပိုင်းခြားစိတ်ဖြာမှုမှ အကြံပြုချက်များဆီသို့ ၇၉

# အတိုကောက်စကားလုံးများ

| | |
|---|---|
| CDD-Ghana | ဒီမိုကရေစီဖွံ့ဖြိုးရေးဆိုင်ရာ ဂါနာစင်တာ (The Ghana Center for Democratic Development) |
| GES | ဂါနာပညာရေးဝန်ဆောင်မှု (Ghana Education Service) |
| International IDEA | ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International Institute for Democracy and Electoral Assistance) |

# မိတ်ဆက်

နိုင်ငံသားများက ဒီမိုကရေစီကို ထောက်ခံကြခြင်းမှာ နှစ်လိုဖွယ်ကောင်းသည့် ပန်းတိုင်ရှိခြင်း တစ်ခုတည်းကြောင့်မဟုတ်ဘဲ မိမိတို့အတွက် ပိုမိုအရည်အသွေးကောင်း မွန်သည့် လူမှုစီးပွားနှင့် နိုင်ငံရေးဘဝကို လည်း ရရှိရန်မျှော်လင့်ပြီး ထောက်ခံကြခြင်းဖြစ် သည်။ ထိုမျှော်လင့်ချက်သည် ၂၀၁၁ ခုနှစ်၊ အာရပ်လူထု လှုပ်ရှားမှုများတွင် ပိုမိုသိသာ ထင်ရှားခဲ့သည်။ ထိုအချိန်က ပြည်သူများသည် မိမိတို့၏ လိုအပ်ချက်များနှင့် လူ့အခွင့် အရေးများရရှိစေရန်အတွက် လမ်းမများပေါ်သို့ စုဝေးရောက်ရှိလာကြကာ အစိုးရများ အား တောင်းဆိုခဲ့ကြသည် ('ပေါင်မုန့်၊ လွတ်လပ်ခွင့်နှင့် လူသားဂုဏ်သိက္ခာ' ကဲ့သို့သော ဆောင်ပုဒ်များကို ကြွေးကြော်ခဲ့ကြသည်)။ အစိုးရများသည် အများပြည်သူဝန်ဆောင်မှု များ ထိရောက်စွာပေးပြီး မိမိတို့ လိုအပ်ချက်များအား ဖြည့်ဆည်းပေးကာ လူ့အခွင့်အရေး များကို အသိအမှတ်ပြုရန် ပြည်သူများက မျှော်လင့်ကြသည်။ မိမိတို့၏ စိုးရိမ်ပူပန်မှုများ အား ဖော်ထုတ်ခွင့်ရရန်နှင့် ၎င်းတို့အားနားထောင်ပေးရန် ပြည်သူများက မျှော်လင့်ကြ ခြင်း ဖြစ်သည်။

မူလအားဖြင့် လူမှုသက်ဝင်လှုပ်ရှားမှုအပေါ် အာရုံစိုက်သည့် အခြေအတင် ဆွေး နွေးမှုတစ်ခုထဲသို့ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း၏ နိုင်ငံရေးမျက်နှာစာကို ထပ် ပေါင်းထည့်ခြင်းဖြင့် ဒီမိုကရေစီနည်းကျ တာဝန်ခံမှု၏ အိုင်ဒီယာတစ်ခုအတွက် လေ့လာ စရာဖြစ်ရပ်တစ်ခုအဖြစ် ယခုလမ်းညွှန်ကို အသုံးပြုနိုင်သည်။ အမျိုးသားညီလာခံ၊ နိုင်ငံရေး ပါတီများ သို့မဟုတ် အမြင့်ဆုံးအာဏာရှိသည့် စာရင်းစစ်အဖွဲ့အစည်းတို့ကဲ့သို့သော မဲဆန္ဒရှင်များ သို့မဟုတ် ကိုယ်စားပြု သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့များစသည့် အစိုးရကို ဖိအားများပေးနိုင်သည့် အဖွဲ့အစည်းများအပေါ် တာဝန်ခံသည့်အစိုးရများက အခြား အစိုးရများထက် နိုင်ငံသားများ၏ တောင်းဆိုမှုများကို တုံ့ပြန်နိုင်ခြေပိုများသည်။ ဒီမို ကရေစီစနစ်နှင့်အညီ စစ်ဆေးထိန်းညှိမှုရှိသည့်အခါ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက် ရာတွင် တာဝန်ခံမှုသည်မောင်းနှင်အားတစ်ရပ်ဖြစ်နိုင်သည်။ ဝန်ဆောင်မှုလုပ်ငန်းဆောင် ရွက်ခြင်း အဆင့်နိမ့်သောနိုင်ငံများတွင် တူညီသောအချက်တစ်ခုရှိသည်။ ယင်းမှာ ထိ ရောက်သည့် လုပ်ငန်းဆောင်ရွက်မှုများ သို့မဟုတ် ဆုလာဘ်များပေးရန်အတွက် ၎င်း

တို့၌ ပြဋ္ဌာန်းချက်များမရှိခြင်း သို့မဟုတ် အလွန်အားနည်းသည့် ပြဋ္ဌာန်းချက်များသာ ရှိခြင်းတို့ဖြစ်သည်ဟု သုတေသနအရတွေ့ရှိရသည် (International IDEA ၂၀၁၃ က)။

ဤဆန်းစစ်လေ့လာမှုမူဘောင်သည် ပုဂ္ဂိုလ်တစ်ဦးချင်း၊ ၎င်းတို့ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များနှင့် ဒေသန္တရအဆင့်အပါအဝင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် အစိုးရတို့နှင့် ချိတ်ဆက်သည့်ဆက်ဆံရေးများအပေါ် ဦးတည်သည်။ စံအားဖြင့် အမျိုးသား၊ အမျိုးသမီး၊ ယောက်ျားလေးနှင့် မိန်းကလေးတို့၏ လူ့အခွင့်အရေးများအား ဖြည့်ဆည်းပေးသည့်နည်းလမ်းများဖြင့် ဖြစ်သည်။ ဤသဘောတရားအရ ဆန်းစစ်လေ့လာမှုမူဘောင်သည် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုကို ပိုမိုနက်ရှိုင်းစေသော ခိုင်မာသည့်ဆောင်ရွက်မှုများအား ပူးတွဲစီစဉ်ရန် နည်းလမ်းတစ်ခုအဖြစ် ဆန်းစစ်လေ့လာမှု လေ့ကျင့်ခန်း တစ်ခုအတွက် လမ်းညွှန်ဖြစ်ရန် များစွာရည်ရွယ်သည်။

ဤလမ်းညွှန်ရည်ရွယ်သည်မှာ ထွန်းသစ်စဒီမိုကရေစီနှင့် ခိုင်မာသည့်ဒီမိုကရေစီနိုင်ငံများတွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု (လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာ တာဝန်ခံမှုနှစ်မျိုးစလုံးကို ဆိုလိုသည်) ကိုအားကောင်းလာစေရန် ရည်ရွယ်သည်။ ဒီမိုကရေစီသည် အဓိကအားဖြင့် ဆုံးဖြတ်ချက်ချခြင်းနှင့် နိုင်ငံရေးဆိုင်ရာ တန်းတူညီမျှမှုတို့အပေါ် အများစု၏ထိန်းချုပ်ခြင်းအကြောင်းဖြစ်သောကြောင့် ဒေသခံများက ပိုင်ရှင်ဖြစ်မှုကိုအခြေခံသည့် ကျယ်ပြန့်ပြီး ပါဝင်ဆောင်ရွက်မှုရှိသော ဆန်းစစ်လေ့လာရေးလုပ်ငန်းစဉ်အတွက် နည်းနာတစ်ခုရရှိစေရန် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) က ရေးဆွဲထားသည်။ အမှန်အားဖြင့် ပါဝင်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုသည် ဆန်းစစ်လေ့လာမှုမှ ရရှိသည့်ရလဒ်များကဲ့သို့ပင် အရေးကြီးသည်။

## ဤလမ်းညွှန်အကြောင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုအား စစ်ဆေးရမည့် ပမာဏကို အသုံးပြုသူက ယခုလမ်းညွှန်ဖြင့် ဆန်းစစ်နိုင်မည်ဖြစ်ပြီး အသိပညာအပေါ်အခြေခံပြီး တိုးတက်ကောင်းမွန်ရေးအတွက် ခိုင်မာသည့် လုပ်ငန်းနယ်ပယ်များကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။

- ဒီမိုကရေစီနည်းလမ်းများဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ခံထားရသည့် အရာရှိများနှင့် ရွေးကောက်ပွဲဖြင့်ခန့်အပ်ခြင်းမဟုတ်သည့် အရာရှိများအား တာဝန်ခံစေရန် အမျိုးသားနှင့်အမျိုးသမီးများက ဆောင်ရွက်နိုင်ပါသလား။

- မပြုလုပ်နိုင်လျှင် မည်သည့်အကြောင်းကြောင့် မပြုလုပ်နိုင်ပါသနည်း။
- ၎င်းနှင့်ပတ်သက်ပြီး မည်ကဲ့သို့ပြုလုပ်နိုင်မည်နည်း။

ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုတွင် တည်ရှိနေသော ဟာကွက်များကို ဖြည့်ရန် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နိုင်ငံတွင်းဆွေးနွေးပွဲများအတွက် လုပ်ငန်းဆောင်ရွက်ရန် လမ်းညွှန်ကကြိုပြုလိုပြီး နည်းနာတစ်ရပ်ကို အဆိုပြုသည်။ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်သည့်တာဝန်ခံယူမှုမရှိခြင်းကို တရားဝင်နိုင်ငံရေးအဖွဲ့အစည်းများ၏ ဩဇာလွှမ်းမိုးမှုပြင်ပတွင်ရှိသည့် အကြောင်းရင်းများဖြင့်လည်း ရှင်းလင်းဖော်ပြနိုင်သည်။ ထို့ကြောင့် လမ်းညွှန်၏ အရေးပါလှသည့် အသွင်အပြင်တစ်ရပ်မှာ ပြင်ပမှလာသည့် တရားဝင်မဟုတ်သော သက်ဝင်လှုပ်ရှားမှုများသည် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် တာဝန်ခံမှုစနစ်များအပေါ် မည်မျှဩဇာလွှမ်းမိုးမှုရှိသည်ကို စူးစမ်းနိုင်ရန်အတွက် အသုံးပြုသူများအား အထောက်အကူပေးခြင်းဖြစ်သည်။ ဤလမ်းညွှန်သည် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအနေနှင့် အရည်အသွေးရှိသည့် ဝန်ဆောင်မှုများမပေးရန် ရွေးချယ်သည့်ကိစ္စရပ်များနှင့် ပေးနိုင်ခြင်းမရှိသည့်ကိစ္စရပ်များ အကြားခွဲခြားသိရှိရန် ကူညီပေးသည်။ မပြုလုပ်ရန်ရွေးချယ်ခြင်း၏ အကြောင်းမှာ မှန်ကန်သည့်အရာကို ပြုလုပ်ရန်အတွက် ဆွဲဆောင်မှုများ သို့မဟုတ် နေရာမရှိခြင်းဖြစ်နိုင်ပြီး ပေးနိုင်မှုမရှိခြင်းမှာ လုပ်နိုင်စွမ်းရည်နှင့်ပတ်သက်သည်။

ဤလမ်းညွှန်၏ နောက်ဆုံးမူနှင့် ထပ်ဆောင်းလေ့လာစရာများကို <http://www.idea.int> တွင် ကြည့်ရှုပါရန်။

## ဤလမ်းညွှန်သည် မည်သူ့အတွက် ဖြစ်သနည်း။

ဤလမ်းညွှန်သည် မိမိတို့သက်ဆိုင်ရာနိုင်ငံများတွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ဒီမိုကရေစီရှုထောင့် တစ်ခုမှ တာဝန်ခံမှုအားနားလည်ခြင်းကို စိတ်ဝင်စားသည့် မည်သည့်ပုဂ္ဂိုလ်အတွက်မဆို အသုံးဝင်သည်။ ၎င်းတို့တွင် လူ့အဖွဲ့အစည်း၊ အစိုးရ သို့မဟုတ် အမျိုးမျိုးသောအဖွဲ့အစည်းများ (ကြီးကြပ်ရေးအဖွဲ့အစည်းများကဲ့သို့သော) အတွင်းရှိ အလားအလာရှိသော အသုံးပြုသူများအထိ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သည်။ ဥပမာအားဖြင့် လမ်းညွှန်အသုံးပြုသူများတွင်

- ပညာရပ်ဆိုင်ရာသုတေသနအဖွဲ့အစည်းများနှင့် အကြံပေးအဖွဲ့များ၊
- စည်ပင်သာယာရေးအဖွဲ့များ၊ အခြားဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ၊
- ဝန်ဆောင်မှုအသုံးပြုသူများ၏ အကျိုးအမြတ်များအား ကိုယ်စားပြုသည့်အဖွဲ့အစည်းများ၊
- အစိုးရဌာနများအပေါ် မကျေနပ်ချက်များကိုစုံစမ်းတင်ပြရန် ခန့်ထားသောအရာရှိရုံးများ၊

- အမြင့်ဆုံးအာဏာရှိ စာရင်းစစ်အဖွဲ့အစည်းများ၊[၁]
- နိုင်ငံရေးပါတီများ၊
- လွှတ်တော်ဆိုင်ရာကော်မတီများ၊ ဒေသဆိုင်ရာလွှတ်တော်များနှင့် ၎င်းတို့၏ဝန်ထမ်းများ၊
- အစိုးရဌာနများ (နိုင်ငံအဆင့်နှင့်ဒေသန္တရအဆင့်များရှိ)၊
- လူမှုရေးလှုပ်ရှားမှုများ၊ ၎င်းနှင့်သက်ဆိုင်သည့် အုပ်စုများနှင့် အလုပ်သမားသမဂ္ဂများ ကဲ့သို့ အခြားအရပ်ဘက်အဖွဲ့အစည်းများ၊
- ပုဂ္ဂလိကကုမ္ပဏီများနှင့်
- မီဒီယာတို့ ပါဝင်သည်။

ထိုဆောင်ရွက်သူများထဲမှအချို့သည် ဆန်းစစ်လေ့လာမှုတစ်ခုအားလုပ်ဆောင်ရာတွင် ပူးတွဲဆန်းစစ်လေ့လာမှု ပြုလုပ်နိုင်သည်ဆိုသည်ကိုပြောစရာမလိုအပ်ပါ။ ပူးတွဲဆန်းစစ်လေ့လာမှုများကြောင့် ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအား ပိုမိုအောင်မြင်နိုင်စေပြီး ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်စေသည့် နိုင်ငံရေးအနေအထားကိုလည်း ဖြစ်ပေါ်စေသည်။

## လမ်းညွှန်တွင် မည်သည်တို့ပါဝင်ပြီး ယင်းတို့ကို မည်ကဲ့သို့အသုံးပြုမည်နည်း။

အခန်း (၁) သည် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှု၏ အယူအဆကို ဖော်ပြထားသည်။ ထိုအခန်းတွင် အလေးထား ဖော်ပြသည်မှာ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုတွင် လူမှုရေးနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှစ်ခုစလုံးကို အခွင့်အရေးနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများအဖြစ်ထည့်သွင်းထားသည်။ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒလုပ်ငန်းစဉ် သို့မဟုတ် နိုင်ငံရေးအစီအစဉ်တွင် အကြောင်းအရာအား မည်ကဲ့သို့ထည့်သွင်းပြီး မူဝါဒများအဖြစ်ပြောင်းကာ လက်တွေ့အကောင် အထည်ဖော်သည့် အနေအထားအထိ ရှင်းလင်းဖော်ပြသည်။ တာဝန်ခံမှုကို ဆန်းစစ်လေ့လာရာတွင် အသုံးပြုနိုင် သည့်စံနှုန်းများကိုလည်း ဖော်ပြထားသည်။

အခန်း (၂) သည် ဆန်းစစ်လေ့လာမှုမူဘောင်၏ နည်းနာပိုင်းဆိုင်ရာအယူအဆ၊ နယ်ပယ်နှင့် သွင်ပြင်လက္ခဏာတို့အပြင် အလားအလာရှိသည့် ဆန်းစစ်လေ့လာသည့်အုပ်စုမျိုးစုံတို့အား မည်ကဲ့သို့အထောက်အကူပေးနိုင်သည်ကို ဖော်ပြထားသည်။

အခန်း (၃) သည် ဆန်းစစ်လေ့လာမှုမူဘောင်အား မည်ကဲ့သို့အသုံးပြုရမည်နှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အကြံပြုချက်များ မည်ကဲ့သို့ပြုလုပ်နိုင်သည်တို့ကို ရှင်းပြထားသည်။ ဖတ်ရှုသူများအား လုပ်ငန်းစဉ်တစ်လျှောက်တွင်လမ်းညွှန်ပေးပြီး လုပ်ငန်းအဆင့်များနှင့် ဆန်းစစ်လေ့လာမှုကို မောင်းနှင်သူများ၏ တာဝန်ဝတ္တရားများ၊ စတင်

ဖော်ဆောင်သူများ၊ ဆန်းစစ်လေ့လာရေးဖွဲ့ များနှင့် အကြံပေးအဖွဲ့ များ၏ အခန်းကဏ္ဍများကို ဖော်ပြပေးသည်။ ပြဿနာများနှင့် ယင်းတို့နှင့်ဆက်နွယ်သည့် တာဝန်ခံယူမှုဆိုင်ရာ ဆက်ဆံရေးများအား ဖော်ထုတ်ရာတွင် အထောက်အကူပြုသလို ဒီမိုကရေစီစနစ်၏အခြေခံမှုများအပေါ် အခြေပြုသည့် ဆန်းစစ်လေ့လာရေးစံများကို အသုံးပြုပြီး ယင်းသို့သော ဆက်ဆံရေးများကို လေ့လာသုံးသပ်ထားသည်။

ထို့အပြင် အခန်း (၃) သည် ဝန်ဆောင်မှုတွင် တာဝန်ခံမှု ပိုမိုကောင်းမွန်လာစေရန် အကြံပြုချက်များ ဖော်ထုတ်ရန်အတွက် အကြံပြုချက်များပေးသည်။ ထို့နောက် ဩဇာလွှမ်းမိုးမှုရရှိနိုင်စေရန်အတွက် ထိုအကြံပြုချက်များကို မည်ကဲ့သို့ခိုင်လုံကြောင်းပြသရန်နှင့် ဆက်သွယ်ရန် အကြံဉာဏ်များပေးသည်။ ထို့အပြင် ဆန်းစစ်လေ့လာမှုအား မောင်းနှင်သူများကို ပြုပြင်ပြောင်းလဲမှုဦးတည်သည့်ဆွေးနွေးမှုများ ပံ့ပိုးပေးမှုမှရရှိသည့် ရလဒ်များကို မည်ကဲ့သို့အသုံးပြုရမည်ဆိုသည်နှင့်ပတ်သက်ပြီး အကြံဉာဏ်ပေးသည်။

အဓိကအဆင့်များ၌ လုပ်ငန်းအဆင့်များအား နားလည်စေရန်အတွက် ဆောင်ရွက်ရမည့် စာရင်းကိုလည်း ထည့်သွင်းထားသည်။ ဖြစ်စဉ်လေ့လာမှုများသည် နိုင်ငံမျိုးစုံနှင့် နိုင်ငံရေးအခင်းအကျင်းမျိုးစုံတို့တွင် ပြုလုပ်ခဲ့သည့် တာဝန်ခံမှုဆိုင်ရာဆန်းစစ်လေ့လာခြင်း၏ ခိုင်မာသောပြဿနာများအား ပုံဖော်ပေးသည်။ သင်ယူသည့် အခါတွင် ကိုယ်ပိုင်နည်းလမ်းများဖြင့် ပြုလုပ်ရန်အတွက် ဆန်းစစ်လေ့လာသူများကို တိုက်တွန်းထားသည်။ ဆိုလိုသည်မှာ ဤတွင်ဖော်ပြထားသော နည်းစနစ်နှင့်မဟာဗျူဟာများအား စမ်းသပ်ရန်နှင့် ဆီလျော်သလို အသုံးပြုသွားရန်ဖြစ်ပြီး အတွေ့အကြုံမှသင်ယူရန် ဖြစ်သည်။

ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်သည် တစ်ဆင့်ချင်းသွားသော်လည်း ဤလမ်းညွှန်အားအသုံးပြုသူများအနေနှင့် တိုးတက်အောင်ဆောင်ရွက်ချိန်တွင် အလျဉ်းသင့်သလို ပြင်နိုင်ပြောင်းနိုင်သည်။ ဆန်းစစ်လေ့လာမှုသည် စီစဉ်ခြင်း၊ ပိုင်းခြားစိတ်ဖြာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အရေးကြီးဆုံးမှာ လုပ်ငန်းဆောင်ရွက်ဆောင်ရွက်ခြင်းများ ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

# အခန်း ၁

## ဆန်းစစ်လေ့လာမှု အယူအဆများ

# ဆန်းစစ်လေ့လာမှု အယူအဆများ

ကျယ်ပြန့်စွာပြောရလျှင် ကမ္ဘာပေါ်ရှိလူများအတွက် ဒီမိုကရေစီ၏အဓိပ္ပာယ်ဆိုသည်မှာ အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းနှင့် နိုင်ငံရေးတန်းတူညီမျှမှုတို့အပေါ်ထိန်းချုပ်ရာတွင် အများစု၏ ထိန်းချုပ်မှုရှိခြင်းဖြစ်သည် (International IDEA ၂၀၀၈၊ ၂၀-၂၁)။ ဒီမိုကရေစီသည် နိုင်ငံသားများ မိမိ၏ကိုယ်စားပြုသူများထံ ထိရောက်စွာ ရောက်ရှိနိုင်သည့်နည်းလမ်းဖြင့် မိမိတို့၏စိုးရိမ်မှုများကို ဖော်ထုတ်ပြောဆိုနိုင်ရန် နည်းလမ်းများချ ပေးရမည်ဖြစ်သည်။ အခြေခံယူဆချက်တစ်ခုမှာ ဒီမိုကရေစီစနစ်တစ်ခုတွင် တာဝန်ခံမှုယန္တရားများကို ကျင့်သုံးခြင်းဖြင့် ဖြစ်နိုင်သည့်အမြင့်ဆုံးစံနှုန်းဖြင့် အများပြည်သူဝန်ဆောင်မှုများကို အစိုးရအာဏာပိုင်များက ပြည်သူများအားပေးစေပြီး ထိုကဲ့သို့မဆောင်ရွက်ပေးနိုင်ပါက အကျိုးဆက်များ ခံစားစေရမည်ဖြစ်သည်။ အာဏာပိုင်များကို တာဝန်ခံစေခြင်းဖြင့် ဒီမိုကရေစီစနစ်၏အခြေခံမှုများအား ထိန်းသိမ်းရာရောက်မည်ဖြစ်ကာ ဝန်ဆောင်မှုပေးရာတွင် ပိုမိုမြန်ဆန်ပြီး အရည်အသွေးပိုမိုမြင့်မားစွာ သို့မဟုတ် ဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်စေရန် အလားအလာများ ပိုမိုရှိစေသည်။

ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုကို ဆန်းစစ်ရာ၌ နိုင်ငံသားများ ဦးဆောင်သည့်နည်းလမ်းဆိုသည်မှာ မိမိတို့တိုင်းပြည်၏ဒီမိုကရေစီကျင့်စဉ်များသည် မိမိတို့ ကိုယ်ပိုင်စံသတ်မှတ်ချက်များ၊ မျှော်မှန်းချက်များနှင့်ကိုက်ညီခြင်း ရှိ၊ မရှိကို ဆန်းစစ်ရန်အတွက် ထိုနိုင်ငံ၏နိုင်ငံသားများသည် အကောင်းဆုံးအနေအထားတွင် ရှိသည်ဆိုသောခံယူချက်ကို အခြေပြုထားသည်။ ထို့ပြင် ဤချဉ်းကပ်ပုံတွင် နည်းလမ်းများစွာပေါင်းစည်းထားသော်လည်း တစ်ခုတည်းသော ပန်းတိုင်မှာ ပြုပြင်ပြောင်းလဲရေးပင် ဖြစ်သည်။

## ၁.၁။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံယူမှုဆိုသည်မှာ အဘယ်နည်း။

အစိုးရအာဏာပိုင်များကို တာဝန်ခံစေခြင်းသည် ဒီမိုကရေစီစနစ်၏ အသည်းနှလုံးပင်သည်။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုသည်မှာ ပြည်သူများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအတွက် မိမိတို့၏စိုးရိမ်ပူပန်မှုများကို ဖွင့်ဟပြောဆိုနိုင်ရန်နှင့် ဖြေရှင်းချက်များ တောင်းဆိုနိုင်ရန်ဖြစ်ပြီး လိုအပ်လျှင် ရွေးကောက်တင်မြှောက်ထားသော အရာရှိများနှင့် ရွေးကောက်တင်မြှောက်ခံမဟုတ်သောအရာရှိများ၏ စွမ်းဆောင်မှုများနှင့်ပတ်သက်ပြီး အကျိုးဆက်ခံစားစေရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုအယူအဆထဲတွင် အများပြည်သူဆိုင်ရာဆုံးဖြတ်ချက်ချခြင်းတွင် အများစုကထိန်းချုပ်သည့် မဏ္ဍိုင်ကျသော ဒီမိုကရက်တစ်အခြေခံမှုအပေါ်အခြေခံပြီး တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၊ ဒေါင်လိုက် သို့မဟုတ် အလျားလိုက် သို့မဟုတ် စောင်းလိုက် သို့မဟုတ် အခြားယန္တယားပုံစံတစ်ရပ်ရပ်ဖြင့် နိုင်ငံရေးနှင့် လူမှုရေးတာဝန်ခံမှုနှစ်ရပ်စလုံးပါဂင်သည်။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကဲ့သို့သော နည်းလမ်းများမှတစ်ဆင့် ဆုံးဖြတ်ချက်ချခြင်းကို လွှမ်းမိုးနိုင်ရန် တောင်းဆိုမှုများအတွက် နိုင်ငံသားများ၏ ထုတ်ဖော်ပြောဆိုခွင့်ပါဝင်သည်။ အခြားသောဒီမိုကရေစီနည်းလမ်းများထဲတွင် အများပြည်သူ ဆန္ဒထုတ်ဖော်မှုများ၊ စုံစမ်းဖော်ထုတ်ရေးသတင်းရေးသားမှု၊ ဥပဒေပြုရေးဆောင်ရွက်မှုများ၊ လူထုဆွေးနွေးပွဲများနှင့် ဆန္ဒခံယူမှုများပါဝင်သည်။ ထို့အပြင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုသည် သွယ်ဝိုက်သောအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီမံခန့်ခွဲမှုအပေါ် ထိန်းချုပ်ရန်အတွက် အချို့သောအဖွဲ့အစည်းသက်ဆိုင်ရာ အဖွဲ့အစည်းများကို ကြည့်ရှုစစ်ဆေးခြင်းများနှင့် ဟန်ချက်အားထိန်းသိမ်းခြင်းနှင့် အခြားယန္တရားများစသည့် တိုက်ရိုက်ပါဂင်မည့်နည်းသည့် နည်းလမ်းများလည်းပါဝင်သည်။ ထိုအထဲတွင် ဥပမာအားဖြင့် တရားဥပဒေပြုရေးကော်မတီများမှ ကြားနာမှုများပြုလုပ်ခြင်း၊ နိုင်ငံရေးဆန့်ကျင်ဘက်မှ မေးခွန်းများထုတ်ခြင်းနှင့် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ရုံး သို့မဟုတ် အမြင့်ဆုံးအာဏာပိုင်စာရင်းစစ်အဖွဲ့အစည်းများမှ လေ့လာသုံးသပ်မှုများ သို့မဟုတ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း အစရှိသည်တို့ ပါဝင်သည်။ တာဝန်ခံမှုဆိုသည်မှာ ဒီမိုကရေစီစနစ်များတွင်သာရှိခြင်းမဟုတ်သော်လည်း တာဝန်ခံမှုသည်ပင်လျှင် ဒီမိုကရေစီဖြစ်ပြီး တာဂန်ခံမှုရှိလျှင် အစိုးရ၏ပိုမိုကောင်းမွန်သော စွမ်းဆောင်မှုများ ဖြစ်လာရန် အလားအလာရှိသည်။ ထို့ကြောင့် *ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု*ဆိုသော အသုံးအနှုန်းကို သုံးခြင်းအားဖြင့် ဤလမ်းညွှန်သည် ကျဉ်းမြောင်းပြီး ကန့်သတ်မှုရှိကာ တစ်ခုတည်းသီးသန့်ဖြစ်ခြင်းထက် ကျယ်ပြန့်ပြီးအားလုံး အကျုံးဝင်ကာ ပြီးပြည့်စုံသည့် အယူအဆတစ်ခုအတွက် ရည်ရွယ်သည်။

## ၁.၂။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုသည် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတွင် မည်ကဲ့သို့ အလုပ်လုပ်သနည်း။

အများပြည်သူ ဝန်ဆောင်မှုတစ်ခုနှင့်ပတ်သက်ပြီး နိုင်ငံသားများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များက မေးခွန်းမေးသည့်အခါ သို့မဟုတ် တုံ့ပြန်မှုပြုလုပ်သည့်အခါ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုရှိသည်ဟုဆိုနိုင်ပြီး နိုင်ငံရေးဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်များ ယင်းအကြံပြုချက်များနှင့် ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့မဟုတ်ပါက အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

တာဝန်ခံမှုသည် လုပ်ရှားဆောင်ရွက်သူ အမျိုးအစားနှစ်မျိုးအကြား ဆက်ဆံရေးတစ်ခုဖြစ်ပေါ်စေသည်ဆိုသော အခြေခံအယူအဆအပေါ် အခြေခံထားပြီး -

- **တာဝန်ထမ်းဆောင်သူများ** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ထားသည့် အာဏာပိုင်များ သို့မဟုတ် ရွေးကောက်တင်မြှောက်ခံ မဟုတ်သည့် အာဏာပိုင်များ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှု ပေးသူများဖြစ်ကြပြီး လုပ်ပိုင်ခွင့်အာဏာတစ်ခုကို ကျေပွန်အောင်ဆောင်ရွက်ရန်၊ မိမိတို့၏ဆောင်ရွက်ချက်များအား ရှင်းလင်းပြရန်နှင့် မိမိတို့၏ လုပ်ဆောင်မှုများအား ရှင်းချက်ထုတ်ရန်အပြင် မိမိတို့၏ ဆောင်ရွက်ချက်များ၏ အကျိုးဆက်များ (အကောင်း သို့မဟုတ် အဆိုး) ကို ရင်ဆိုင်ရန် အာဏာနှင့် တာဝန်ရှိကြသည်။
- **တောင်းဆိုပိုင်ခွင့်ရှိသူများ** ဆိုသည်မှာ နိုင်ငံသားများ သို့မဟုတ် နိုင်ငံသားများကို ကိုယ်စားပြုသည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်ကြပြီး တာဝန်ထမ်းဆောင်သူများကို ကြည့်ရှုစစ်ဆေးရန်၊ ၎င်းတို့ကို မေးခွန်းထုတ်ရန်နှင့် စီရင်ချက်များချမှတ်ရန်အပြင် လိုအပ်သည့်အခါ အကျိုးဆက်များအား တာဝန်ယူစေရန်အတွက် အခွင့်အရေး သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာ အသီးသီးရှိကြသည်။ ၂

**ဖယားကွက် ၁** **တာဝန်ထမ်းဆောင်သူများနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများ၏ဥပမာများ**

တာဝန်ထမ်းဆောင်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏အစိုးရ သို့မဟုတ် စည်ပင်သာယာရုံးတစ်ခု၊ ဝန်ကြီးဌာနတစ်ခု၊ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ၏ ရုံးတစ်ခု၊ လွှတ်တော်ကော်မတီတစ်ခု၊ လွှတ်တော်ကိုယ်တိုင်၊ ပုဂ္ဂလိကကဏ္ဍမှကုမ္ပဏီတစ်ခု သို့မဟုတ် မည်သည့်အစိုးရ သို့မဟုတ် ပုဂ္ဂလိကရုံးမဆို သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အာဏာပေးထားသည့်အဖွဲ့အစည်းဖြစ်နိုင်သည်။ ထိုသို့သော လုပ်ပိုင်ခွင့်အာဏာများသည် မကြာခဏဆိုသလို ဆောင်ရွက်သူတစ်ဦးအပေါ် ထက်ပို၍ ကျရောက်တတ်သည်။

အခြားတစ်ဘက်တွင်မူ နိုင်ငံသားများသည် တောင်းဆိုပိုင်ခွင့် ရှိသူများဖြစ်သည်မှာ အရှင်းလင်းဆုံးဥပမာဖြစ်သည်။ ၄င်းတို့သည် တာဝန်ရှိသူများအား အာဏာအပ်နှင်းသည့်သူများဖြစ်ကြပြီး များသောအားဖြင့် မိမိတို့ရရှိသည့် ဝန်ဆောင်မှုများအတွက် ပေးချေကြရသည်။ တောင်းဆိုပိုင်ခွင့်ရှိသူများ၏အခြားဥပမာများမှာ ဆန့်ကျင်ဘက်နိုင်ငံရေးပါတီများ၊ အစိုးရအရာရှိများအကြား အကျင့်ပျက်ခြစားခြင်းကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန်တာဝန်ရှိသည့် ကြီးကြပ်ရေးအဖွဲ့အစည်းများ၊ လူထုမူဝါဒအား အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန်တာဝန်ရှိသည့် လွှတ်တော်ကော်မရှင် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုပေးရန် တာဝန်ရှိသူများအပေါ် တာဝန်ခံရမည့် အခွင့်အာဏာရှိသည့် နိုင်ငံရေး သို့မဟုတ် လူမှုရေးဆောင်ရွက်သူများ အစရှိသဖြင့် ကျယ်ပြန့်စွာ ပါဝင်သည်။

ဒီမိုကရေစီဆိုသည်မှာ တာဝန်ခံမှုဆိုင်ရာယန္တရားများ အလုပ်လုပ်နေခြင်းနှင့် ညီမျှသည်ဟု ယူဆလေ့ရှိကြသည်။ လက်တွေ့တွင် ထို့ထက်များစွာ ပို၍ရှုပ်ထွေးသည်။ အမျိုးမျိုးသောအင်အားစုများ၊ အုပ်စုများနှင့် အနေအထားအလိုက်အခြေအနေမျိုးစုံတို့သည်လည်း ဝန်ဆောင်မှုများ မည်ကဲ့သို့ပေးသည်နှင့် တာဝန်ခံမှုဆိုင်ရာ ယန္တရားများ မည်ကဲ့သို့အလုပ်လုပ်သည်ဆိုသည်တို့အပေါ် သက်ရောက်မှုရှိသည်။ ထိုကဲ့သို့သော ယန္တရားများသည်များသောအားဖြင့်တကယ်တည်ရှိလေ့မရှိဘဲအလုပ်သဘောအရသာ သို့မဟုတ် ကိုယ်ပိုင်လက္ခဏာ (ဘာသာစကားဆိုင်ရာ၊ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ကျား-မကိုယ်ပိုင်လက္ခဏာတို့ကဲ့သို့သော)၊ လိင်တိမ်းညွှတ်မှု[၇]၊ အသက်၊ ဝင်ငွေ၊ မသန်မစွမ်းမှု သို့မဟုတ် အာဏာစသည့် အခြေခံများအပေါ် ခွဲခြားဆက်ဆံခြင်းများသာရှိသည်။

## ဇယားကွက် ၂ တောင်းဆိုပိုင်ခွင့်ရှိသူအဖြစ် လွှတ်တော်၏လုပ်နိုင်စွမ်းရည်

အာဏာပိုင်အဖွဲ့အစည်းက တာဝန်ခံမှုရှိစေရန်အတွက် လွှတ်တော်တစ်ခု၏ လုပ်နိုင်စွမ်းရည်နှင့်နေရာတို့သည် (ဥပမာအားဖြင့်) လွှတ်တော်အတွင်းနှင့် လွှတ်တော်ကြား၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အကြား ဟန်ချက်ညီမှုနှင့်သက်ဝင်လှုပ်ရှားမှုတို့အပေါ်မူတည်သည်။ အခြားအဓိကအကြောင်းရင်းများထဲတွင် အချက်အလက်များကို ကော်မတီများက လက်လှမ်းမီရယူသုံးစွဲနိုင်မှု၊ ပိုင်းခြားစိတ်ဖြာခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ထိရောက်မှုနှင့် လုပ်နိုင်စွမ်းရည်ရှိခြင်း၊ ထိုကော်မတီများအား စစ်မှန်သောဖွံ့ဖြိုးတိုးတက်မှုကိုဖောင်းပေးသည့် နိုင်ငံရေးသမားများနှင့် မည်သည့်အတိုင်းအတာအထိဖွဲ့စည်းပြီး အရည်အချင်းပြည့်ဝသည့် အရာရှိများအား ဝန်ထမ်းများအနေနှင့်နှင့် ခန့်အပ်ထားခြင်းတို့ပါဝင်သည်။

**ဇယားကွက် ၃** **တာဝန်ခံမှုကို တောင်းဆိုရန်အတွက် နိုင်ငံသားများ၏နေရာများ**

နိုင်ငံသားများအနေနှင့် သူတို့၏စိုးရိမ်ပူပန်မှုများအား ထုတ်ဖော်ပြောဆိုရန်နှင့် အာဏာပိုင်များထံမှ တာဝန်ခံရှိစေရေး တောင်းဆိုရန်အတွက် နေရာအများအပြား ရှိသည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၊ ပါတီကိုယ် စားလှယ်များရွေးချယ်မှု၊ ဆိုရှယ်မီဒီယာ၊ လမ်းမပေါ်ထွက်ဆန္ဒပြခြင်း၊ လက်မှတ်ရေးထိုးတောင်းဆိုခြင်းနှင့် လူထုဆွေးနွေးပွဲများအစရှိသည်တို့ ပါဝင်သည်။ ၎င်းတို့နှင့် အခြားနေရာများသည် တောင်းဆိုမှုများ၏ အသံထုတ်ဖော်ရာတွင် အရေးကြီးသည့်နေရာများဖြစ်ပြီး လူထု သိရှိနိုးကြားမှု မြှင့်တင်ရန်နှင့် တုံ့ပြန်မှုရှိစေရန်တို့အတွက် ယန္တရားများ ဖြစ်စေသည်။

ပထမဆုံးအနေနှင့် ဤလမ်းညွှန်သည် တာဝန်ရှိသူများနှင့်တောင်းဆိုပိုင်ခွင့်ရှိသူများအကြားရှိသည့် တာဝန်ခံယူမှု ရှိခြင်းယန္တရားများသည် အများပြည်သူဝန်ဆောင်မှုများပေးခြင်းသို့ ဦးတည်သော မူဝါဒလုပ်ငန်းစဉ်တစ်ခုလုံး အလုပ်လုပ်ခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ရန် အထောက်အကူဖြစ်စေပြီး ဒုတိယအနေနှင့် ထိုကဲ့သို့သော တာဝန်ခံမှု ယန္တရားများအား ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။

## ၁.၃။ မည်သည့်မူဝါဒအဆင့်များသည် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုနှင့် ဆက်စပ်မှု ရှိသနည်း။

ရေတွင်းတစ်ခု သို့မဟုတ် ရေဘုံပိုင်မှ သွယ်ထားသောပိုက်လိုင်းမှ သန့်ရှင်းပြီး ဘေးကင်းသည့် ရေရရှိခြင်းကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းတွင် နိုင်ငံရေးသမားများ၊ အစိုးရအရာရှိများ၊ နိုင်ငံသားများ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များ၊ လူမှုလှုပ်ရှားမှုများနှင့် ၎င်းနှင့်သက်ဆိုင်သည့်အုပ်စုများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်ကာ ရှုပ်ထွေးပြီးရွေ့လျားနေသည့် မူဝါဒလုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်ပင်ဖြစ်သည်။ စောင့်ကြည့်လေ့လာသည့်စစ်ဆေးရေးဌာန၊ ဝန်ကြီးဌာနဦးဆောင်သည့် အမျိုးသားစီမံကိန်း၏ မျက်နှာစုံညီပြန်လည်သုံးသပ်မှုနှင့် မီဒီယာစောင့်ကြည့်ခြင်းဖြင့် ချမှတ်ထားသည့် ဦးစားပေးအချက်များဖြင့် ဝန်ဆောင်မှုတစ်ရပ်ကို ဆောင်ရွက်ခြင်းနှင့်စည်းမျဉ်းချမှတ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် နောက်ဆုံးအသုံးပြုခြင်းဖြင့် ယင်းသို့သော စည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်းတို့သည် မူဝါဒလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

- **လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း** အဆင့်တွင် အကြောင်းအရာများ သို့မဟုတ် စိုးရိမ်ပူပန်မှုများသည် နိုင်ငံသားများ၊ နိုင်ငံရေးသမားများ၊ ပြည်သူ့လုပ်ငန်းစဉ်များကိုချမှတ်သည့် အရာရှိများ သို့မဟုတ် အခြားပုဂ္ဂလိက သို့မဟုတ် နိုင်ငံတော်အဖွဲ့အစည်းများအတွက် ဦးစားပေးအချက်များဖြစ်လာသည်။ ရွေးကောက်ပွဲ စည်းရုံးမှုများ၊ လူထုဆွေးနွေးမှုများ နှင့် နိုင်ငံတကာအစည်းအဝေးများအပြင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍရှိ တာဝန်ရှိသူများ

အကြား အစည်းအဝေးများမှတစ်ဆင့် ဦးစားပေးအချက်များအား ပုံဖော်နိုင်မည်ဖြစ်သည်။ အကောင်းဆုံးအနေအထားများတွင် အစီအစဉ်ရေးဆွဲခြင်းအား အစိုးရထိန်းညှိရေးအေဂျင်စီ၊ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ၏ရုံး သို့မဟုတ် အမြင့်ဆုံးအာဏာပိုင် စာရင်းစစ်အဖွဲ့အစည်း သို့မဟုတ် လူမှုလှုပ်ရှားမှုများနှင့် ၎င်းနှင့်သက်ဆိုင်သည့်အုပ်စုများကဲ့သို့သော တရားဝင်စောင့်ကြည့်လေ့လာရေး သို့မဟုတ် ကြီးကြပ်ရေး အဖွဲ့အစည်းများမှ အစီရင်ခံစာများက ဩဇာလွှမ်းမိုးမှုရှိနိုင်သည်။ ကိစ္စရပ်များသည် ဦးစားပေးအချက်များမည်သို့ဖြစ်လာသည်နှင့် ၎င်းတို့အား မည်သူက တွန်းအားပေးသည်ဆိုသည်တို့သည် အာဏာနှင့်ဩဇာလွှမ်းမိုးမှုတို့နှင့်သက်ဆိုင်သည့် အခြေခံကျသော မေးခွန်းများဖြစ်သည်။

အစီအစဉ်ရေးဆွဲခြင်းဥပမာများ -

- မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံး သို့မဟုတ် လွှတ်တော် ကော်မတီများကဲ့သို့သောအဖွဲ့များ၏ကဏ္ဍ သို့မဟုတ် ဝန်ဆောင်မှုတို့အား တန်ဖိုးဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် စာရင်းစစ်ခြင်းများ၊
- အခြေအတင်ဆွေးနွေးပွဲများနှင့် နိုင်ငံရေးပါတီ၏မူဝါဒကြေညာစာတမ်းအား ထုတ်ပြန်ခြင်းကဲ့သို့သော ရွေးကောက်ပွဲစည်းရုံးရေးလှုပ်ရှားမှုများ၊
- နိုင်ငံရေးပါတီများ၏ အချိန်အခါအလိုက် သို့မဟုတ် အကြောင်းအရာအလိုက် ညှိနှိုင်းဆွေးနွေးပွဲများ၊
- ဘတ်ဂျက်ရေးဆွဲခြင်း သို့မဟုတ် ဘတ်ဂျက်သုံးစွဲမှုအား ကြီးကြပ်ခြင်းနှင့် ပေါ်ထွက်လာသည့်နိုင်ငံအဆင့်နှင့် နိုင်ငံအဆင့်အောက်ရှိ လွှတ်တော်များအတွင်း အခြေအတင် ဆွေးနွေးမှုများ၊
- အခြေအတင်ဆွေးနွေးပွဲများ၊ ဝေဖန်ချက်ဆောင်းပါးများနှင့် အထူးအစီရင်ခံစာများ သို့မဟုတ် အခြားမီဒီယာထုတ်လွှင့်မှုများ၊
- လူမှုလှုပ်ရှားမှုများနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့်အုပ်စုများ၏ စည်းရုံးလှုံ့ဆော်မှုများ၊
- တိုင်းပြည်ဖွံ့ဖြိုးရေးအစီအစဉ်ဆိုင်ရာ အခြေအတင်ဆွေးနွေးပွဲများ၊
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုများ၊
- အလုပ်သမားသမဂ္ဂများ၊ ကျွမ်းကျင်ပညာရှင်များဆိုင်ရာ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှုပေးသူများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊
- နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့်ရှိ လွှတ်တော်များ သို့မဟုတ် ကောင်စီများအတွင်း ပြုလုပ်သည့် ကြားနာမှုများနှင့်
- အကြမ်းမဖက်သည့် လမ်းမပေါ်ဆန္ဒပြမှုများ သို့မဟုတ် စားသုံးသူများ၏သပိတ်မှောက်မှုများ ပါဝင်သည်။

- **မူဝါဒချမှတ်ခြင်း** အဆင့်တွင် ကိုယ်စားလှယ်များ သို့မဟုတ် တာဝန်ရှိသည့်ရုံးများတွင် ပါဝင်သူများအနေနှင့် မည်သည်နည်းလမ်းက အလုပ်ဖြစ်မည်ကို ဆုံးဖြတ်မူဝါဒပိုင်းဆိုင်ရာရွေးချယ်စရာနည်းလမ်းများ ချိန်ဆပြီး စည်းမျဉ်းအဖြစ် ရေးဆွဲသည်။ ၎င်းတွင် နိုင်ငံရေးပါတီမျိုးစုံမှ နိုင်ငံရေးသမားများအကြား အပေးအယူများ ပါဝင်သည့်အပြင် ပုဂ္ဂလိက ကုမ္ပဏီများ၊ အကျိုးအမြတ်အတွက်မဟုတ်သည့်အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် မူဝါဒရလဒ်များနှင့်ဆက်စပ်မှုရှိ သည့်အခြားအုပ်စုများ၏ တိုက်တွန်းလှုံ့ဆော်မှုလည်း ပါဝင်သည်။ ထိုအထဲတွင် ထိရောက်မှု၊ နိုင်ငံရေးဦးစားပေးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များအားခွဲဝေခြင်းတို့အကြားအပေးအယူများလည်းပါဝင်သည်။ အကောင်းဆုံး အနေနှင့် စောင့်ကြည့်လေ့လာခြင်း သို့မဟုတ် ကြီးကြပ်ခြင်းပြုလုပ်သည့် အဖွဲ့အစည်းများ၏ အကြံဉာဏ်များဖြင့်လည်း မူဝါဒချမှတ်ခြင်းကို ပုံဖော်သည်။

  မူဝါဒချမှတ်ခြင်း၏ဥပမာများ -

  - နိုင်ငံအဆင့် သို့မဟုတ် ဒေသဆိုင်ရာလွှတ်တော်များတွင် ဥပဒေပြုရေးဆိုင်ရာ ပြင်ဆင်မှုများ သို့မဟုတ် ဥပဒေအသစ်နှင့်ပတ်သက်သည့် မျက်နှာစုံညီအခြေအတင် ဆွေးနွေးပွဲများနှင့် မဲပေးမှုများ၊
  - အစိုးရ၏ဆုံးဖြတ်ချက်များနှင့်လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုအစီအစဉ်များ၊
  - ကဏ္ဍအလိုက် သီးခြားမူဝါဒများနှင့်အသေးစိတ်ဦးစားပေးမှုများရေးဆွဲသည့် အစိုးရဌာနများ၊
  - နိုင်ငံအဆင့် သို့မဟုတ် ဒေသဆိုင်ရာ လွှတ်တော်များထံပေးပို့ပြီး ၎င်းတို့ကပင် အသေးစိတ်စစ်ဆေးသော အုပ်ချုပ်ရေးမှတင်ပြသည့် ဆောင်ရွက်ချက်များ။
  - တရားရုံး အမိန့်နှင့် ဆုံးဖြတ်ချက်များ နှင့်
  - ဘုံရည်ရွယ်ချက်တူအုပ်စုများမှ အစိုးရနှင့် အခြားဆုံးဖြတ်ချက်ချနိုင်သော အဖွဲ့အစည်းများအား ဖိအားပေးတောင်းဆိုခြင်း။

- **အကောင်အထည်ဖော်ခြင်း** ဆိုသည်မှာ အစိုးရတစ်ခုအနေနှင့် ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိကအေဂျင်စီတစ်ခုအား မူဝါဒကို လုပ်ငန်းအဖြစ်ဆောင်ရွက်ရန် တာဝန်ပေးအပ်သည့်အခါတွင် ဖြစ်ပေါ်သည်။ ဤအဆင့်တွင် ဘတ်ဂျက်ချမှတ်ထားသည့် အရင်းအမြစ်များသည် လုပ်ငန်းဆောင်ရွက်ခြင်းတွင် အသုံးပြုရန်အတွက် ရည်ရွယ်ထားပြီး ဝန်ဆောင်မှုများအား အများပြည်သူထံပေးရန် ဖြစ်သည်။ အကောင်အထည်ဖော်ရေးမူဝါဒ၏ဥပမာများအား အောက်တွင်ဖော်ပြထားသည်။

  - ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် အစိုးရ၏အဆင့်ဆင့်ကြား ဘတ်ဂျက်လွှဲပြောင်းခြင်း၊
  - အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုပေးသူများအကြား ဝန်ဆောင်မှုသဘောတူညီချက်များ သို့မဟုတ် ကန်ထရိုက်များ၊

- အခကြေးငွေများနှင့်အဖိုးအခများအတွက် စျေးနှုန်းသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းစနစ်များ၊
- ဝန်ဆောင်မှုအခြေခံအဆောက်အအုံနှင့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် အစီအစဉ်ရေးဆွဲ ခြင်း၊
- ရေ၊ လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့ သို့မဟုတ် အစားအစာကဲ့သို့သောအရာများအတွက် ဖြန့်ဖြူးရေးစနစ်များနှင့် ဖြည့်ဆည်းပေးရေးစနစ်များ၊
- ဆေးဝါး၊ ကျောင်းသုံးစာအုပ်များ၊ ယာဉ်များနှင့် ထိန်းသိမ်းမှုအစရှိသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အစိုးရက ဝယ်ယူဖြည့်တင်းရေး၊
- ဆရာ/ဆရာမများ ခန့်အပ်ရန်တွက် အရည်အသွေးအခြေပြုသည့်စစ်ဆေးမှုများပြုလုပ်ခြင်း၊ အလုပ်ခန့်အပ်ခြင်းဆိုင်ရာစည်းမျဉ်းများနှင့် လစာပေးရေးစနစ်များကဲ့သို့သော ဝန်ထမ်းစုဆောင်းရေး လုပ်ငန်းစဉ်များ၊
- စားသုံးသူဝန်ဆောင်မှုများနှင့် စားသုံးသူအကြံပြုစနစ်များ၊
- အရည်အသွေးရှိသည့် အများပြည်သူကျန်းမာရေး၊ လုံခြုံရေး၊ ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး၊ အဂတိလိုက်စားမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိန်းချုပ်မှုများ၊
- ပိုင်ဆိုင်မှုကြောင်း သက်သေအထောက်အထားအတွက် အမျိုးသားများနှင့်အမျိုးသမီးများထံမှ တောင်းဆိုမှုများအပေါ် အစိုးရအရာရှိများ၏ကိုင်တွယ်မှု၊
- လယ်သမားများအသင်းအဖွဲ့တစ်ခုထံ အကြံဉာဏ်များ အခမဲ့ပေးသည့် စိုက်ပျိုးရေးတိုးချဲ့ရေး အရာရှိတစ်ဦး။

## *ပုံ ၁ - မူဝါဒလုပ်ငန်းစဉ်*



ကြီးကြပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များကြောင့် လူထုအခြေအတင် ဆွေးနွေးပွဲအတွင်းသို့ စိုးရိမ်မှုများရောက်ရှိလာပြီး ထိုမှတစ်ဆင့် အစီအစဉ်ရေးဆွဲခြင်း၏ မူဝါဒလုပ်ငန်းစဉ်စက်ဝိုင်းကို တစ်ပတ်ပတ်မိစေသည်။ ပထမဆုံးအနေနှင့် စိုးရိမ်မှုများသည် ဦးစားပေးမှုများဖြစ်လာသည်။ ထို့နောက် နိုင်ငံရေးရွေးချယ်မှုများပြုလုပ်ကာ ထိုမှတစ်ဆင့် မူဝါဒများအကောင်အထည်ဖော်ခြင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် မူဝါဒစက်ဝိုင်းအပေါ် ပြန်လည်သုံးသပ်မှုများ၊ စာရင်းစစ်ခြင်းများ သို့မဟုတ် အကဲဖြတ်ခြင်းများ ပြုလုပ်ပြီးသည့် အခါတွေ့ရှိချက်များ၊ အခြေအတင်ဆွေးနွေးမှုများနှင့် ထိန်းညှိမှုများအား နောက်ထပ်တစ်ကြိမ်အစီအစဉ်ရေးဆွဲသည့်အခါတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ ဝန်ဆောင်မှုပေးခြင်းကို ကြီးကြပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို စာရင်းစစ်ချုပ် အဖွဲ့အစည်းကဲ့သို့သောအာဏာပိုင်များအား အပေါ်မှအောက် သို့ စောင့်ကြည့်လေ့လာခြင်းဖြင့် ပြုလုပ်နိုင်သကဲ့သို့ ဝန်ဆောင်မှုအသုံးပြုသော သို့မဟုတ် ရရှိသော အမျိုးသားနှင့် အမျိုးသမီးများသည် ၎င်းတို့၏ စိုးရိမ်မှုများအား စုပေါင်းပြီး ဖော်ထုတ်ခြင်းဖြင့် အောက်မှအပေါ်သို့လည်း ပြုလုပ်နိုင်သည်။ ကြီးကြပ်ခြင်းသည်အပေါ်မှ အောက်သို့သွားခြင်းနှင့် အောက်မှအပေါ်သို့ သွားခြင်းတို့အား ပူးတွဲ၍ စောင့်ကြည့်လေ့လာသည့်အခါတွင် အထိရောက်ဆုံး ဖြစ်ပုံပေါ်သည်။ ကြီးကြပ်ခြင်းဖြင့် ဥပဒေပြုသူများ၊ နိုင်ငံရေးပါတီများ၊ အစိုးရစစ်ဆေးရေးအဖွဲ့များ၊ စာရင်းစစ်ချုပ် အဖွဲ့အစည်းများ၊ အစိုးရအရာရှိများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ ဝန်ဆောင်မှုဖြည့်ဆည်းပေးသူများအနေနှင့် ဝန်ဆောင်မှုအား ပြန်လည်တန်ဖိုးဖြတ်ခြင်း၊ စိုးရိမ်မှုအသစ်များအား ဖော်ထုတ်ခြင်း၊ အနာဂတ်မူဝါဒများအား ရွေးချယ်ခြင်းနှင့် ၎င်း၏အကောင်အထည်ဖော်မှုကို ပိုမိုကောင်းမွန်လာ အောင်ပြုလုပ်နိုင်ခြင်းများ ဆောင်ရွက်နိုင်သည်။

အကောင်းဆုံး အနေအထားမှာ အကောင်အထည်ဖော်ရာတွင် တိုးတက်မှု၊ ပြဿနာများနှင့် ထိရောက်မှုများအ ပေါ် တုံ့ပြန်ချက်ပေးရန်အလို့ငှာ ပုံမှန်စောင့်ကြည့်လေ့လာသွားသင့်သည်။ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းများ၏ အစိုးရစစ်ဆေးရေးအဖွဲ့တစ်ခုကဲ့သို့သော အစိုးရထိန်းညှိရေးအဖွဲ့များသည် စံများ၊ အခြေခံမှုများနှင့် မူဝါဒများကို လေးစားလိုက်နာသလောဆိုသည့် စောင့်ကြည့်လေ့လာခြင်းတွင် အရေးပါလှသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သော်လည်း ထိုကဲ့သို့ပြုလုပ်နိုင်ရန် ယင်းတို့၌ နေရာနှင့် စွမ်းရည်တို့ရှိရမည် ဖြစ်သည်။

**ဇယားကွက် ၄** **လက်တွေ့ကြီးကြပ်မှု**

လက်တွေ့တွင် ကြီးကြပ်မှုသည် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း ပြဿနာများအား မည်မျှဖော်ထုတ်နိုင်သည်ကို ဂါနာနိုင်ငံရှိ ရေဆိုးစနစ်ပြဿနာကို ကြည့်

လျှင် သိနိုင်သည်။ အများပြည်သူသုံး သန့်စင်ခန်းများအား ရပ်ရွာလူထုက စီမံခန့်ခွဲစေရန်ရည်ရွယ်ပြီး လုပ်ဆောင်သည့် ပြုပြင်ပြောင်းလဲရေးသည် လက်တွေ့တွင်မူ နိုင်ငံရေးအရထောက်ခံမှုရအောင် ဆောင်ရွက်ခြင်းတစ်ခုသာ ဖြစ်စေခဲ့ကြောင်း သုတေသနတွင် မီးမောင်းထိုးပြထားသည်။ ဒေသခံနိုင်ငံရေးသမားများသည် သူတို့၏ထောက်ခံသူများ၏ အကျိုးအမြတ်အတွက် ကန်ထရိုက်များအားအသုံးပြုပြီး အများပြည်သူသုံး သန့်စင်ခန်းများအား လည်ပတ်စေသည်။ ဤသန့်စင်ခန်းများ၏ အရိုတရားသည် နိုင်ငံရေးသမားများအတွက် များပြားသည့်ဝင်ငွေများရရှိစေပြီး ဗျူရိုကရက်တစ်စည်းကမ်းများ မရှိခြင်းနှင့်တွဲသည့်အခါ အစိုးရ၏မူဝါဒများနှင့် အစီအစဉ်များရှိသော်လည်း အများပြည်သူသုံး သန့်စင်ခန်းများ ကောင်းမွန်စွာမလည်ပတ်နိုင်တော့ပါ။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးဌာနနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအရာရှိများအနေနှင့် ထိုအများပြည်သူသုံးသန့်စင်ခန်းများအား ကွပ်ကဲနေသူများကို အရေးယူနိုင်သည့်အနေအထားမရှိသောကြောင့် အခြေအနေများအား လိုက်လံကြည့်ရှုဆောင်ရွက်ခြင်းများ မပြုလုပ်နိုင်ကြပါ။ ဒေသခံနိုင်ငံရေးသမားများတွင် အကာအကွယ်များ အလွန်အကျွံရှိကြ ရရှိနေကြသည် (Ayee နှင့် Crook ၂၀၀၃)။

## ၁.၄။ ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု၏အခြေခံမှုများက မည်သည့်အရာများ ဖြစ်သနည်း။

ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုသည်မှာ ဝန်ဆောင်မှုပေးရန်အတွက်တာဝန်ရှိသော အစိုးရနှင့်ပုဂ္ဂလိက အာဏာပိုင်များ၊ တစ်နည်းအားဖြင့် ပြောရလျှင် တာဝန်ရှိသူများ တာဝန်ခံလာအောင် တောင်းဆိုပိုင်ခွင့်ရှိသူများဖြစ်ကြသည့် နိုင်ငံသားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များက ဆောင်ရွက်နိုင်သည့် အခြေခံမှု ၃ ခုအပေါ် အခြေပြုထားသည်။ ထိုမှု ၃ ခုမှာ တာဝန်ခံဖြေရှင်းပေးနိုင်ခြင်းခြင်း၊ တုံ့ပြန်မှုရှိခြင်းနှင့် ကြပ်မတ်အရေးယူနိုင်ခြင်းတို့ ဖြစ်သည်။

ဤမှုများဖြင့် ဆန်းစစ်လေ့လာသူများသည် မည်သည့်အခြေအနေများရှိနေသည်ကိုဖော်ပြနိုင်ခြင်း သို့မဟုတ် တာဝန်ခံမှုဆက်ဆံရေးများအား ပိုမိုကောင်းမွန်လာအောင် ထိရောက်စွာ ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်းပင် ဆန်းစစ်လေ့လာသူများအနေနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများနှင့် တာဝန်ရှိသူများအကြား ခိုင်မာသော အပြန်အလှန်ထိတွေ့မှုများတွင် အခြေခံမှုများအားရှာဖွေတွေ့ရှိခြင်း ရှိ၊ မရှိကို အတည်ပြုရမည်ဖြစ်သည်။

**တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း** ဆိုသည်မှာ အစိုးရတစ်ခုက တာဝန်များဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အများပြည်သူထံ ဖြေရှင်းချက်များနှင့် ကျိုး

ကြောင်းပြချက်များ မည်မျှအတိုင်းအတာအထိ ပြုလုပ်သည်ကို တိုင်းတာသည်။ တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း၏ထိရောက်မှုမှာ အဓိကအားဖြင့် တောင်းဆိုပိုင်ခွင့်ရှိသူများအနေနှင့် ၎င်းတို့၏တောင်းဆိုမှုများအား မည်ကဲ့သို့ဖော်ထုတ်သည်အပေါ် မူတည်သလို အာဏာပိုင်များအနေနှင့် ၎င်းတို့၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဖြေရှင်းရန်အတွက် မည်မျှအနေအထား၊ လုပ်နိုင်စွမ်းရည်နှင့်လိုလားမှုရှိသည်တို့အပေါ် လည်း မူတည်သည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများ (ခရိုင် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာပုံသေနည်းများ) သို့မဟုတ် အစိုးရဝန်ထမ်းများခန့်အပ်ခြင်း၊ ကြီးကြပ် ခြင်းနှင့်ထုတ်ပယ်ခြင်းတို့အတွက် အဖွဲ့အစည်းဆိုင်ရာစည်းမျဉ်းများသည် ရွေးကောက်တင်မြှောက်ထားသော အာဏာပိုင်များနှင့် ရွေးကောက်တင်မြှောက်ခြင်းမခံရသော အာဏာပိုင်များအနေနှင့် မည်သူ့ကတာဝန်ခံပြီး ဖြေရှင်းရမည်ကို သတ်မှတ်ပေးသည်။

**တုံ့ပြန်မှုရှိခြင်း** ဆိုသည်မှာ မူဝါဒတစ်ခု သို့မဟုတ် ဥပဒေတစ်ခုအား အတည်မပြုမီ ထိုဆုံးဖြတ်ချက်တွင် ပါဝင်သည့်အရာများသည် နိုင်ငံသားများနှင့်သူတို့၏ ကိုယ်စားလှယ်များ၏အမြင်များ၊ တောင်းဆိုမှုများ သို့မဟုတ် လူ့အခွင့်အရေးမှုများအား ထင်ဟပ်ရန်အတွက် အစိုးရအရာရှိများအနေနှင့် ထိုသူများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခြင်း ရှိ၊ မရှိနှင့်ပတ်သက်သည် (International IDEA ၂၀၀၈ -၂၄)။ နိုင်ငံသားများအပေါ် ကြီးမားသည့် အတိုင်းအတာတစ်ခုအထိ ဆက်လက်တုံ့ပြန်မှုရှိနေစေရန် အစိုးရများအတွက် နိုင်ငံရေးမက်လုံးများသည် ပါတီစနစ်၊ ရွေးကောက်ပွဲစည်းမျဉ်းများနှင့် အခြားအဖွဲ့အစည်းဆိုင်ရာလုပ်ထုံးများ၏သဘာဝနှင့် ချိတ်ဆက်နေသည်။ နည်းပညာ၊ လူ့စွမ်းအား သို့မဟုတ် ဘဏ္ဍာရေးအရင်းအမြစ်များရရှိနိုင်ခြင်းက မက်လုံးများကိုလည်း ပုံဖော်ပေးနိုင်သည်။ တုံ့ပြန်မှုရှိခြင်းသည် ပြည်သူလူထုသဘောထား စစ်တမ်းကောက်ယူမှုများ၊ ပုဂ္ဂလိကအစည်းအဝေးများ၊ ထောက်ခံအားပေးရေး စည်းရုံးလှုံ့ဆော်မှုများ သို့မဟုတ် ကန့်ကွက်ဆန္ဒပြမှုများကဲ့သို့သော တာဝန်ရှိသူများနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများအကြား အလွတ်သဘော တုံ့ပြန်မှုများမှတစ်ဆင့်လည်း ဖြစ်ပေါ်နိုင်သည်။

**ဇယားကွက် ၅**

**အကောင်းဆုံးအနေအထားရှိသည့် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးတစ်ခုအတွင်းရှိ တာဝန်ရှိသူများသည် -**

- မိမိတို့၏စွမ်းဆောင်မှုနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ကြရမည့်အပြင် ရှင်းလင်းပြနိုင်ရမည်ဖြစ်ပြီး အကျိုးသင့်အကြောင်းသင့် ရှင်းပြနိုင်ရမည်၊
- တုံ့ပြန်မှုရှိပြီး နိုင်ငံသားများ၏အမြင်များနှင့်မူဝါဒဦးစားပေးမှုများအား ထည့်သွင်းပေါင်းစပ်ရမည်၊
- ကြပ်မတ်အရေးယူ၍ရသည့် ခိုင်လုံသောအကျိုးဆက်များအား ရင်ဆိုင်ရမည်။

**ကြပ်မတ်အရေးယူနိုင်ခြင်း** ဆိုသည်မှာ တာဝန်ရှိသူများ ရင်ဆိုင်ကြရမည့် သို့မဟုတ် ၎င်းတို့အနေနှင့် တုံ့ပြန်သင့်သည့် တရားဝင် သို့မဟုတ် တရားဝင်မဟုတ်သည့်အကျိုးဆက်များနှင့်ပတ်သက်သည်။ ကောင်းသော သို့မဟုတ် ဆိုးသောအကျိုးဆက်များအား ကြပ်မတ်အရေးယူနိုင်ခြင်းသည် တာဝန်ခံမှုအားမြှင့်တင်ရန်အတွက် အထောက်အကူပြုနိုင်သည်။ ထိုကဲ့သို့သောအကျိုးဆက်များကို စည်းမျဉ်းများတွင် တရားဝင်ချမှတ်နိုင်သည် သို့မဟုတ် လက်တွေ့တွင် အလွတ်သဘော လက်ခံကျင့်သုံးနိုင်သည်။ တောင်းဆိုပိုင်ခွင့်ရှိသူအချို့သည် ထိုအကျိုးဆက်များအား ကြပ်မတ်အရေးယူနိုင်ရန် အာဏာအပ်နှင်းခံထားရနိုင်ဖွယ်ရှိပြီး ဥပမာအားဖြင့် အမြင့်ဆုံးအာဏာပိုင် စာရင်းစစ်အဖွဲ့အစည်းများသည် စီရင်ချက်များပြုလုပ်ရန် တရားရေးနှင့်အုပ်ချုပ်ရေး အခွင့်အာဏာရှိသကဲ့သို့ လွှတ်တော်ကော်မတီများသည် မူဝါဒမူဘောင်တစ်ခုတွင် ပြောင်းလဲမှုများပြုလုပ်ရန် တောင်းဆိုနိုင်သည် သို့မဟုတ် တရားရုံးတစ်ခုသည် မမှန်ကန်သည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုအား ပယ်ဖျက်ရန်အာဏာရှိသည်။ တရားဝင်ကြပ်မတ်အရေးယူမှုအာဏာများမရှိသော တောင်းဆိုပိုင်ခွင့်ရှိသူများ (နိုင်ငံသားအုပ်စုများ၊ စုံစမ်းစစ်ဆေးရန်အာဏာမရှိသည့် လွှတ်တော်ကော်မတီများ သို့မဟုတ် အချို့နိုင်ငံများရှိ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ၏ ရုံးများကဲ့သို့သော) သည် ထိုကဲ့သို့သော အာဏာများအပ်နှံထားသည့် အေဂျင်စီများနှင့် ထိတွေ့ဆောင်ရွက်ရန် လိုအပ်လိမ့်မည်။ ထိုကြပ်မတ် အရေးယူရေးအေဂျင်စီများ၏ ဘဏ္ဍာရေးနှင့် နိုင်ငံရေးလုပ်ပိုင်ခွင့်အတိုင်းအတာသည် အကျိုးဆက်များရှိနိုင် ခြေရှိ/မရှိအပေါ် သက်ရောက်မှုရှိသည်။

**ဇယားကွက် ၆** **အကောင်းဆုံးအနေအထားရှိသည့် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးတစ်ခုအတွင်းရှိ တောင်းဆိုပိုင်ခွင့်ရှိသူများသည် -**

- တာဝန်ရှိသူများ၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်သည့် အချက်အလက်များအား ရယူနိုင်သည်၊
- တာဝန်ရှိသူများအား မေးခွန်းထုတ်နိုင်သည်၊
- မူဝါဒများတွင်ပါရှိသည့်အရာများနှင့်ပတ်သက်ပြီး ပြောဆိုနိုင်ခွင့်ရှိသည်၊
- တာဝန်ရှိသူများ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်သည့် အကျိုးဆက်များအား တာဝန်ယူစေနိုင်သည်။

ပါဝင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့သည် ယင်းဒီမိုကရေစီအခြေခံမှု ၃ ရပ်အား အကောင်အထည်ဖော်နိုင်မည့် အလားအလာရှိသည်။ ပါဝင်ခြင်းထဲတွင် အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ခွင့်၊ စုဝေးနိုင်ခွင့်၊ ထင်မြင်ယူဆချက်များအား ထုတ်ဖော်နိုင်ခွင့်နှင့်

မူဝါဒလုပ်ငန်းစဉ်အပေါ် လွှမ်းမိုးနိုင်ခွင့် အစရှိသောလူ့အခွင့်အရေးများ ပါဝင်သည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုများ၊ အစီအစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အစိုးရနှင့်နိုင်ငံသားများအကြား သို့မဟုတ် အစိုးရအေဂျင်စီတစ်ခုနှင့်တစ်ခုအကြားရှိသည့် ကတိကဝတ်များနှင့်ပတ်သက်သည့် ပွင့်လင်းပြီး မှန်ကန်တိကျကာ လက်လှမ်းမီနိုင်သည့်အချက်အလက်များ ရရှိနိုင်ခြင်းကို ဆိုလိုသည်။

ၚင်းတို့သည် တာဝန်ခံမှုယန္တရားများနှင့် မည်ကဲ့သို့ချိတ်ဆက်သည်ဆိုသည်တို့အား ထိုအခြေခံမှုများနှင့် ဆန်းစစ်သည့်အခါ ၚင်းတို့အား တန်းတူညီမျှစွာအသုံးချခြင်း ရှိ၊ မရှိ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်းမှ အုပ်စုအချို့အပေါ် ဘေးဖယ်ထားခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများရှိ၊မရှိတို့အပေါ် အာရုံစိုက်ရန်လိုအပ်သည်။ ထို့အပြင် နိုင်ငံရေးသမားများအတွက် နိုင်ငံရေးမက်လုံးများနှင့် နိုင်ငံရေးစနစ်များက လူဦးရေအား ကိုယ်စားမပြုနိုင် ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးသည့်အစိတ်အပိုင်းများဖြစ်သည်။ ဥပမာအားဖြင့် တာဝန်ရှိသူများထံမှ အဖြေများတောင်းဆိုရန်အတွက် အမျိုးသမီးများတွင် အမျိုးသားများကဲ့သို့ စွမ်းရည်နှင့်နေရာရှိပါသလား။ အစိုးရအာဏာပိုင်များသည် ဆင်းရဲနွမ်းပါးသူများအပေါ် ချမ်းသာကြွယ်ဝသူများကဲ့သို့ တုံ့ပြန်မှုပေးပါသလား။

**ဖယားကွက် ၇ - ဂါနာနိုင်ငံတွင် မူလတန်းကျောင်းများ၌ ဆရာများ ကျောင်းပျက်ကွက်ခြင်းအား လျှော့ချခြင်း**

'ဆရာများ၏လစာများအတွက် ၚင်း၏ပညာရေးဘတ်ဂျက်၏ ၈၀ ရာခိုင်နှုန်းအားသုံးစွဲသည့်နိုင်ငံတစ်နိုင်ငံတွင် ဆရာများ ကျောင်းပျက်ကွက်ခြင်းသည် ပညာရေးအတွက် အစိုးရ၏သုံးစွဲမှုတွင် သိသာထင်ရှားသည့်လေလွင့် ဆုံးရှုံးမှုအဖြစ်သို့ ဦးတည်နိုင်သည်။ ဂါနာနိုင်ငံတွင် ဆရာများသည် အတန်း မကြာခဏပျက်ကွက်ကြကြောင်းကို ကျယ်ပြန့်စွာသိရှိပြီးနောက် မူလတန်းကျောင်းများတွင် ကျောင်းပျက်ကွက်မှုပမာဏအား အရေအတွက် အခြေပြု၍တိုင်းတာရန်နှင့် ဤကြာမြင့်စွာဖြစ်ပွားနေသည့် ပြဿနာအတွက် ဖြစ်ပွားပုံအလေ့အထများ၊ အလားအလာရှိသည့် အကြောင်းရင်းများနှင့် ဖြေရှင်းနည်းများအား ပိုမိုနီးကပ်စွာစောင့်ကြည့်ရန် ဒီမိုကရက်တစ်ဖွံ့ဖြိုးရေးဆိုင်ရာ ဂါနာစင်တာ (CDD-Ghana) သည် ဆုံးဖြတ်ခဲ့သည်။'

'ကျောင်းတွင် ဆရာများအကြား ကျောင်းပျက်ကွက်မှုများကို လေ့လာရန် ၂၀၀၈ ခုနှစ်အစောပိုင်းတွင် CDD-Ghana သုတေသနအဖွဲ့သည် အစိုးရမူလတန်းကျောင်း ၃၀ သို့ လေ့လာရေးခရီးစဉ် အကြိမ်ပေါင်းများစွာ စတင်သွားရောက်ခဲ့သည်။ ကျောင်းတစ်ကျောင်းစီတွင် ပြုလုပ်သည့် ပထမဆုံးလေ့လာမှုတွင် ဆရာများနှင့်

ကျောင်းများ၏ သွင်ပြင်လက္ခဏာများအကြောင်းနှင့် ကျန်းမာရေးစင်တာများနှင့် ဘဏ်များကဲ့သို့သော အခြားအထောက်အပံ့များနှင့် ကျောင်းများ၏ ထိစပ်မှုအကြောင်းများနှင့်ပတ်သက်ပြီး အရေအတွက်နှင့်အရည်အသွေး အခြေပြုသည့်အချက်အလက်များအား ကောက်ယူခဲ့သည်။ နောက်ဆက်တွဲ လေ့လာမှုအနည်းဆုံးနှစ်ခုတွင် ခရိုင်ပညာရေးဦးစီးဌာနများထံမှရရှိသည့် တာဝန်ကျအမည်စာရင်းတစ်ခုနှင့်ယှဉ်၍ ဆရာများ၏ ကျောင်းတက်ရောက်မှုကို စိစစ်ခဲ့သည်။ နောက်ဆုံးအနေနှင့် CDD-Ghana အဖွဲ့သည် ကျောင်းပျက်ကွက်ရသည့်အကြောင်းရင်းများနှင့် စောင့်ကြည့်လေ့လာခြင်းသို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းများပြုလုပ်ခြင်း ရှိမရှိကို သိရှိရန်အတွက် ဦးတည်အုပ်စုဆွေးနွေးမှု (focus-group discussions) များကို မိဘ-ဆရာအသင်းအဖွဲ့များ၊ ကျောင်းစီမံခန့်ခွဲရေးကော်မတီများနှင့် လုပ်ဆောင်ခဲ့သည်။'

'CDD-Ghana ၏ လေ့လာရေးခရီးစဉ် အနည်းဆုံးတစ်ခုတွင် ဆရာများ၏ ၄၇ ရာခိုင်နှုန်းက ကျောင်းပျက်ကွက်သည်ကို တွေ့ရှိခဲ့ကာ၊ နမူနာကောက်ယူသည့် ဆရာ ၁၉၂ ဦးအတွက် ပျမ်းမျှကျောင်းပျက်ကွက်မှုနှုန်းမှာ ၂၇ ရာခိုင်နှုန်းရှိခဲ့သည်။ နာမကျန်းဖြစ်ခြင်းနှင့် ဆေးစစ်ခြင်းများသည် ကျောင်းပျက်ကွက်ခြင်းအတွက် အကြောင်းပြချက်များဖြစ်သော်လည်း အခြားဖော်ပြလေ့ရှိသည့် ကျောင်းပျက်ကွက်ရခြင်း၏ အကြောင်းတစ်ခုမှာ "အဝေးသင်ပို့ချချက်များတွင် တက်ရောက်ရန်" [သောကြာနေ့များတွင်] ဖြစ်သည်။ နိုင်ငံအနှံ့ရှိတက္ကသိုလ်များကပြုလုပ်သည့် သင်ကြားရေးအစီအစဉ်များအား မူလတန်းနှင့်အလယ်တန်းကျောင်းများပြီး နောက်တွင် သောကြာနေ့များမှစတင်ကာ စနေနှင့်တနင်္ဂနွေနေ့များတွင် ပြုလုပ်ကြသည်။ သို့သော်လည်း အစီအစဉ်များတက်ရောက်ရန်အတွက် တက္ကသိုလ်နှင့်ဝေးလံသော နေရာများတွင် တာဝန်ကျသောဆရားများအနေနှင့် အချိန်မီရောက်ရန်အတွက် အတန်းမှစောစီးစွာထွက်ခွာရန် လိုအပ်သည်။'

CDD-Ghana သည် ဤဖြစ်ရပ်အား သတင်းစာဆရာများထံသို့ ပေးပို့ပြီးနောက် စိတ်အားထက်သန် သည့်တုံ့ပြန်မှု တစ်ခုလက်ခံရရှိခဲ့သည်။ သတင်းစာခြောက်စောင်တွင် သုတေသနတွေ့ရှိချက်များနှင့် ပတ်သက်သည့်ဆောင်းပါးများပါလာခဲ့သည်။ အတန်းနှင့်သင်ကြားရေးအချိန်များ တိုက်နေခြင်းမရှိစေရန်အတွက် သင်တန်းချိန်ဇယားအား ပြန်လည်ရေးဆွဲရန် ဂါနာပညာရေးဌာန (GES) ၏ အခြေခံပညာရေးညွှန်ကြားရေးမှူးအပါအဝင် အစိုးရအာဏာပိုင်များအား CDD-Ghana က အကြံပြုခဲ့သည်။ ထိုအကြံပြုချက်ကြောင့် GES က အစီအစဉ်အား ပြင်ဆင်ရေးဆွဲခဲ့သည်။ CDD-Ghana သည် ထိုပြဿနာအားတင်ပြရာတွင် တာဝန်ရှိသူများ သတိထားမိရန် ပြုလုပ်နိုင်သည့်အပြင် တစ်ချိန်တည်းမှာပင် လွယ်ကူစွာဆောင်ရွက်နိုင်သည့် အလားအလာရှိသော အဖြေကိုလည်း တင်ပြနိုင်ခဲ့သည်။

*ရင်းမြစ် - Heck နှင့် Tolmie ၂၀၁၂ ၂၂-၂၄*

# အခန်း ၂

## ဆန်းစစ်လေ့လာမှု မူဘောင်

# ဆန်းစစ်လေ့လာမှု မူဘောင်

ဝန်ဆောင်မှုပေးရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုကို မြှင့်တင်ရန်ရည်ရွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ ဖော်ထုတ်ရာ၌ အထောက်အကူဖြစ်စေရန် ဆန်းစစ်လေ့လာမှုမူဘောင်ကို ရေးဆွဲထားခြင်းဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီမူများနှင့် မူဝါဒလုပ်ငန်းစဉ်များအကြားရှိ ဆုံချက်အပေါ် အာရုံစိုက်သည်။ ဒီမိုကရေစီ လုပ်ထုံးများအား ပြည့်ဝစွာကျင့်သုံးခြင်းရှိမရှိကို မေးမြန်းသည်။ ယခုမူဘောင်သည် လုပ်ငန်းဆောင်ရွက် ဆောင်ရွက်မှုအား အလေးပေးသည့်နည်းနာဗေဒတစ်ခုဖြစ်ပြီး မူဘောင်အားအသုံးပြုသူများအား တာဝန်ခံမှု လျော့ကျသည့်နေရာများတွင် ပိုမိုကောင်းမွန်အောင် ဖန်တီးခွင့်ပေးထားသည်။ မူဘောင်သည် သုတေသန၊ ဆောင်ရွက်သူမျိုးစုံတို့၏ များပြားသောအတွေ့အကြုံများနှင့် International IDEA ၏ ဒီမိုကရေစီရေချိန်နှင့် ဒေသန္တရဒီမိုကရေစီရေချိန် ဆန်းစစ်လေ့လာမှုများကို အသုံးချခြင်းတို့အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည် (International IDEA 2008 နှင့် International IDEA 2013b)။

## ၂.၁။ မူဘောင်၏ ယုတ္တိဗေဒ

အကဲဖြတ်မူဘောင်၏အဓိကယူဆချက်မှာ အစိုးရ၏အဆင့်မျိုးစုံတွင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း၌ တာဝန်ခံမှုကိုမြှင့်တင်ခြင်းဖြစ်ပြီး ဒီမိုကရေစီအား တရားဝင်ဖြစ်စေပြီးတောင့်တင်း ခိုင်မာစေသည့်အပြင် ပေးသည့်ဝန်ဆောင်မှုများ၏အရည်အသွေးသည်လည်း နောက်ဆုံးတွင် မြင့်တက်လာစေကာ အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများနှင့် မိန်းကလေးများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးစွာ နေထိုင်သူများ၏ ဘဝများကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ လက်တွေ့တွင် နိုင်ငံရေးသည် ပို၍ ရှုပ်ထွေးမည်ဖြစ်ပြီး အနေအထားများ ပိုမိုကောင်းမွန်လာရေးအတွက် စီစဉ်ရန်နှင့် ပြောင်းလဲမှုများ ဖော်ဆောင်ရန်အတွက် ယေဘုယျအားဖြင့် နိုင်ငံရေးသမားများအပြင် ပြည်သူတို့တွင်ပါ နေရာ၊ လုပ်နိုင်စွမ်းရည်နှင့်မက်လုံးများ ရှိချင်မှ ရှိကြမည်ဖြစ်သည်။ ထိုကဲ့သို့သောလက်တွေ့အနေအထားအား စစ်ဆေးခြင်းသည် ဆန်းစစ်လေ့လာရေး

လုပ်ငန်းလုပ်ဆောင်ရန် အဟန့်အတားဖြစ်စရာအကြောင်း လုံးဝမဖြစ်စေဘဲ မျှော်မှန်းချက်များကိုစီမံကိုင်တွယ်ကာ ဆန်းစစ်လေ့လာရေးလုပ်ငန်းများမည်သို့ လုပ်ဆောင်မည်နှင့် တွေ့ရှိချက်များကိုမည်သို့ အသုံးပြုမည်ဆိုသည်တို့နှင့်ပတ်သက်သည့် နည်းဗျူဟာများ ပိုမိုကောင်းမွန်လာစေရေးသာဖြစ်ရမည်။

အချက်အလက်များအား ဆန်းစစ်ခြင်းနှင့်ပိုင်းခြားစိတ်ဖြာခြင်းအားဖြင့် မူဘောင်အသုံးပြုသူများအနေနှင့် မူဝါဒလုပ်ငန်းစဉ်တစ်ခုလုံးရှိ ဝန်ဆောင်မှုပြဿနာများအတွက် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးများကို ဆန်းစစ်နိုင်မည်ဖြစ်ပြီး ၎င်းတို့ကို ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်နိုင်ရန်အတွက် အရေးယူဆောင်ရွက်မှုများအား ဖြစ်ပေါ်လာနိုင်သည်။ ဆက်ဆံရေးများကို ဆန်းစစ်ရာတွင် တရားဝင်လုပ်ထုံးများ သို့မဟုတ် အလွတ်သဘောလုပ်ထုံးများကို အထက်တွင်ရည်ညွှန်းထားသည့် မူ ၃ ခုနှင့်အညီ ဆန်းစစ်ရမည် ဖြစ်သည် (အခန်း ၁.၄ တွင် ကြည့်ပါ)။ ဥပမာအားဖြင့် ကလေးများ၏ပညာရေး ရပိုင်ခွင့်အခွင့်အရေး၊ အမျိုးသမီးများ၏အခွင့်အရေးတွင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး သို့မဟုတ် လုံခြုံစိတ်ချရသည့်သောက်သုံးရေပေးရေးတို့အား မူဝါဒများအရဦးစားပေးနိုင်သော်လည်း လက်တွေ့တွင် ရန်ပုံငွေများအား လွဲမှား၍ခွဲဝေချထားခြင်း၊ အသုံးစရိတ်ကွင်းဆက်များတလျှောက် ယိုစီးမှုဖြစ်ပွားခြင်းနှင့် မမျှတသည့်ဝန်ဆောင်မှုများ ဖြန့်ဖြူးတို့ကဲ့သို့သော ပြဿနာများကြောင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ခံယူမှုမရှိခြင်းဖြစ်စေသည်။ နောက်ဆုံးတွင် ကလေးများသည် အရည်အသွေးနိမ့်သည့်ပညာရေးသာရရှိနိုင်ဖွယ်ရှိပြီး၊ အမျိုးသမီးများသည် ယင်း လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီကောင်းမှမီမည်ဖြစ်ကာ ဘေးကင်းသည့်သောက်သုံးရေလည်း ရရှိချင်မှရရှိမည်ဖြစ်သည်။

## ၂.၂။ မူဘောင်၏နယ်ပယ်ဆိုသည်မှာ အဘယ်နည်း။

အစိုးရအာဏာပိုင်များ သို့မဟုတ် အခြားဝန်ဆောင်မှုပေးသူများအား ဒီမိုကရေစီနည်းလမ်းများဖြင့် တာဝန်ခံစေနိုင်မည့်အတိုင်းအတာကို ယခုမူဘောင်က ပစ်မှတ်ထားသည်။ တာဝန်ခံမှု ပိုမိုကောင်းမွန်လာစေရန်အတွက် ရွေးချယ်စရာနည်းလမ်းများကို ဆန်းစစ်လေ့လာသူများက အကြံပြုပေးနိုင်သည် ဆိုသောအဓိပ္ပာယ်ပင်ဖြစ်သည်။ ယင်းတို့၏သဘာဝ သို့မဟုတ် အဖွဲ့အစည်းများက မည်သို့ပင်ရှိစေကာမူ ပြည်သူ့ဝန်ဆောင်မှုနယ်ပယ်အား ကျယ်ကျယ်ပြန့်ပြန့်ဆန်းစစ်ရန် ယခုအထိ ဤလမ်းညွှန်တွင်ပါဝင်သည့် နည်းလမ်းများကို တိုက်ရိုက်အသုံးပြုနိုင်သလို အနေအထားအလိုက် ပြင်ဆင်ပြီးလည်း အသုံးပြုသွားနိုင်သည်။ ပုံစံတကျလုပ်ငန်းစဉ်များကိုကျော်လွန်၍ကြည့်ပြီး ထိုဝန်ဆောင်မှုများသည် လက်တွေ့တွင် မည်ကဲ့သို့အလုပ်ဖြစ်သည်နှင့် တာဝန်ရှိသူများနှင့်တောင်း

ဆိုပိုင်ခွင့်ရှိသူများ၏ ဆောင်ရွက်မှုများရှိသော်လည်း မည်သည့်အကြောင်းကြောင့် ထို ပြဿနာများ ဆက်လက်တည်ရှိနေရခြင်းတို့ကို အာရုံစိုက်ရန်သာ ပဓာနကျသည်။ နိုင်ငံရေး လုပ်ကိုင်ဆောင်ရွက်သူများနှင့် တရားဝင်နိုင်ငံရေးဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တို့ကိုသာ ဆန်းစစ်လေ့လာရေးအဖွဲ့များ ပိုင်းခြားစိတ်ဖြာရမည်မဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွင်းအာဏာဖွဲ့စည်းတည်ဆောက်ပုံများနှင့် ဆက်ဆံရေးများ၊ တက်ကြွလှုပ်ရှားသူများအနေနှင့် စုပေါင်းပြီးထိတွေ့လှုပ်ရှားနိုင်သည့် လုပ်နိုင်စွမ်းရည်နှင့် နေရာနှင့် လက်ရှိအနေအထားကိုရှင်းပြသည့် သမိုင်းကြောင်းဆိုင်ရာ အမွေအနှစ်များကဲ့သို့သော ပိုမိုကျယ်ပြန့်သည့်ကိစ္စရပ်များကိုလည်း ပိုင်းခြားစိတ်ဖြာမှုပြုလုပ်ရန် လိုအပ်သည်။

ဥပမာအားဖြင့် အစိတ်စိတ်အမြွာမြွာဖြစ်ခြင်းနှင့် ဖယ်ထုတ်ထားခြင်းတို့ကြောင့် ကွဲအက်နေသော လူ့အဖွဲ့အစည်းများတွင် ဝန်ဆောင်မှုပေးခြင်းကို ပျက်ပြားစေနိုင်ကြောင်း သုတေသနတွင်တွေ့ရှိသည်။ ထိုသို့သော ကိစ္စရပ်များတွင် ဦးဆောင်မှုကို အလေးထားသည့် သို့မဟုတ် ကိုယ်ပိုင်လက္ခဏာအခြေပြုသည့် မဟာဗျူဟာများထက်ကို ပြသနိုင်သူများထက် မူဝါဒပိုင်းဆိုင်ရာအလေးထားခြင်းမရှိသည့် ကိုယ်စားလှယ်လောင်းများက အာဏာရလေ့ရှိသည် (Wild et al. ၂၀၁၂)။

ထို့အပြင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာပြဿနာများသည် ကဏ္ဍများကြားနှင့်ကဏ္ဍများအနှံ့တွင် တစ်ခုနှင့်တစ်ခုထပ်နေမှုများ သို့မဟုတ် ကွဲလွဲဆန့်ကျင်မှုများရှိသည့်မူဝါဒများ၊ အခွင့်အာဏာများနှင့်အစီ အစဉ်များအပြင် အကောင်အထည်ဖော်ခြင်းအစီအစဉ်နှင့် ရန်ပုံငွေမရှိသော မဟာမူဝါဒများနှင့်လည်း ဆက်စပ်နေတတ်သည်။ ထိုသို့သောဥပမာ တစ်ခုအား ဇယားကွက် ၈ တွင် ဖော်ပြထားသည်။

**ဇယားကွက် ၈** **ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုအတွက် အတားအဆီးများ**

၂၀၀၂ ခုနှစ်တွင် ကင်ညာနိုင်ငံ၌ပြုလုပ်သော ရေကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုအစီအစဉ်တစ်ခုတွင် အစိုးရက အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအနေနှင့် ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်မှုရှိသော အစိုးရတစ်ပိုင်းအဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အေဂျင်စီ အရေအတွက်များစွာထူထောင်ခဲ့သည်။ အလျားလိုက် ညှိနှိုင်းဆောင်ရွက်မှုများတွင် အနည်းဆုံးဝန်ကြီးဌာန ၁၀ ခုပါဝင်ခဲ့သည်။ ထို့အပြင် ဗဟိုအုပ်ချုပ်မှုဖြေလျှော့ခြင်းကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် ဒေသခံအဖွဲ့အစည်းများစွာပေါ်ထွက်လာစေသည်။ ထိုကဲ့သို့သော လုပ်ကိုင်ဆောင်ရွက်သူ အရေအတွက် ဖောင်းပွလာခြင်းနှင့်အတူ အလှူရှင်ရန်ပုံငွေအမြောက်အမြား စီးဝင်လာမှုတို့ကြောင့် အကျင့်ပျက်ခြစားမှုဖြစ်ပေါ်နိုင်ရန်အတွက် အခွင့်အလမ်းများစွာ ဖြစ်ပေါ်စေသည်။ ထိုကဲ့သို့သောရှုပ်ထွေးနေသည့် တာဝန်ဝတ္တရားများ ပုံစံရှိသောအနေအထားများတွင်

နိုင်ငံသားများအနေနှင့် သောက်သုံးရေမရရှိခြင်းအတွက် ၎င်းတို့၏ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များအား တာဝန်ခံယူစေရန် အခက်အခဲများရှိမည်ဖြစ်သည် (Rampa with Piñol Puig 2011)။

## ၂.၃။ ဆန်းစစ်လေ့လာမှုမှုဘောင်၏သွင်ပြင်လက္ခဏာတွေက မည်သည့်အရာများဖြစ်သနည်း။

မူဘောင်သည် ပြဿနာများ သို့မဟုတ် တာဝန်ခံမှုနှင့်ပတ်သက်သည့်ဟာကွက်များအား ဖော်ထုတ်ခြင်းများကိုသာ ဦးတည်ခြင်းမဟုတ်ဘဲ ၎င်းတို့အား မည်ကဲ့သို့ကျော်လွှားနိုင်မည်ဆိုသည့်အပေါ်တွင်လည်း ဦးတည်သည်။ ပြုပြင်ပြောင်းလဲမှုဆီသို့ဦးတည်သည့် ဖြစ်နိုင်ခြေရှိသောလုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုများအား ဖန်တီးရန်အတွက် ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်သည် ဒေသဆိုင်ရာပိုင်ဆိုင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေါ်စေသည့် သွင်ပြင်လက္ခဏာအချို့အား ပြသရန်လိုအပ်သည်။ ပို၍တိတိကျကျပြောရလျှင် မူဘောင်အား ပုံဖော်ရာတွင် -

- ဝန်ဆောင်မှု အသေးစိတ်အချက်အလက်များ - တစ်စုံတရာသောဝန်ဆောင်မှုကိုသာ ဦးတည်သည့်အလျောက် ထိုသို့သောဝန်ဆောင်မှုများတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုယန္တရားများ မည်ကဲ့သို့ စွမ်းဆောင်သနည်း။
- ပြဿနာအခြေပြု - မူဝါဒလုပ်ငန်းစဉ်၌ သတ်မှတ်ထားသည့်အပိုင်းများတွင် လေ့လာဆန်းစစ်ရန်ရည်မှန်းထားသည့် တစ်စုံတစ်ရာသောပြဿနာများအား ဖော်ထုတ်ရန်လိုအပ်သောကြောင့်ဖြစ်သည်။
- လက်တွေ့လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုကို အလေးပေးခြင်း - မူဝါဒကွင်းဆက်တလျှောက်ရှိ တာဝန်ခံမှုဆိုင်ရာအစီအစဉ်များအား တိုးတက်စေရန်အတွက် အခြေခံအနေနှင့်စတင်ပြုလုပ်ရမည့် အလုပ်အားချမှတ်ပြီး၊ ထိုမှတစ်ဆင့် ဖြည့်ဆည်းပေးသူများအနေနှင့် သူတို့၏တာဝန်များမကျေပွန်သည့်အခါ ပြုပြင်ခြင်းဆိုင်ရာ နည်းလမ်းများ ပေးနိုင်ရန်ဖြစ်သည်၊
- အားလုံးပါဝင်စေခြင်း - အများပြည်သူဝန်ဆောင်မှုများပေးပို့ခြင်းတွင် တာဝန် ခံယူမှုရှိခြင်းအား ပိုင်းခြားစိတ်ဖြာရာ၌ နိုင်ငံရေးဆောင်ရွက်သူမျိုးစုံနှင့် အခြားအကျိုးသက်ရောက်သူများအား ပေါင်းစည်းပေးရန်အတွက် လမ်းဖွင့်ပေးထားသည်။

*ပုံ ၂ - ဆန်းစစ်လေ့လာမှု အခြေခံမူဘောင်*

| အခြေခံမူ | ဆန်းစစ်လေ့လာမှု အခြေခံမူဘောင် | | |
|---|---|---|---|
| | အစီအစဉ်ရေးဆွဲခြင်း | မူဝါဒချမှတ်ခြင်း | အကောင်အထည်ဖော်ခြင်း |
| **တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း** | [အစီအစဉ်ရေးဆွဲခြင်း တာဂန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှအထိ တာဝန်ခံ ဖြေရှင်းပေး နိုင်မည်နည်း။ | [မူဝါဒချမှတ်ခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့် ရှိသူ] အား မည်မျှ အထိ တာဝန်ခံဖြေရှင်း ပေးနိုင်မည်နည်း။ | [အကောင်အထည်ဖော် ခြင်းတာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်း ဆိုပိုင်ခွင့်ရှိသူ] အား မည်မျှ အထိ တာဝန်ခံဖြေရှင်းပေး နိုင်မည်နည်း။ |
| **တုံ့ပြန်မှုရှိခြင်း** | [အစီအစဉ်ရေးဆွဲခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှတုံ့ပြန်မှုရှိ သနည်း။ | [မူဝါဒချမှတ်ခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့် ရှိသူ] အား မည်မျှ တုံ့ပြန်မှုရှိသနည်း။ | [အကောင်အထည်ဖော် ခြင်းတာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်း ဆိုပိုင်ခွင့်ရှိသူ] အား မည်မျှတုံ့ပြန်မှု ရှိသနည်း။ |
| **ကြပ်မတ်အရေး ယူနိုင်ခြင်း** | [အစီအစဉ်ရေးဆွဲခြင်း တာဝန်] အတွက် [တောင်းဆိုပိုင်ခွင့် ရှိသူ] က [တာဝန်ရှိသူ] အား အကျိုးဆက်များ အပေါ် မည်သည့်အတိုင်း အတာအထိ တာဝန်ယူ စေနိုင်ပြီး ကြပ်မတ် အရေးယူနိုင်မည်နည်း။ | [မူဝါဒချမှတ်ခြင်း တာဝန်] အတွက် [တောင်းဆိုပိုင်ခွင့် ရှိသူ] က [တာဝန်ရှိ သူ] အား အကျိုးဆက် များအပေါ် မည်သည့် အတိုင်းအတာအထိ တာဝန်ယူစေနိုင်ပြီး ကြပ်မတ် အရေးယူနိုင် မည်နည်း။ | [အကောင်အထည်ဖော် ခြင်းတာဝန်] အတွက် [တောင်းဆိုပိုင်ခွင့်ရှိသူ] က [တာဝန်ရှိသူ] အား အကျိုး ဆက်များအပေါ် မည်သည့် အတိုင်းအတာအထိ တာဝန်ယူစေနိုင်ပြီး ကြပ်မတ် အရေးယူနိုင် မည်နည်း။ |

# အခန်း ၃

## လုပ်ငန်းစဉ်၊ အောင်မြင်မှုမှတ်တိုင်များနှင့် ဆန်းစစ်လေ့လာမှု၏ လုပ်ငန်းအဆင့်များ

# လုပ်ငန်းစဉ်၊ အောင်မြင်မှုမှတ်တိုင်များနှင့် ဆန်းစစ်လေ့လာမှု၏ လုပ်ငန်းအဆင့်များ

## ၃.၁။ ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်း

တရားမဝင်မဟုတ်ဘဲအခြေချနေထိုင်နေကြသောနေရာတစ်ခုရှိ လူထုအခြေပြုသည့်အဖွဲ့အစည်းတစ်ခုအတွက် လုပ်ကိုင်နေကြသော အမျိုးသမီးနှင့်အမျိုးသားအုပ်စုတစ်ခုအား ကျွန်ုပ်တို့ စိတ်ကူးကြည့်ကြပါစို့။ ၎င်းတို့ပါဝင် ဆောင်ရွက်ခြင်းဖြင့် အပြောင်းအလဲများဖြစ်နိုင်သည့်နေရာများအား ဖော်ထုတ်ရန်နှင့် ထိုကဲ့သို့သောပြုပြင် ပြောင်းလဲမှုများအား မည်ကဲ့သို့ထောက်ခံအားပေးနိုင်သည်ကို သိရှိနိုင်ရန်အတွက် ၎င်း၏အနီးအနားတွင်ရှိသည့်အများပြည်သူဝန်ဆောင်မှုပေးရေးဆိုင်ရာပြဿနာများအကြောင်းကို ၎င်းတို့အနေနှင့် ပို၍သိလိုကြသည်။ သို့မဟုတ် မြူနီစီပယ်အထောက်အပံ့ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ရပ်ရွာ၏တုံ့ပြန်မှုအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက် ကောင်းမွန်လာစေရန်အတွက် ကြိုးပမ်းနေသော မြူနီစီပယ်အရာရှိတစ်ဦးအား ကျွန်ုပ်တို့ စိတ်ကူးကြည့်ကြပါစို့။ ထိုသို့သောအုပ်စုများအား 'စတင်ဆောင်ရွက်သူများ' ဟု ခေါ်နိုင်ပါသည်။

စတင်ဆောင်ရွက်သူများ၌ တရားမဝင်မဟုတ်ဘဲအခြေချနေထိုင်မှုတွင် အညစ်အကြေးအစိုင်အခဲစီမံခန့်ခွဲမှုမရှိ ခြင်း သို့မဟုတ် ပညာရေးအရည်အသွေးနိမ့်ခြင်းကဲ့သို့သော ဝန်ဆောင်မှုတစ်ခုနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိသည်။ ၎င်းတို့သည် ဆက်သွယ်ရေးလမ်းကြောင်းများ သို့မဟုတ် ၎င်းတို့၏ စိုးရိမ်မှုအသံများကို ဖော်ထုတ်ရန်အခွင့်အလမ်းများ ဖန်တီးခြင်းအားဖြင့် ဝန်ဆောင်မှုပေးခြင်းကို တိုးတက်ကောင်းမွန်လာစေလိုကြသည်။ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများသည် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ၎င်းတို့၏ အသိပညာများမှရရှိခြင်းဖြစ်သောကြောင့် ဆန်းစစ်လေ့လာမှုတစ်ခုကိုတွန်းအားပေးရန် အကျိုးသက်ရောက်သူမျိုးစုံတို့အား လှုံ့ဆော်ခြင်းကို အထောက်အကူပေးရန်အတွက် ကောင်းမွန်သည့်အနေအထားတစ်ခုတွင် ရှိကြသည်။ ဤလမ်းညွှန်သည် ထိုကဲ့သို့သော တွန်းအားပေးသူများအား ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် ရည်ညွှန်းမည်ဖြစ်သည်။ စတင်ဆောင်ရွက်သူများသည် ဆန်းစစ်လေ့လာသူများနှင့် ဒေသအဆင့်နှင့်နိုင်ငံအဆင့်

## ပုံ ၃ - ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်

**ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်း**

- ဆန်းစစ်လေ့လာခြင်း၏ ရည်မှန်းချက်များကို မည်သို့ချမှတ်မည်နည်း။
- ဆန်းစစ်လေ့လာရေးအဖွဲ့ကို မည်သို့ဖွဲ့စည်းမည်နည်း။
- အစီအစဉ်နှင့် ဘက်ဂျက်ကို မည်သို့ရေးဆွဲမည်နည်း။

**အားဖြည့်ခြင်း**

- အကြံပေးအဖွဲ့ကို မည်သို့ဖွဲ့စည်းမည်နည်း။
- ဩဇာလွှမ်းမိုးမှုရအောင် မည်သို့ဆောင်ရွက်မည်နည်း။

**ဦးတည်ရာလမ်းကြောင်းရေးဆွဲခြင်း**

- မူဂါဒလုပ်ငန်းစဉ်ကို မည်သို့ပုံကြမ်းဖော်မည်နည်း။
- ပြဿနာကို ပိုမိုထိရောက်အောင်မည်သို့ ဦးတည်မည်နည်း။
- တာဂန်ခံမှုဆက်ဆံရေးကို မည်သို့ခြေရာခံမည်နည်း။

**အဖြေရှာခြင်း**

- မေးခွန်းများကို မည်သို့ပြင်ဆင်မည်နည်း။
- သတင်းအချက်အလက်များကို မည်သို့စုဆောင်းမည်နည်း။

**တွေ့ရှိချက်များရှာ အသုံးပြုခြင်း**

- လေ့လာဆန်းစစ်ထားသည့်ရလဒ်များကို မည်သို့ ပိုင်းခြားစိတ်ဖြာမည်နည်း။
- တွေ့ရှိချက်များကို မည်သို့ဖမ်းဆုပ်ပြီး ကောက်ချက်ဆွဲမည်နည်း။
- အကြံပြုချက်များမည်သို့ ဖော်ထုတ်မည်နည်း။

**မှန်ကန်အောင်ဆောင်ရွက်ခြင်း**

- တွေ့ရှိချက်များနှင့် အဆိုပြုချက်များကို မည်သို့တင်ပြမည်နည်း။
- တွေ့ရှိချက်များနှင့် အဆိုပြုချက်များကို ခိုင်လုံအောင်မည်သို့ဆောင်ရွက်မည်နည်း။

**ဩဇာလွှမ်းမိုးမှုရအောင်ဆောင်ရွက်ခြင်း**

- ဆက်သွယ်ရေးမဟာဗျူဟာ ထိရောက်အောင်မည်သို့ ဆောက်ရွက်မည်နည်း။
- ဆန်းစစ်လေ့လာရေးအစီရင်ခံစာစတင်ဖြန့်ဝေခြင်း။
- တာဂန်ခံမှုကို မြှင့်တင်ရာတွင် မီဒီယာနှင့် အဘယ်ကြောင့်၊ ဘယ်လိုထိတွေ့မည်နည်း။

**အပြောင်းအလဲကို အကောင်အထည်ဖော်ခြင်း**

- အရေးယူဆောင်ရွက်မှုကို အလေးပေးသည့် ဆွေးနွေးပွဲကို မည်သို့လုပ်မည်နည်း။
- မဟာမိတ်များဖန်တီးခြင်း။

ဆန်းစစ်လေ့လာရေးလုပ်ငန်းစဉ်အား အောင်မြင်မှုမှတ်တိုင် ၉ ခုအဖြစ် ပိုင်းခြားထားပြီး ၎င်းထဲမှ တစ်ခုချင်းစီအား အစီအစဉ် ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို တင်းတင်းကြပ်ကြပ်ပြု လုပ်ထားသည့်အဆင့်များအဖြစ် ထပ်မံပိုင်းခြားထားသည်။

'သင်ခန်းစာများယူခြင်း' အဆင့်အား အထက်တွင်ဖော်ပြထားသည့် ဇယားကွက်ထဲတွင် ဖော်ပြမထားခြင်းမှာ ၎င်းသည် ဆန်းစစ်လေ့လာသည့်ရလဒ်များ ဖြန့်ဝေပြီးနောက်ပြုလုပ်သည့် အဖွဲ့အတွင်း လေ့ကျင့်ခန်းတစ်ခု ဖြစ်သည်။

အစိုးရတို့မှ ရွေးကောက်တင်မြှောက်ထားသည့် အရာရှိများနှင့် ရွေးကောက်တင်မြှောက်ခံမဟုတ်သည့်အရာရှိများ၊ နိုင်ငံရေးနယ်ပယ်၏ကဏ္ဍမျိုးစုံတို့မှ နိုင်ငံရေးသမားများ၊ ကြီးကြပ်ရေးအေဂျင်စီများ၊ ဝန်ဆောင်မှုပေးသူများ၊ အစရှိသူတို့ကဲ့သို့ သောဝန်ဆောင်မှုနှင့် ပတ်သက်သည့်ပြုပြင်ပြောင်းလဲမှုများအပေါ် တွန်းအားပေးရန်အာဏာရှိသူများအကြား မဟာမိတ်များအဖြစ်ပံ့ပိုးပေးရန် ကောင်းသောအနေအထားတွင် ရှိသင့်သည်။ ထိုလွှမ်းမိုးမှုပေးနိုင်သော ဆောင်ရွက်သူများသည် အကြံပေးအဖွဲ့၏ အစိတ်အပိုင်းတစ်ခုအနေနှင့် ဆန်းစစ်လေ့လာရေးလုပ်ငန်းစဉ်တွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်သည်။

အပြောင်းအလဲသည် ဆန်းစစ်လေ့လာမှု၏ရလဒ်တစ်ခုတည်းမှသာ ဖြစ်ပေါ်လာမည်မဟုတ်ဘဲ စတင်ဆောင်ရွက်သူများ၊ ဆန်းစစ်လေ့လာရေးအဖွဲ့နှင့် အကြံပေးအဖွဲ့တို့အကြား အကဲဖြတ်လုပ်ငန်းစဉ်တလျှောက် အပြန်အလှန် ထိတွေ့ဆောင်ရွက်ခြင်းဖြင့်လည်း ဖြစ်ပေါ်စေနိုင်သည်။ ဝန်ဆောင်မှုပေးပို့ခြင်းအပေါ် စိုးရိမ်မှုများနှင့်မွမ်းမံမှုများကိုမည်ကဲ့သို့ ပြုလုပ်မည်နှင့်ပတ်သက်၍ တူညီသည့်သုံးသပ်မှုများပြုလုပ်ရန်အတွက် နေရာနှင့်အခွင့်အလမ်းများသည် ဆန်းစစ်လေ့လာသူများ၊ အကြံပေးအဖွဲ့များနှင့်အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှုပေးသူများနှင့် အခြားအကျိုးသက်ရောက်သူများအကြား အပြန်အလှန်နားလည်မှုအား မလွဲမသွေတိုးတက်လာစေမည်ဖြစ်သည်။ ၎င်းသည် ပြောင်းလဲမှုအတွက် အခြေခံအုတ်မြစ်ကိုဖန်တီးပေးသည်။

## ၃.၁.၁။ ဆန်းစစ်လေ့လာမှုအတွက် ဦးတည်ချက်များအား ချမှတ်ပုံ

ဆန်းစစ်လေ့လာမှုတစ်ခုခု၏နောက်အဆင့်မှာ ဦးတည်ချက်များ ချမှတ်ရန်ဖြစ်သည်။ ဖြေဆိုရမည့် ပဓာနကျသောမေးခွန်းတစ်ခုမှာ ဆန်းစစ်လေ့လာမှု အဘယ်ကြောင့် လိုအပ်သနည်းဆိုသည်ပင်ဖြစ်သည်။ အကြံပြုချက်များက မည်သူ့ကို ရည်ရွယ်သနည်း။ အကြံပြုချက်များကို မည်သည့်အချိန်တွင်နှင့်မည်ကဲ့သို့ ပြုလုပ်မည်နည်း။ စတင်ဆောင်ရွက်သူများသည် အောက်ဖော်ပြပါမေးခွန်းများအား ဖြေဆိုရန်အတွက် ပဏာမအကြံဉာဏ်ရယူမှုများ လုပ်ဆောင်နိုင်သည် -

- လုပ်ငန်းဆောင်ရွက်ခြင်းတွင် အရေးတကြီးဆုံးစိုးရိမ်မှုတွေက ဘာတွေလဲ။
- ဆန်းစစ်လေ့လာမှု၏ အကျိုးအမြတ်ရရှိရန်နှင့် တွေ့ရှိချက်များအားလုံးကိုစုပေါင်းပြီး အသုံးပြုရန် မည်သည့်ဆောင်ရွက်သူတွေက အကောင်းဆုံးအနေအထားတွင် ရှိသနည်း။
- နိုင်ငံရေးသမားများ သို့မဟုတ် အာဏာပိုင်များအနေနှင့် ၎င်းတို့၏တာဝန်များအား ပို၍ ကျေပွန်စွာဆောင်ရွက်ရန်အတွက် ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုအပေါ် အကဲဖြတ်ခြင်းသည် မည်သည့်နည်းလမ်းများဖြင့် ပံ့ပိုးမှုပေးနိုင်မည်နည်း။
- အစိုးရအာဏာပိုင်များအား တာဝန်ခံယူစေရန်အတွက် ဆန်းစစ်လေ့လာမှုက တောင်းဆိုပိုင်ခွင့်ရှိသူများကို မည်ကဲ့သို့ အားကောင်းအောင် ဆောင်ရွက်ပေးနိုင်မည်နည်း။

- တွေ့ရှိချက်များနှင့်အကြံပြုချက်များအား ဆက်သွယ်ရာတွင်မည်သည့်နည်းလမ်းများက အသင့်တော်ဆုံး ဖြစ်နိုင်မည်နည်း။
- ပြုပြင်ပြောင်းလဲရေးအဆိုပြုချက်များအား ထောက်ခံအားပေးရန် မည်သည့်အချိန်က အကောင်းဆုံးအချိန် ဖြစ်နိုင်သနည်း။

## ယေဘုယျမှ သီးခြားတစ်ခုချင်းစီသို့၊ စိုးရိမ်ပူပန်မှုအား ဖော်ထုတ်ခြင်းမှ ပြဿနာများ ဖော်ထုတ်ခြင်းဆီသို့

ယခုအချိန်တွင် စတင်ဆောင်ရွက်သူများ၌ သူတို့စိုးရိမ်သင့်သည့်အကြောင်းအရာများနှင့်ဆန်းစစ်လေ့လာမှုကို မောင်းနှင်သည့် အကြောင်းအရာများနှင့်ပတ်သက်သည့် အယူအဆတစ်ခု ရှိလိမ့်မည်ဖြစ်သည်။ မည်သည့်အရာသည် ပို၍အလုပ်ဖြစ်နိုင်သနည်း။ မည်သည့်အရာသည် အလုပ်မဖြစ်သနည်း။ မည်သည့်အရာ လိုအပ်နေသနည်း။ ယေဘုယျအားဖြင့် ထိုသို့သောစိုးရိမ်မှုများဆိုသည်မှာ တရားမဝင်မဟုတ်ဘဲအခြေချနေထိုင်မှုတစ်ခု၌ သောက်သုံးရေမရှိခြင်း၊ သို့မဟုတ် မြို့ပြမကျတကျနေရာများတွင် အညစ်အကြေးအစိုင်အခဲများ စုပုံနေခြင်း၊ သို့မဟုတ် အစိုးရထောက်ပံ့သည့်ကျောင်းများတွင် ကျောင်းသားများ၏ စွမ်းဆောင်ရည်ညံ့ခြင်းတို့ကဲ့သို့သော အများပြည်သူဝန်ဆောင်မှုပေးပို့ခြင်းတွင် ချွတ်ယွင်းချက်တစ်ခုအား ရည်ညွှန်းသည်။

*ပုံ ၄ - ယေဘုယျမှ သီးခြားတစ်ခုချင်းစီသို့*



ဖယားကွက် ၉ **စိုးရိမ်ပူပန်များနှင့်ပြဿနာများ နှိုင်းယှဉ်မှု**

စိုးရိမ်မှုဆိုသည်မှာ ဝန်ဆောင်မှုအသုံးပြုသူများက ဝန်ဆောင်မှုတစ်ခုအပေါ် အဆိုးမြင်ခြင်း သို့မဟုတ် မှန်ကန်စွာအလုပ်လုပ်နေသည်ဟုမမြင်ခြင်းကို ဆိုလိုပြီး၊ ပြဿနာဆိုသည်မှာ စိုးရိမ်မှု၏နောက်ကွယ်တွင်ရှိသော ထိတွေ့၍ရသည့် သက်ရောက်မှုဖြစ်စေ သော အကြောင်းတရားဖြစ်သည်။ ဥပမာအားဖြင့် မြို့ကြီးတစ်ခုရှိ ရပ်ကွက်တစ်ခုမှ အိမ်နီးချင်းများသည် ၎င်းတို့၏ဘုံပိုင်ခေါင်းများမှ အရည်အသွေးနိမ့်သည့် ရေများထွက်လာခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်နိုင်သည်။ ၎င်းသည် ၎င်းတို့၏စိုးရိမ်မှုဖြစ်သည်။ ရေအရည်အသွေးညံ့ခြင်း၏ ဇာစ်မြစ်ရှိပြဿနာများထဲတွင် ပိုက်အားပြုပြင်ထိန်းသိမ်းမှုမရှိ ခြင်းကြောင့်ဖြစ်နိုင်ပြီး ၎င်းအားပြုလုပ်ရန်အတွက် ဆယ်စုနှစ်များစွာကပင် အစီအစဉ်မရှိခြင်း သို့မဟုတ် ဘတ်ဂျက်မရှိခြင်း ဖြစ်နိုင်သည်။ ထိုသို့သော ပြဿနာများအတွက် တာဝန်ခံမှုတွင် - မည်သူကတာဝန်ရှိပြီး မည်သူ့အပေါ် တာဝန်ရှိသည်တို့ပေါ် ဤလေ့ကျင့်ခန်းက အာရုံစိုက်သွားမည်ဖြစ်သည်။

## ၃.၁.၂။ ဆန်းစစ်လေ့လာရေးအဖွဲ့ ဖွဲ့စည်းပုံ

စတင်ဆောင်ရွက်သူများ၏အခန်းကဏ္ဍသည် လုပ်ငန်းစဉ်အားချမှတ်ရန် အဓိကကျသော်လည်း ဆန်းစစ်လေ့လာမှုကို အဖွဲ့တစ်ဖွဲ့ကလုပ်ဆောင်မည်ဖြစ်သည်။ ဤအဖွဲ့သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာအလုပ်အားလုံးကို ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ပြီး သုတေသနကိုဆောင်ရွက်ကာ၊ ပြောင်းလဲမှုဖြစ်ပေါ်ရေးကိုဦးတည်သည့် လုပ်ငန်းစဉ်အား ဦးဆောင်သွားမည်ဖြစ်သည်။ အကောင်းဆုံးအနေအထားအနေနှင့် အဖွဲ့ထဲတွင် သက်သေပြလို့ရ သည့်ဓမ္မဓိဋ္ဌာန်ကျမှုများ၊ သုတေသနလုပ်နိုင်စွမ်းရည်များ၊ ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ကျွမ်းကျင်မှုရှိသူများနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှုရှိသည့်အဖွဲ့ဝင်များ ပါဝင်သင့်သည်။ အောင်မြင်သည့်အဖွဲ့တစ်ခုဆိုသည်မှာ များသောအားဖြင့် မတူညီသည့်ပညာရပ်များ၊ နောက်ခံအခြေအနေများနှင့် ကျား/မဆိုင်ရာ စသည်တို့မှလူများ အားကို အတူတကျဆောင်ကျဉ်းလာနိုင်သည့်အဖွဲ့ဖြစ်သည်။

### သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် ပါဝင်ကြသည့်အဖွဲ့

စတင်ဆောင်ရွက်သူများသည် ပညာရပ်နယ်ပယ်အလိုက်ပါဝင်ကြသည့်အဖွဲ့တစ်ခုအားဖွဲ့စည်းရန် ရည်ရွယ်သင့်သည်။ အဖွဲ့သည် တတ်နိုင်သလောက် လိုအပ်သည့်ကျွမ်းကျင်မှုများရှိထားသင့်ပြီး ထိုမှသာလျှင် အဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး အထောက်အကူပြုခြင်းဖြင့် လုပ်ငန်းစဉ်အား ပံ့ပိုးပေးသွားနိုင်မည်။ ပညာရပ်နယ်ပယ်တစ်ခုနှင့် မသက်ဆိုင်သည့်အဖွဲ့တစ်ခုသည် ကွဲပြားသောအမြင်များရှိရမည်ဖြစ်ပြီး အထိအခိုက်

မခံသည့် အကြောင်းအရာများ သို့မဟုတ် နည်းလမ်းများအား ချန်လှပ်မထားခဲ့စေရန် ပြည့်စုံကျယ် ပြန့်သည့်အမြင်တစ်ခုကိုလည်း ပေးနိုင်မည်။

## အဖွဲ့အတွင်းပူးပေါင်းဆောင်ရွက်မှုအား စီစဉ်ရန်နည်းလမ်း

ဆန်းစစ်လေ့လာရေးဖွဲ့၏ဖွဲ့စည်းမှုအား စတင်ဆောင်ရွက်သူများနှင့်အဖွဲ့ကိုယ်တိုင်တို့က ဆုံးဖြတ်မှုပေးသင့်သည်။ အကောင်းဆုံးအနေအထားမှာ ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် လက်ဝယ်တွင်ရှိသည့် ပစ္စည်းနှင့် လူသားအရင်းအမြစ် နှစ်ခုစလုံးအား ထိရောက်စွာနှင့်ကျွမ်းကျင်စွာအသုံးပြုရန် ကြိုးပမ်းသင့်သည်။ ၎င်းတို့၏ ဆောင်ရွက်မှုအားလုံးသည် ဆန်းစစ်လေ့လာမှု၏ဦးတည်ချက်များအောင်မြင်စေစရန် ရည်ရွယ်သင့်သည်။ လုပ်ငန်းစဉ်ကို စီမံခန့်ခွဲရန်နှင့်သုတေသနပြုလုပ်ရန်တို့အတွက် တာဝန်၏ တစ်စိတ်တစ်ပိုင်းအနေနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့သည် ကျွမ်းကျင်မှုများကိုအခြေပြု၍ အဖွဲ့ဝင်များအား လုပ်ငန်းတာဝန်များကိုခွဲဝေသင့်သည်။ နားလည်မှုလွဲခြင်းကို ရှောင်ရှားပြီး အဖွဲ့ဝင်များ၏ကျွမ်းကျင်မှုများနှင့်လုပ်နိုင်စွမ်းရည်များ၏ စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု အကျိုးရလဒ်ကို ရရှိနိုင်ရန်အတွက် စီမံကိန်းစတင်ဆောင်ရွက်သည့်အချိန်ကပင် ရှင်းလင်းပြတ်သားသည့်စီမံခန့်ခွဲရေး သဘောတူညီချက်များ ရယူထားရမည်ဖြစ်သည်။

စတင်ဆောင်ရွက်သူများ၊ အကြံပေးအဖွဲ့ (အခန်း ၃.၂.၁ အား ကြည့်ရန်) များအကြားနှင့် အဖွဲ့ဝင်များအကြား ဆက်သွယ်ရေးထားရှိရန် ဆန်းစစ်လေ့လာရေးဖွဲ့အတွက် အရေးကြီးသည်။ အဖွဲ့အနေနှင့် အချက်အလက်များဖလှယ်ရန်အတွက် ပုံမှန်အဖွဲ့အစည်းအဝေးများပြုလုပ်နိုင်ရန် နေရာထားရှိရမည်။ ထို့အပြင် လုပ်ငန်းစဉ်အတွင်း သတ်မှတ်ထားသည့်အောင်မြင်မှုတစ်ခုစီတွင် ဆန်းစစ်လေ့လာရေးလုပ်ငန်းအတွင်းရှိ အခြား ဆောင်ရွက်သူများနှင့် ဆက်သွယ်မှုထားရန်လိုအပ်ပြီး အခြားပါဝင် ဆောင်ရွက်သူအားလုံးထံသို့ အချက်အလက်များ အဆက်မပြတ်စီးဆင်းခြင်းကို ထိန်းသိမ်းထားခြင်းသည် တူညီသည့်ဦးတည်ချက်များရရှိစေခြင်းကို အထောက်အကူပြုမည်ဖြစ်သည်။

## စဉ်ဆက်မပြတ်သင်ယူခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် ဆန်းစစ်လေ့လာမှုတလျှောက်တွင် စဉ်ဆက်မပြပတ်သင်ယူခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ပြုလုပ်သွားရမည်ဖြစ်ပြီး၊ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှုရှိရမည့်အပြင် အဖွဲ့ဝင်များ၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာခွင့်နှင့် လိုအပ်သည့်ပြင်ဆင်မှုများကို မီးမောင်းထိုးပြပိုင်ခွင့်တို့ ပေးရမည်ဖြစ်သည်။ အကောင်းဆုံးအနေအထားမှာ အောင်မြင်မှုမှတ်တိုင်တိုင်းတွင် မည်သည့်အရာများသည် ကောင်းမွန်ပြီး မည်သည့်အရာများသည် ထပ်မံမွမ်းမံနိုင်သည်တို့ကို ဆွေးနွေး

ရန်အတွက် အဖွဲ့အတွင်း ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခြင်းပါဝင်သင့်ပြီး၊ ထိုမှသာလျှင် ပူးပေါင်းသင်ယူမှုကို စောင့်ကြည့်ပြီးမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ ဆန်းစစ်လေ့လာမှုမှ မည်ကဲ့သို့သင်ယူနိုင်သည်နှင့်ပတ်သက်ပြီး နောက်ထပ်လမ်းညွှန်မှုများအား အခန်း ၃.၉ တွင် ဖော်ပြပေးထားသည်။

## ၃.၁.၃။ အစီအစဉ်နှင့် ဘတ်ဂျက်ရေးဆွဲပုံ

အချက်အလက်များစုဆောင်းခြင်းသည် အချိန်ကုန်ပြီးကုန်ကျစရိတ်များနိုင်သလို ဆက်သွယ်ရေးနှင့် မူဝါဒပိုင်းဆိုင်ရာတိုက်တွန်းလှုံ့ဆော်ရေး လုပ်ငန်းများသည်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဆန်းစစ်လေ့လာမှုမပြုလုပ်မီစတင်ဆောင်ရွက်သူများနှင့်ဆန်းစစ်လေ့လာသူများသည် ဖြစ်နိုင်ခြေရှိသည့်မှတ်တိုင်များ၊ ဆက်သွယ်ရေးနည်း ဗျူဟာများ၊ အချိန်ဇယားများနှင့် ခန့်မှန်းတွက်ချက်ထားသည့်ဘတ်ဂျက်တို့ပါဝင်သည့် လုပ်ငန်းအစီအစဉ်တစ်ခုကို သဘောတူညီချက်ရယူထားကြရမည်ဖြစ်သည်။ ရရှိနိုင်သည့်အရင်းအမြစ်၏ ပမာဏသည် ဆန်းစစ်လေ့လာမှု၏နက်ရှိုင်းမှု အတိုင်းအတာအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။ ဘတ်ဂျက်တစ်ခုအား အသေးစိတ်ကြည့်ရာတွင် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် ခန့်မှန်းခြေကုန်ကျစရိတ်လည်း ပါဝင်ရန်လိုအပ်သည် -

- ဆန်းစစ်လေ့လာရေးအဖွဲ့အတွင်း လူသားအရင်းအမြစ်များ၊
- လေ့လာမှု သို့မဟုတ် ကွင်းဆင်းခရီးများ
- အစည်းအဝေးကုန်ကျစရိတ်များအပါအဝင် အကြံပေးတိုင်ပင်မှုများနှင့်
- ဆက်သွယ်ရေးတို့ ဖြစ်သည်။

ဆန်းစစ်လေ့လာရေးအဖွဲ့များအနေနှင့် ရရှိနိုင်သည့်လူသားနှင့် ပစ္စည်းအရင်းအမြစ်များအပေါ် မူတည်၍ လုပ်ငန်းစဉ်အား စီစဉ်ရေးဆွဲရမည်ဖြစ်သည်။ အရည်အချင်းပြည့်ဝစေရန်အတွက် ဆန်းစစ်လေ့လာရေးအဖွဲ့များအား တည်ရှိနေပြီးသော အသိပညာများအပေါ် တည်ဆောက်နိုင်ပြီး၊ ဥပမာအားဖြင့် နိုင်ငံအတွင်းပြုလုပ်ထားသည့် သုတေသန အစီရင်ခံစာများ၊ အစိုးရအေဂျင်စီများမှထုတ်လုပ်ထားသောစာရင်းအင်းများ၊ နိုင်ငံတကာအဖွဲ့ အစည်းများ၏ နိုင်ငံအလိုက်အစီရင်ခံစာများ သို့မဟုတ် ပြည်တွင်းအသိပညာရှင်များနှင့်အကြံပေးအဖွဲ့များက ပြုလုပ်ထားသည့် သဘောထားအမြင်စစ်တမ်းများပါဝင်သည်။ ထိုမှတစ်ဆင့် အဖွဲ့အနေနှင့် ဖော်ထုတ်ရခြင်းမရှိသေးသောအကြောင်းအရာများနှင့် ဆက်လက်ဆန်းစစ်လေ့လာရန်လိုအပ်သောနေရာများတွင် လုပ်ကိုင်သွားရန်အတွက် အာရုံစိုက်နိုင်သည်။

## ကုန်ကျစရိတ် တိုးစေသည့်အရာများ

လုပ်ငန်းအစီအစဉ်နှင့် ၎င်း၏ဘတ်ဂျက်အား အပြီးသတ်ရန်အတွက် စတင်ဆောင်ရွက်သူများနှင့်ဆန်းစစ်လေ့လာရေးအဖွဲ့တို့သည် လုပ်ငန်းစဉ်အတွင်း ကုန်ကျစရိတ်ကို တိုးစေနိုင်သည့် သို့မဟုတ် နှောင့်နှေးမှုများဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ဖော်ထုတ်ရမည်ဖြစ်ပြီး ထိုအထဲတွင် -

- ကုန်ကျစရိတ်များသည့် အကြံပေးများအပေါ် အလွန်အကျွံမှီခိုခြင်း၊
- ကွင်းဆင်းလေ့လာမှုနှင့်စစ်တမ်းကောက်ယူမှုများ အကြိမ်များစွာပြုလုပ်ခြင်း၊
- ဆန်းစစ်လေ့လာရေးအဖွဲ့အတွင်း သို့မဟုတ် ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေးအဖွဲ့များအကြား သဘောထားကွဲလွဲမှုများကြောင့်လုပ်ငန်းနှောင့်နှေးမှုများဖြစ်ပေါ်ခြင်း၊
- အကျင့်ပျက်ခြစားမှုပုံစံအားလုံးတို့ ပါဝင်သည်။

စတင်ဆောင်ရွက်သူများနှင့် ဆန်းစစ်လေ့လာသူ နှစ်ဘက်စလုံးအနေနှင့် ပြဿနာများအား စောလျင်စွာဖော်ထုတ်ရန်နှင့် မဟာဗျူဟာကို လိုအပ်သလို ပြင်ဆင်သွားရန်အတွက် အနေအထားကောင်းတွင် ရှိကြသည်။

## ကုန်ကျစရိတ် လျော့ကျစေသည့်အရာများ

လုပ်ငန်းအစီအစဉ်နှင့်ဘတ်ဂျက်တို့နှင့်ပတ်သက်ပြီး လက်တွေ့ကျသည့်အကြံဉာဏ်တစ်ခုရရှိနိုင်ရန်အတွက် အလားအလာကောင်းသည့်နည်းလမ်းတစ်ခုမှာ အောက်ဖော်ပြပါအဖွဲ့အစည်းများထံမှ ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်သည့် ရှိနေသောစာရွက်စာတမ်းများ၊ အစီရင်ခံစာများနှင့် အချက်အလက်များအား ရုံးအတွင်း ပြန်လည်သုံးသပ်မှု ပြုလုပ်ရန်ဖြစ်သည် -

- ဝန်ဆောင်မှုပေးခြင်းအတွက် တာဝန်များရှိသော အစိုးရဌာနများ၊
- တက္ကသိုလ်သုတေသနဌာနများနှင့်အကြံပေးအဖွဲ့များ၊
- ထိန်းညှိပေးခြင်းဆိုင်ရာအဖွဲ့အစည်းများ၊
- နိုင်ငံတော်စာရင်းအင်းအောဂျင်စီများ၊
- မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးများ၊
- အမြင့်ဆုံးအာဏာပိုင် စာရင်းစစ်အဖွဲ့အစည်းများ၊
- အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊
- စောင့်ကြည့်လေ့လာသူများ သို့မဟုတ် နိုင်ငံသားစောင့်ကြည့်လေ့လာရေးဆောင်ရွက်မှုများ၊
- လူသားဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း (Human Development Index) ကဲ့သို့သော နိုင်ငံတကာစောင့်ကြည့် လေ့လာရေးယန္တရားများ၊

- ကုလသမဂ္ဂလူ့အခွင့်အရေးသဘောတူညီချက်များ၏ သဘောတူညီချက်စောင့်ကြည့်ရေးအဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့နှင့်ညီမျှသည့် လူသားနှင့် လူ့အခွင့်အရေးဆိုင်ရာ အာဖရိကတရားရုံးနှင့်ကော်မရှင် ကဲ့သို့သော ဒေသအတွင်းအဖွဲ့အစည်းများမှ အထွေထွေသုံးသပ်ချက်များနှင့်မှတ်ချက်များ၊
- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ငန်းစဉ်များအောက်ရှိ သီးခြားလွတ်လပ်သည့် လူ့အခွင့်အရေးကျွမ်းကျင်သူများထံမှ အစီရင်ခံစာများနှင့်
- အများပြည်သူဝန်ဆောင်မှုများပေးပို့ခြင်းနှင့်ပတ်သက်သည့်ကုလသမဂ္ဂအစည်းဝေးများတွင် အတည်ပြုခဲ့သည့် ကြေညာစာတမ်းများကဲ့သို့သော အခြားနိုင်ငံတကာသဘောတူညီချက်များ ဖြစ်သည်။

ဘတ်ဂျက်အားဆုံးဖြတ်ချက်မချမီ ထိုအရင်းအမြစ်များအပေါ် ကနဦးစူးစမ်းမှုများပြုလုပ်သွားသင့်သည်။ ပူးတွဲ ၁ တွင်ပါသည့် ဆောင်ရွက်ရန်စာရင်းသည် လုပ်ငန်းအစီအစဉ်နှင့်အချိန်ဇယားတစ်ခုအတွက် အခြေခံဥပမာတစ်ခုပေးသည်။

## မဟာဗျူဟာမြောက် ဆက်သွယ်ရေး

ဆန်းစစ်လေ့လာရေးဖွဲ့၏လုပ်ငန်းတွင် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုမှာ ဆက်သွယ်ရေးကို အာရုံစိုက်ရန် ဖြစ်သည်။ ဆန်းစစ်လေ့လာသူများအနေနှင့် ဆန်းစစ်လေ့လာမှု၏ ဆက်သွယ်ရေးလုပ်ငန်းများကို ကြိုတင်စီစဉ်ရန်လိုအပ်မည်။ ထိုအထဲတွင် ပါဝင်နိုင်သည်မှာ -

- အကြံပေးအဖွဲ့၏အဖွဲ့ဝင်များထံ အချက်အလက်များ အဆက်မပြတ်ပေးပို့ခြင်း၊
- သက်ဆိုင်သည့်နိုင်ငံရေးပါတီ၏ အဓိကပုဂ္ဂိုလ်များ သို့မဟုတ် ရွေးချယ်ထားသည့်ဝန်ဆောင်မှုနှင့်ပတ်သက်သည့် လွှတ်တော်ကော်မတီဝန်ထမ်းများအား ပုံမှန်အသေးစိတ်ရှင်းလင်းမှုများ ပြုလုပ်ပေးခြင်း၊
- အောင်မြင်မှု မှတ်တိုင်များနှင့်ပတ်သက်၍ ပုံမှန်သတင်းလွှာများ ထုတ်ဝေခြင်း၊
- အကြံပေးအဖွဲ့ဝင်များဖြစ်သည့် အရေးကြီးပုဂ္ဂိုလ်များအကြောင်း သတင်း၊
- သင့်တော်လျှင် လူထုအခမ်းအနားများနှင့် တပြေးညီချိတ်ဆက်ခြင်းနှင့်
- ဘလော့များ၊ Twitter ၊ Instagram နှင့် အခြားမဟာဗျူဟာမြောက်သည့် လုပ်ကိုင်ဆောင်ရွက်သူများအား ပစ်မှတ်ထားသည့် လူမှုမီဒီယာနေရာများတွင် အချက်အလက်သစ်များ တင်ပေးခြင်းတို့ ဖြစ်သည်။

မူဝါဒသြဇာလွှမ်းမိုးမှုနှင့် ပြောင်းလဲမှုအတွက် ထောက်ခံအားပေးမှုတို့ ရှိစေရန်အတွက် သက်ဆိုင်ပတ်သက်သူများ၊ ပစ်မှတ်ထားသည့်ပရိသတ်များနှင့် ပုံမှန်ဆွေးနွေးမှုများနှင့်ဖလှယ်မှုများပြုလုပ်ခြင်းဖြင့် ထိတွေ့မှုရှိရန် ဆန်းစစ်လေ့လာသူများက ကြိုး

ပမ်းသင့်သည်။ အခြေအနေအရ ဆန်းစစ်လေ့လာသူများသည် ထောက်ခံအားပေးသည့် အုပ်စုများ သို့မဟုတ် ၎င်းနှင့်သက်ဆိုင်သည့် အုပ်စုများနှင့် လုပ်ဖော်ကိုင်ဘက်များအနေနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် စတင်ကမ်းလှမ်းရန် ထည့်သွင်းစဉ်းစားနိုင်သည်။ ထိုသို့ လုပ်ဖော်ကိုင်ဘက်များက ပူးပေါင်းဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးခြင်း၌ ဒီမိုကရေစီနှင့်အညီ တာဝန်ခံမှုကို ပိုမိုကောင်းမွန်လာစေရန်အတွက် အမှန်တကယ် စိတ်ဝင်စားပြီး လုပ်နိုင်စွမ်းရည်နှင့် နေရာများရှိမှသာလျှင် အဓိပ္ပာယ်ပြည့်ဝမည် ဖြစ်သည်။ ဥပမာအားဖြင့်အဖွဲ့အနေနှင့် ဝန်ဆောင်မှုပေးပို့ခြင်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေသည့် လူမှုလုပ်ရှားမှုများနှင့် ၎င်းနှင့်ပတ်သက်သည့်အုပ်စုများ သို့မဟုတ် ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အစိုးရထိန်းညှိရေးအေဂျင်စီများ သို့မဟုတ် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ၏ ရုံးတို့နှင့် ချိတ်ဆက်ရန် ကြိုးပမ်းနိုင်သည်။ ဆက်စပ်မှုရှိပြီး ဖြစ်နိုင်ခြေရှိသည့် ဆောင်ရွက်မှုများအပေါ် လုပ်ဖော်ကိုင်ဘက်များက သဘောတူညီချက်ရယူနိုင်ပြီး ထိုအထဲတွင် အသေးစိတ်ရှင်းလင်းချက်များနှင့် အပြီးသတ်အစီရင်ခံစာများ ထုတ်ပြန်ရန်အတွက် အသင့်တော်ဆုံးအချိန်တွင် ဒေသအဆင့်အများပြည်သူအခြေအတင်ဆွေးနွေးပွဲများနှင့် အသိပညာဖလှယ်ခြင်း သို့မဟုတ် ဆွေးနွေးခြင်းများ ပူးတွဲ၍ပြုလုပ်သွားနိုင်သည်။ အပြီးသတ်အစီရင်ခံစာများပုံနှိပ်ခြင်းကို အချိန်ကိုက်ပြီး အကျယ်ပြန့်ဆုံး ဖြန့်ချိခြင်းနှင့်မြှင့်တင်ခြင်းများ ပြုလုပ်ခြင်းဖြင့် တွေ့ရှိချက်များအား အခြေအတင်ဆွေးနွေးမှုကို ပြည့်ပြည့်ဝဝ ပြုလုပ်သွားနိုင်မည်ဖြစ်သည်။

ထို့အပြင် အဖွဲ့သည် မီဒီယာဌာနတစ်ခုနှင့်လည်း လုပ်ဖော်ကိုင်ဘက်အနေနှင့် အတူတကွဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားနိုင်ပြီး ဤနေရာတွင်လည်း ၎င်းသည် ဖြစ်နိုင်ရုံတစ်ခုတည်းကိုသာ စဉ်းစားရမည်မဟုတ်ဘဲ နှစ်ဘက်စလုံးအတွက် သင့်တော်ရ

## ဆိုရှယ်ဒီယာအသုံးပြုခြင်းအတွက် အကြံပြုချက်များ

ဆန်းစစ် လေ့လာရေးအဖွဲ့များ အနေနှင့် Twitter၊ Facebook နှင့် Instagram တို့ ကဲ့သို့သော ဆိုရှယ်မီဒီယာများကို ၎င်းတို့၏ ဆက်သွယ်ရေးမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအနေနှင့် အသုံးပြုရန် ထည့်သွင်းစဉ်းစားနိုင်သည်။ ၎င်းတို့သည် သီးခြား အသုံးပြုပုံနှင့်သီးခြားပရိသတ် ကိုယ်စီရှိကြသည်။ ဆိုရှယ်မီဒီယာများသည် ပစ်မှတ်ထားသည့် ပရိသတ်များအား အသိပညာများနှင့်အချက်အလက်များ အဆက်မပြတ်ရရှိစေသည်။ ဆိုရှယ်မီဒီယာချန်နယ်များသည်ပွဲများ၊ လှုပ်ရှားမှုများနှင့် သတင်းထုတ်ပြန်ချက်များအား မြှင့်တင်ရာတွင် အသုံးဝင်သကဲ့သို့ ဆန်းစစ်လေ့လာမှုလုပ်ငန်းများတွင် စိတ်ဝင်စားမှုအား အရှိန်အဟုန်ဖြင့်မြှင့်တင်ပေးသည်။ သို့သော် မှတ်သားရန်အရေးကြီးသည်မှာ ဆိုရှယ်မီဒီယာအား အသုံးပြုခြင်းသည် အချိန်ကုန်စေပြီး သီးခြားနေရာတစ်ခုအတွက် အသိပညာလည်း လိုအပ်သည်။ အဖွဲ့ဝင်များအနေနှင့် ယခင်အတွေ့အကြုံရှိလျှင်နှင့် ပရိသတ်ရှိလျှင်တို့အပြင် ဆိုရှယ်မီဒီယာအား ပိုမိုကျယ်ပြန့်သည့်ဆက်သွယ်ရေးမဟာဗျူဟာတစ်ခု၏ အစိတ်အပိုင်းတစ်ခု အနေနှင့်အသုံးပြုလျှင် ဆိုရှယ်မီဒီယာအား အသုံးပြုခြင်း၏တန်ဖိုးသည် ပို၍မြင့်တက်လာမည်။

မည်ဖြစ်သည်။ ထည့်သွင်းစဉ်းစားရမည့်ယူဆချက်များထဲတွင် မှတ်တိုင်အဖြစ်အပျက်များအား သီးခြားအစီရင်ခံခြင်းမှစပြီး နောက်ဆုံးတွေ့ရှိချက်များနှင့် အကြံပြုချက်များအား သတင်းတင်ဆက်မှုအတွက် သင့်လျော်ပါက ဆွဲထုတ်လို့ရသည့်အကျဉ်းချုပ်များ ပုံနှိပ်ခြင်းအထိပါဝင်သည် (အခန်း ၃.၇ အား ကြည့်ရန်)။

**ဖယားကွက် ၁၀**

### အောင်မြင်သည့်ဆက်သွယ်ရေးမဟာဗျူဟာ၏ ဥပမာတစ်ခု - Democratic Audit UK နှင့် *The Guardian**

Democratic Audit UK ၏ ညွှန်ကြားရေးမှူးဖြစ်သူ Dr Stuart Wilks-Heeg အား ၎င်းတို့၏ဆက်သွယ်ရေးမဟာဗျူဟာအကြောင်း မေးသည့်အခါတွင် - "ဆန်းစစ်လေ့လာမှုကို အွန်လိုင်းပေါ်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ လူကြည့်အများဆုံး ဝဘ်ဆိုဒ်မီဒီယာဖြစ်တဲ့ ဂါးဒီးယန်းသတင်းစာရဲ့ သီးသန့်သတင်းဖော်ပြချက်အနေနဲ့ စတင်ဖော်ပြခဲ့ပါတယ်။ အဲဒီသတင်းဖော်ပြမှုနဲ့ အချိန်ကိုက်ပြီး အဓိကကျသော နိုင်ငံရေးသမားများ၊ သတင်းသမားများ၊ ဘလော့ဂါများ၊ အကြံပေးအဖွဲ့များနဲ့ ပညာရပ်နယ်ပယ်ဆိုင်ရာ ပုဂ္ဂိုလ်တွေထံ ဆန်းစစ်လေ့လာမှုအကျဉ်းချုပ် ၁၀၀ အား ပုံနှိပ်ပြီး ပေးပို့ခဲ့တဲ့အပြင် အဲဒီအုပ်စုများတွေက နောက်ထပ်ပုဂ္ဂိုလ် ၁၀၀ ထံကိုလည်း PDF အီလက်ထရွန်းနစ်ကော်ပီများအနေနဲ့ ပေးပို့ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ ဆန်းစစ်လေ့လာမှုအကြောင်း ရေးသားဖို့အတွက် ထိပ်တန်းဘလော့များနှင့် ဘလော့ဂါတွေကို ချဉ်းကပ်ခဲ့တဲ့အပြင် ကျွန်တော်တို့ကိုယ်တိုင်လည်း blog post တွေကို ယူကေရဲ့ ထိပ်တန်းနိုင်ငံရေး/မီဒီယာ ဝဘ်ဆိုဒ်အချို့မှာရေးသားခဲ့ပြီး ရေရှည်တည်တံ့တဲ့ ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှုတစ်ခုကို ဆောင်ရွက်ခဲ့ပါတယ်" (Dr Stuart Wilks-Heeg နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းပွဲမှ ကောက်နုတ်ထားခြင်းဖြစ်သည်)။

ထိုဆန်းစစ်လေ့လာမှုအကြောင်း ရေးသားထားသည့်ဆောင်းပါးသည် *ဂါးဒီးယန်း* ဝဘ်ဆိုဒ်တွင် ၂၄ နာရီအတွင်း လူဖတ်အများဆုံးဆောင်းပါးဖြစ်သည့်အပြင် Facebook (shared အကြိမ်ရေ ၁,၄၀၀ ရှိသည်) နှင့် Twitter (၇၇၇ ကြိမ် tweet လုပ်ခံရသည်) တို့ပေါ်တွင် မှတ်ချက်များစွာရရှိခဲ့သည်။ *တိုင်းမ်*မဂ္ဂဇင်းအပါအဝင် အခြားမီဒီယာဌာနများကလည်း ဆန်းစစ်လေ့လာမှုစတင်ခြင်းသတင်းကို ဖော်ပြခဲ့သည်။ အရေးကြီးဆုံးမှာ ဆန်းစစ်လေ့လာမှုသည် ၎င်း၏ပစ်မှတ်ပရိသတ်ထံ ရောက်ရှိနိုင်ခဲ့ပြီး ယူကေ၏ လွှတ်တော်နစ်ရပ်စလုံးတွင် ထည့်သွင်းပြောဆိုခဲ့ကြသည်။

* 'How Democratic is the UK? The 2012 Audit' အစီရင်ခံစာအား ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် Democratic Audit UK က ထုတ်ဝေခဲ့သည်။

ထိုအစီရင်ခံစာသည် International IDEA ၏ ဒီမိုကရေစီရေချိန် (SoD) ဆန်းစစ်လေ့လာမှု မူဘောင်အပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤလမ်းညွှန်တွင် ပါဝင်သည့် ဆန်းစစ်လေ့လာမှု မူဘောင်အတွက်လည်း SoD က လှုံ့ဆော်အားပေးခဲ့သည်။ အချက်အလက်များအား ပိုမိုသိရှိရန်အတွက်၊ <http://www.idea.int> အား ကြည့်ပါ။

## ရန်ပုံငွေရှာခြင်း

နည်းပညာလိုအပ်ချက်များနှင့် လူသားအရင်းအမြစ်များနှင့်ပတ်သက်သည့် အဓိက ကုန်ကျစရိတ်များအတွက် ရန်ပုံငွေရှာခြင်းသည် နောက်ထပ်အရေးကြီးသည့် အချက်ဖြစ်သည်။ ဆန်းစစ်လေ့လာမှု၏အကြံပြုချက်များအား စိတ်ဝင်စားသည့် အဖွဲ့အစည်းများအနေနှင့် ကုန်ကျစရိတ်များအား ၎င်းတို့ကိုယ်တိုင်ကျခံရန်မှာ အကောင်းဆုံးအခြေအနေ အကျင်းဖြစ်ပေမည်။ ထိုကဲ့သို့ပြုလုပ်ခြင်း၏ကောင်းသောအချက်တစ်ခုမှာ ၎င်းတို့ကိုယ်တိုင်ပါဝင်ခြင်းဖြင့် ဆန်းစစ်လေ့လာမှုသုံးသပ်ချက်များတွင် ၎င်းတို့၏ လမ်းညွှန်မှုနှင့် ထောက်ခံမှုပိုမိုရရှိနိုင်ခြေ ရှိခြင်းဖြစ်သည်။

လက်တွေ့တွင် အကြံပြုချက်များအား အသုံးပြုရန်အလားအလာရှိသူများတွင် အခြားငွေကြေးဆိုင်ရာဦးစားပေးမှုများ ရှိခြင်းဖြစ်သည်။ သို့သော်လည်း လက်ရှိတွင် ဝန်ဆောင်မှု၌ တိုက်ရိုက်ပါဝင်ခြင်းမရှိသော်လည်း အနာဂတ်တွင်ပါဝင်နိုင်သော အုပ်စုများအနေနှင့် ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်အား ရန်ပုံငွေထောက်ပံ့ပေးမည့် အလားအလာရှိသောသူများ ဖြစ်နိုင်ပြီး၊ ဥပမာအနေနှင့် -

- ဘက်ပေါင်းစုံဖွံ့ဖြိုးရေးဘဏ်များ၊
- ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီများ၊
- အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊
- ပရဟိတဖောင်ဒေးရှင်းများ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍကုမ္ပဏီများနှင့်
- သုတေသနအဖွဲ့အစည်းများ ပါဝင်နိုင်သည်။

မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံး သို့မဟုတ် လွှတ်တော်ကော်မတီကဲ့သို့သော အစိုးရအဖွဲ့အစည်း၏ တာဝန်များ၏ အစိတ်အပိုင်းတစ်ခုအနေနှင့် ဆန်းစစ်လေ့လာမှု ဆောင်ရွက်သည့်အခါတွင် ရန်ပုံငွေရှာရန် လိုအပ်ကောင်းမှ လိုအပ်မည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် စတင်ဆောင်ရွက်သူများနှင့်ဆန်းစစ်လေ့လာသူများအနေနှင့် ဘဏ္ဍာရေးထောက်ပံ့မှုအား ရှာဖွေသည့်အခါတွင် နိုင်ငံရေးဟန်ချက်ညီမှုကို သတိပြုရမည်ဖြစ်သည်။ အလားအလာရှိသည့် ရန်ပုံငွေထောက်ပံ့သူအချို့သည် အဆိုပါ ဝန်ဆောင်မှုပေးပို့ခြင်းနှင့် တိုက်ရိုက်ပတ်သက်မှုရှိ

သောကြောင့် ၎င်းတို့၏ ငွေကြေးထောက်ပံ့မှုတွင် သူတို့၏ဦးတည်ချက်နှင့်ပတ်သက်ပြီး မေးစရာမေးခွန်းများ ထွက်ပေါ်လာနိုင်သည်။

**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း**

- ဆန်းစစ်လေ့လာမှု၏ ရည်မှန်းချက်များချမှတ်ခြင်း
- ဆန်းစစ်လေ့လာရေးအဖွဲ့ဖွဲ့စည်းခြင်း
- လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက် အသေးစိတ်ရေးဆွဲခြင်း

## ၃.၂။ အားဖြည့်ခြင်း

ဆန်းစစ်လေ့လာရေးအဖွဲ့ကိုဖွဲ့စည်းပွဲ ဆန်းစစ်လေ့လာရေးရန်ပုံငွေများ ရရှိပြီးသည့်အခါတွင် စတင်ဆောင်ရွက်သူများနောက်ဆုတ်ပြီး ဆန်းစစ်လေ့လာရေးအဖွဲ့ကို ဆက်လက်ဆောင်ရွက်သွား စေမည်ဖြစ်သည်။ သို့သော် ဆန်းစစ်လေ့လာရေးအဖွဲ့သည် သူတို့ချည်းသက်သက် မလုပ်သင့်ပါ။ အထက်တွင် ဖော်ပြထားသကဲ့သို့ ဆန်းစစ်လေ့လာရေးအဖွဲ့သည် တရားဝင်ဖြစ်ပြီး သတ်မှတ်ထားသည့်ဝန်ဆောင်မှုတွင် စစ်မှန်စွာဆောင်ရွက်ကာ အတိုင်းအတာတစ်ခုအထိ အာဏာနှင့်လွှမ်းမိုးမှုရှိသည့် အဓိကပုဂ္ဂိုလ်များ၏ ပံ့ပိုးမှုနှင့်ထင်မြင်ယူဆချက်များအား လိုအပ်မည်ဖြစ်သည်။ အကြံပေးအဖွဲ့အနေနှင့် ဆန်းစစ်လေ့လာရေးလုပ်ငန်းစဉ်နှင့် ၎င်း၏အကြံပြုချက်များအားဆွေးနွေးရန်အတွက် ပုံမှန်အစည်းအဝေးများထိုင်ခြင်းမှတစ်ဆင့် ပံ့ပိုးမှုပေးသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

အကြံပေးအဖွဲ့သည် ဝန်ဆောင်မှုအပေါ်ထားရှိသည့် ရှုထောင့်များနှင့် နိုင်ငံရေးတိမ်းညွတ်မှုများ၏အစစ်အမှန်မျိုးကွဲစုံလင်မှုကိုစံအားဖြင့်ကိုယ်စားပြုပေးသင့်ပေသည်။ ဖွဲ့စည်းမှုတွင် ကျား-မဆိုင်ရာ၊ အသက်၊ လူနည်းစု သို့မဟုတ် ဌာနေတိုင်းရင်းသားအနေအထား၊ လိင်တိမ်းညွတ်မှု၊ မြို့ပြ သို့မဟုတ် ကျေးလက်တွင်နေထိုင်မှု၊ လူတန်းစား၊ တိုင်းရင်းသား သို့မဟုတ် ဘာသာရေးအခြေပြုသည့်ကိုယ်ပိုင်လက္ခဏာနှင့် မသန်မစွမ်းမှုတို့အပေါ် မူတည်၍ ဝန်ဆောင်မှုဖြည့်ဆည်းရာတွင် ကိုယ်စားပြုမှုရှိခြင်းမှ ဘေးဖယ်ခံထားရသူများ၏အမြင်များ ပါဝင်စေရမည်။

### ၃.၂.၁။ အကြံပေးအဖွဲ့ ဖွဲ့စည်းပုံ

အကြံပေးအဖွဲ့တွင် အဓိကလုပ်ငန်းတာဝန် ၃ ခုကို ဆောင်ရွက်ရန်အတွက် တာဝန်ရှိပြီး၊ ၎င်းတို့မှာ -

(၁) ဆန်းစစ်လေ့လာရေးဖွဲ့အား တရားဝင်ဖြစ်အောင်ဖြည့်ဆည်းပေးရန်၊ (၂) ဆန်းစစ်လေ့လာမှု၏ရလဒ်များအား ပြောင်းလဲမှုကိုဖော်ထုတ်နိုင်စွမ်းရှိသူများထံ ပေးပို့

ရန်နှင့် (၃) လမ်းညွှန်မှုနှင့် အကြံဉာဏ်ပေးရန်တို့ ဖြစ်သည်။ ထိုတာဝန် ၃ ခု တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အကြံပေးအဖွဲ့ကို ဝန်ဆောင်မှုအပေါ် သြဇာလွှမ်းမိုးမှုရှိသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသင့်သည်။ ၎င်းတို့သည် ဆန်းစစ်လေ့လာမှု၏ ရလဒ်များအား အသုံးပြုရန်အလားအလာရှိသူများ၊ ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်လာအောင်ပြုလုပ်ရန် စိတ်ဝင်စားသူများနှင့် မူဝါဒလုပ်ငန်းစဉ်မှတစ်ဆင့် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှု၏ ပြုပြင်ပြောင်းလဲမှုအား တွန်းအားပေးနိုင်သည့် အာဏာရှိသူများ ပါဝင်သည်။ ဆန်းစစ်လေ့လာမှုအား တရားဝင်ဖြစ်စေရန်အတွက် အကြံပေးအဖွဲ့တွင် ဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး သို့မဟုတ် နိုင်ငံရေးတိမ်းညွှတ်မှုများထဲမှအဓိကအကျဆုံးသူများ စံအားဖြင့်ထင်ဟပ်ရမည်။ ၎င်းတို့ပါဝင်ခြင်းဖြင့် လွှမ်းမိုးမှုသည် မှန်ကန်သည့်အဆင့်နှင့်မှန်ကန်သည့်အကျိုးသက်ရောက်မှုများရရှိနိုင်ရန် အလားအလာပို၍ များသည်။ ဆန်းစစ်လေ့လာသူများ၊ အကြံပေးအဖွဲ့တို့အကြားနှင့် အလားအလာရှိသည့်ရန် ပုံငွေပေးသည့်အဖွဲ့ အစည်းများအကြား ကောင်းသောဆက်ဆံရေးရှိခြင်းသည် အချိန်ကိုက်တိုးတက်မှုဖြစ်စေသည်။ ဆန်းစစ်လေ့လာမှု ဆောင်ရွက်ရာတွင်ဓမ္မဓိဋ္ဌာန်ကျစွာနှင့် ရှုထောင့်စုံလင်စွာဖြင့် ဦးဆောင်သည်ကိုအာမခံရန် နှစ်ဖက်စလုံးတွင် တာဝန်ရှိသည်။

ထို့အပြင် ဆန်းစစ်လေ့လာမှုအဆင့်မှထွက်ပေါ်လာသောရလဒ်များနှင့်ပတ်သက်သည့် အလားအလာရှိသည့် ဆောင်ရွက် မှုများစီစဉ်ရာတွင် အကြံပေးအဖွဲ့သည် ဆန်းစစ်လေ့လာရေးဖွဲ့နှင့် ယှဉ်တွဲ၍ပါဝင်သင့်သည်။ ဆန်းစစ်လေ့လာမှုမှ ထွက်ပေါ်လာသည့် အဆိုပြုချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် ဆောင်ရွက်မှုများအတွက် အကြံပေးအဖွဲ့တွင်တာဝန်ရှိသည်။ အကြံပေးအဖွဲ့နှင့် ဆန်းစစ်လေ့လာ ရေးအဖွဲ့တို့သည် မိမိတို့၏ဆက်ဆံရေးအား မည်ကဲ့သို့တည်ဆောက်မည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။ အကြံပေးအဖွဲ့၏အဖွဲ့ဝင်များ နေ့စဉ်ထမ်းဆောင်ရသည့် တာဝန်ဝတ္တရားများကြောင့်ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့်အဖွဲ့ဝင်များနှင့်ဆွေးနွေးရန် အကန့်အသတ်ဖြင့်သာရှိသည့်အချိန်ကို မည်ကဲ့သို့အကောင်းဆုံး အသုံးချမည်ကို သတ်မှတ်ရမည်။ ပူးတွဲ ၂ တွင်ပါသည့် ဆောင်ရွက်ရန်စာရင်းထဲတွင် လုပ်ငန်းစဉ်ကို ရှေ့ဆက်သွားရန်အတွက် ထိုမရှိမဖြစ်ဖြစ်သည့် အုပ်စုနှစ်ခုအကြား အောင်မြင်သည့် ပူးပေါင်းဆောင်ရွက်မှုကိုပုံဖော်ရန် အကြံဉာဏ်များ ပေးထားသည်။

## ၃.၂.၂။ သြဇာလွှမ်းမိုးမှုရရှိစေရန် ပြုလုပ်ပုံ

သြဇာလွှမ်းမိုးမှုအရှိဆုံးမှာ အကြံပေးအဖွဲ့ပင်ဖြစ်သည်။ ထိုအဖွဲ့ဝင်များအား ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ၎င်း၏အနေအထားများနှင့် သြဇာလွှမ်းမိုးမှုများအတွက် ရွေးချယ်ထားခြင်းဖြစ်သည်။ လုပ်ငန်းစဉ်တွင် ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာနှင့်ပိုင်ဆိုင်မှု

တို့သည် ဆုံးဖြတ်ချက်ချခြင်းတွင် ဆန္ဒမဲစစ်ဆေးရေးလာမှု၏ရလဒ်များက သြဇာလွှမ်းမိုးမှု ရှိနိုင်ခြေကို မြှင့်တင်ပေးမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေးအဖွဲ့တို့သည် သြဇာလွှမ်းမိုးနိုင်မည့် ဖြစ်နိုင်ခြေလမ်းကြောင်းအားလုံးကို စူးစမ်းသင့်သည်။ သြဇာလွှမ်းမိုးမှု ပိုမိုရရှိနိုင်ရန်အတွက် မဟာဗျူဟာတစ်ခုမှာ အစီရင်ခံစာများအား ဝေငှခြင်းနှင့် နိုင်ငံရေး ပါတီများ၊ လွှတ်တော်၊ မကျေနပ်ချက်များကိုစုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ၏ရုံးများ၊ အမြင့်ဆုံးအာဏာပိုင်စာရင်းစစ်အဖွဲ့အစည်းများ၊ အစိုးရစစ်ဆေးရေးအဖွဲ့များ၊ ထိန်းညှိရေးအာဏာပိုင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍ ဝန်ဆောင်မှု ပေးသူများ၏သက်ဆိုင်သည့်အုပ်စုများ စသည်တို့ကဲ့သို့သော အဓိက အင်စတီကျူးရှင်းများနှင့် အဖွဲ့အစည်းများကို ပွဲများတွင်ပါဝင်တက်ရောက်ရန် ဖိတ်ခေါ် မှုများပြုလုပ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ဆုံးဖြတ်ချက်ချခြင်း အပေါ် လွှမ်းမိုးမှုပြု လုပ်နိုင်သည့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် အင်စတီကျူးရှင်းမဆိုသည် အကြံပေး အဖွဲ့က ပြုလုပ်ပေးသည့်လုပ်ငန်းနှင့် လွှမ်းမိုးမှုတို့အတွက် အလွန်ကောင်းမွန်သည့် အထောက်အကူများဖြစ်သည်။

## မဟာဗျူဟာမြောက် အချိန်ကိုက်ဖြစ်မှု

ဆန်းစစ်လေ့လာသူများအနေနှင့် ဆန်းစစ်လေ့လာမှုရလဒ်များအားအသုံးပြုရန် ဖြစ်နိုင်ခြေနည်းလမ်းများဖော်ထုတ်ပြီး အဆိုပြုချက်များ ပို၍သြဇာလွှမ်းမိုးမှုရှိလာအောင် ပြုလုပ်ရန်အတွက် ဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။ အမြင့်မားဆုံးထိတွေ့မှုနှင့် သြဇာ လွှမ်းမိုးမှုများရရှိရန်အတွက် အဓိကဆုံးဖြတ်ချက်ချမှတ်သည့်အချိန်များကို ပစ်မှတ်ထား ရန် အရေးကြီးသည်။ ဥပမာအားဖြင့် ထိုသို့သောအချိန်များဆိုသည်မှာ အထွေထွေရွေး ကောက်ပွဲ၊ တိုင်းပြည်မူဝါဒပြင်ဆင်သည့်အချိန်၊ နိုင်ငံ၏ အများပြည်သူကျန်းမာရေး စောင့်ရှောက်မှု ငါးနှစ်အစီအစဉ်ပြီးဆုံးချိန် သို့မဟုတ် ပြန်လည်ပြင်ဆင်ချိန် သို့မဟုတ် ကုလသမဂ္ဂသဘောတူညီချက်စောင့်ကြည့်လေ့လာရေးအဖွဲ့ထံ နိုင်ငံအလိုက်အစီရင်ခံ စာတင်သွင်းချိန် သို့မဟုတ် အလားတူဒေသဆိုင်ရာအစီရင်ခံစာ တင်သွင်းချိန် - ဥပမာ အားဖြင့် တိုင်းပြည်အတွင်း ကျား-မဆိုင်ရာ အစီရင်ခံစာတင်သွင်းချိန်တို့ဖြစ်သည်။

ထိုကဲ့သို့သောမဟာဗျူဟာမြောက်သည့် စတင်ဆောင်ရွက်ရမည့်နေရာများအား ဖော်ထုတ်ခြင်းကို အထောက်အကူပြုနိုင်သည့် မေးခွန်းများအား အောက်တွင်ဖော်ပြ ထားသည် -

- ဝန်ဆောင်မှု သို့မဟုတ် အကောင်အထည်ဖော်မှုကို စီမံအုပ်ချုပ်မည့် မူဝါဒအား အနာဂတ် တွင်အကဲဖြတ်ပြီး ပြင်ဆင်မှုများပြုလုပ်ရန်ရှိပါသလား။ ပြဿနာကိုဆက်လက်ပြီးအခြေ အတင်ဆွေးနွေးနေပါသလား၊ ရေဒီယိုထုတ်လွှင့်မှုများအပါအဝင် မီဒီယာ၏ အာရုံစိုက်မှု ဆက်လက် ရရှိနေပါသလား။

- အနည်းဆုံးအားဖြင့် နိုင်ငံရေးပါတီအချို့၊ တာဝန်ရှိသည့်လွှတ်တော်ကော်မတီ သို့မဟုတ် လူမှုလှုပ်ရှားမှုများနှင့် ၎င်းနှင့်သက်ဆိုင်သည့်အုပ်စုများအနေနှင့် ဝန်ဆောင်မှု တိုးတက်ကောင်းမွန်လာစေရန် အဆက်မပြတ်တိုက်တွန်းမှုပြုလုပ်ခြင်းများ ရှိပါသလား။ သို့မဟုတ် စတင်ဝင်ရောက်ဆောင်ရွက်ရမည့်နေရာများအား ဖော်ထုတ်ရန်အတွက် အခက်အခဲများစွာရှိစေမည့် လုံးဝနီးပါးတိတ်ဆိတ်နေသည့်အခြေအနေမျိုး ဖြစ်နေပါသလား။
- နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ နိုင်ငံတော်ကဏ္ဍအစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုနှင့်ဆက်နွယ်သည့် ပိုမိုသီးခြားကျသည့်အစီအစဉ်တစ်ခုအပေါ် ပြန်လည်သုံးသပ်ရန်ရှိပါသလား။ မကြာသေးသောအနာဂတ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ရန် သို့မဟုတ် ဆက်စပ်သည့်ဥပဒေ သို့မဟုတ် မူဝါဒများအား ပြန်လည်သုံးသပ်ရန်ရှိပါသလား။ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsma) ၏ ရုံး သို့မဟုတ် အမြင့်ဆုံးအာဏာပိုင်စာရင်းစစ်အဖွဲ့အစည်းတို့က စီစဉ်ထားသည့် ဝန်ဆောင်မှုအပေါ် ပြန်လည်သုံးသပ်ရန် ရှိပါသလား။
- ကုလသမဂ္ဂလူ့အခွင့်အရေးသဘောတူညီချက်များ၏ သဘောတူညီချက်စောင့်ကြည့်လေ့လာရေးအဖွဲ့များထံ တိုင်းပြည်အလိုက်အစီရင်ခံစာ သို့မဟုတ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ငန်းစဉ်အောက်ရှိ သီးခြားလွတ်လပ်သည့်လူ့အခွင့်အရေးကျွမ်းကျင်သူများ လာရောက်လေ့လာရန် သို့မဟုတ် ၎င်းတို့နှင့်ညီမျှသည့် ထိုဝန်ဆောင်မှုနှင့်ပတ်သက်သော ဒေသအတွင်းအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုတစ်ခု ပြုလုပ်ရန်ရှိပါသလား။
- လာမည့် ၂ နှစ်တွင် အထွေထွေရွေးကောက်ပွဲတစ်ခု ကျင်းပရန်ရှိပါသလား။

အကောင်အထည်ဖော်ခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာ လှုံ့ဆော်တိုက်တွန်းခြင်းတို့၏ အချိန်ကိုက်ဖြစ်မှုသည် သုံးသပ်ချက်များနှင့်ဖြစ်နိုင်သည့်အကြံပြုချက်များအား လက်တွေ့လုပ်ငန်း ဆောင်ရွက်ဆောင်ရွက်မှုကိုဖောင်းပေးသည့် တွေ့ဆုံဆွေးနွေးမှုများ အဖြစ် အသွင်ပြောင်းရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ကြောင့် ဆန်းစစ်လေ့လာမှုတလျှောက်တွင် ထိတွေ့နိုင်သည့် ပြောင်းလဲမှုများရရှိရန်အတွက် အဖွဲ့အနေနှင့် နည်းဗျူဟာများထိန်းညှိသွားရန် လိုအပ်သည်။ ထိုစတင်ဆောင် ရွက်ရမည့်နေရာများအား အာရုံစိုက်ခြင်းသည် ဆန်းစစ်လေ့လာမှု၏သက်ရောက်မှုအား များစွာ တိုးမြှင့်ပေးနိုင်သည့် နည်းဗျူဟာတစ်ခုဖြစ်သည်။

**ဇယားကွက် ၁၁ အဖွဲ့အစည်းအတွင်း တစ်ဆင့်ပြီးတစ်ဆင့် အစီရင်ခံစာတင်ခြင်း**

ရှုထောင့်အားလုံးကို မှတ်တမ်းတင်ထားစေရန်အတွက် အတိုချုပ်အသေးစိတ်ရှင်းလင်းမှုများအား ပြုလုပ်ပြီး ခိုင်လုံအောင်ဆောင်ရွက်ရန် အကြံပြုလိုသည်။ ဥပမာအားဖြင့် အဓိကမှတ်တိုင်များရောက်ရှိပြီးသည့်အခါတွင် ဖြစ်သည်။ ရှည်လျားပြီးထု

ထဲသည့်သင်ယူမှုကိရိယာများအစား တိုက်ရိုက်ဦးတည်ပြီးသွားသည့် စာသားများကိုသာ အသုံးပြုနိုင်ဖွယ်ရှိသည်ဆိုသည့်အယူအဆအပေါ် ၎င်းအားတည်ဆောက်ထားခြင်းဖြစ်သည်။

**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : အားဖြည့်ခြင်း**

- အကြံပေးအဖွဲ့ကို ဖွဲ့စည်းခြင်း
- အသုံးပြုသူများကိုဖော်ထုတ်ပြီး ဆန်းစစ်လေ့လာမှုရကိုအသုံးပြုခြင်းနှင့် အကြံဉာဏ်များနှင့် အချက်အလက်များအချိန်နှင့်တပြေးညီ ထည့်သွင်းခြင်း

## ၃.၃။ ဦးတည်ရာလမ်းကြောင်းရေးဆွဲခြင်း

ဆန်းစစ်လေ့လာရေးဖွဲ့နှင့်အကြံပေးအဖွဲ့တို့သည် ၎င်းတို့၏သက်ဆိုင်ရာတာဝန်ဝတ္တရားများနှင့်အတူ ဤအဆင့်တွင် နည်းနာဗေဒ၏နည်းပညာဆိုင်ရာကိစ္စရပ်များအား စတင်အသုံးပြုတော့မည်ဖြစ်သည်။ ဆန်းစစ်လေ့လာရေးအဖွဲ့၏ တာဝန်မှာ အဓိကပြဿနာများအားဖော်ထုတ်ရန်နှင့် ပြဿနာတစ်ခုချင်းစီအတွက် မည်သူကတာဝန်ရှိသည်နှင့် တာဝန်ခံယူမှုရှိခြင်းဆိုင်ရာ ဆက်ဆံရေးများအား ဖော်ထုတ်ရန်တို့အတွက် မူဝါဒလုပ်ငန်းစဉ်တလျှောက်တွင် ဝန်ဆောင်မှုအား ပုံကြမ်းရေးဆွဲရန် ဖြစ်သည်။

### ၃.၃.၁။ မူဝါဒလုပ်ငန်းစဉ် အသေးစိတ်ရေးဆွဲခြင်း

ဆန်းစစ်လေ့လာမှု၏နောက်တစ်ဆင့်မှာ ဝန်ဆောင်မှု၏မူဝါဒလုပ်ငန်းစဉ်အသေးစိတ်ရေးဆွဲရန်ဖြစ်ပြီး၊ ဥပမာအားဖြင့် ဝန်ဆောင်မှု၏မူဝါဒလုပ်ငန်းစဉ်အဆင့်တစ်ခုတွင် *မည်သူက မည်သည့်အရာကို မည်ကဲ့သို့ပြုလုပ်ရမည်ကို* သတ်မှတ်ရန် အောက်ဖော်ပြပါမေးခွန်းများအား ဂရုတစိုက်ဖြင့် ဖြေကြားခြင်းဖြစ်သည် -

- ကဏ္ဍ၏ဦးစားပေးမှုများအားချမှတ်ရန် မည်သူ့တွင်အာဏာ သို့မဟုတ် လွှမ်းမိုးမှုရှိသနည်းနှင့် ဝန်ဆောင်မှုအား ငွေကြေးထောက်ပံ့မှုကို မည်သူကပြုလုပ်သနည်း၊ သို့မဟုတ် ဘတ်ဂျက်အား ခွဲဝေခြင်းနှင့်ပတ်သက်ပြီး မည်သူက ဆုံးဖြတ်ချက်များချမှတ်သနည်း။ (အစီအစဉ်ရေးဆွဲခြင်း)
- ဝန်ဆောင်မှု၏ထိန်းညှိရေးမူဘောင်အား မည်သူက ဆုံးဖြတ်သနည်း။ (မူဝါဒချမှတ်ခြင်း)
- ထိုစည်းမျဉ်းများအားအကောင်အထည်ဖော်ခြင်းနှင့်ဘတ်ဂျက်အားအသုံးပြုခြင်းတို့တွင် မည်သူက ကြီးကြပ်ကွပ်ကဲသနည်း။ (အကောင်အထည်ဖော်ခြင်း)
- လုပ်ငန်းစဉ်အား စောင့်ကြည့်ရန်နှင့်ကြီးကြပ်ရန်တို့အတွက် မည်သည့်အေဂျင်စီတွင် အခွင့်အာဏာ ရှိသနည်း။

အသေးစိတ်ရေးဆွဲရေးလုပ်ငန်းစဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုမှာ အစိုးရ၏ ဗဟိုနှင့် နိုင်ငံတော်အဆင့်အောက်ရှိ အဆင့်များအကြား တာဝန်ဝတ္တရားများအား ခွဲခြား သတ်မှတ်ရန်ဖြစ်သည်။ ထို့အပြင် သူတို့၏ ဆက်စပ်သည့် လုပ်ပိုင်ခွင့်အာဏာများနှင့် သူတို့အနေနှင့် ဝန်ဆောင်မှုအား အစီအစဉ်ရေးဆွဲရန်၊ ထိန်းညှိရန်နှင့် အကောင် အထည်ဖော်ရန်တို့အပြင် ၎င်းတို့၏တာဝန်ဝတ္တရားများအား ဆောင်ရွက်နိုင်ရန်အတွက် ၎င်းတို့တွင်ရှိသည့်အရင်းအမြစ်များအား သတ်မှတ်ရန်အတွက်လည်း အရေးကြီးသည်။ မူဝါဒလုပ်ငန်းစဉ်တွင် များသောအားဖြင့် အလွှာမျိုးစုံပါဝင်ပြီး အစိုးရ၏အဆင့်များ၊ ရုံး များ သို့မဟုတ် အေဂျင်စီများတွင် မတူညီသည့် သီခြားတာဝန်ဝတ္တရားများရှိပြီး ၎င်း သည် အပြန်အလှန်အကျိုးပြုနိုင်ခြင်း သို့မဟုတ် ထပ်နေနိုင်ခြင်းများ ဖြစ်နိုင်သည်။ ထို့ကြောင့် ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် အစိုးရ၏အဆင့်မျိုးစုံတို့တွင် ဝန်ဆောင် မှုအတွက်ရှိသည့် တာဝန်ဝတ္တရားမျိုးစုံတို့အား မြေပုံရေးဆွဲရန် အရေးကြီးသည်။

ထို့အပြင် ဆန်းစစ်လေ့လာရေးဖွဲ့အနေနှင့် လုပ်ငန်းစဉ်တွင်တည်ရှိသည့် တရား ဝင်နှင့်တရားဝင်မဟုတ်သော ဖြစ်စဉ်များကိုလည်း နားလည်ရန်လိုအပ်သည်။ ဥပမာ အားဖြင့် နိုင်ငံအဆင့်အောက်ရှိအစိုးရများနှင့် အာဏာပိုင်များအား ရွေးချယ်ထားခြင်း သို့မဟုတ် တင်မြှောက်ထားခြင်း ဟုတ်၊မဟုတ်သည် သူတို့မည်သူမည်ဝါဖြစ်သည်ဆို သည့်အပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။ လက်တွေ့တွင် တာဝန်ခံယူရမည်ဖြစ် သည်။ ထို့အပြင် နက်ရှိုင်းစွာကိန်းအောင်နေသည့် တရားဝင်မဟုတ်သည့်လုပ်ထုံးများ နှင့် အာဏာကွန်ရက်များသည် ဝန်ဆောင်မှုပေးပုံကို ဩဇာလွှမ်းမိုးနိုင်သည့်အပြင် တိုင်းပြည်အတွင်းရှိ တရားဝင်တာဝန်ခံယူမှုရှိခြင်း ဆိုင်ရာဆက်ဆံရေးအပေါ်လည်း သက်ရောက်မှု ရှိနိုင်သည်။ များသောအားဖြင့် အစဉ်အလာအရ အာဏာပိုင်များသည် နိုင်ငံရေးလုပ်ငန်းစဉ်တွင် တရားဝင်အခန်းကဏ္ဍမရှိခြင်း သို့မဟုတ် တရားဝင်ဖယ်ရှားခံ ထားရသည့်တိုင်အောင် ၎င်းတို့အနေနှင့် အာဏာနှင့်ဩဇာလွှမ်းမိုးမှုများစွာ ရှိနေနိုင် သည်။ နောက်ထပ်ဥပမာတစ်ခုမှာ သက်ဆိုင်သည့်အုပ်စုများဖြစ်ပြီး ၎င်းတို့သည် မူဝါဒ ရေးဆွဲသူများအား ဖိအားပေးခြင်းဖြင့် မူဝါဒရလဒ်များအပေါ် ဩဇာလွှမ်းမိုးမှုပေးနိုင် သည်။ ဆန်းစစ်လေ့လာသူများအနေနှင့် ထိုတရားဝင်မဟုတ်သော ဆောင်ရွက်သူများ နှင့် ဝန်ဆောင်မှုပေးပို့မှုအပေါ် ဩဇာလွှမ်းမိုးနိုင်သည့် ၎င်းတို့၏ ခိုင်မာသောနည်းလမ်း များအား ဖော်ထုတ်ရမည်ဖြစ်သည်။

## ၃.၃.၂။ ပြဿနာများအပေါ် အာရုံစိုက်မှုကို ပိုမိုအားကောင်းအောင်ပြုလုပ်ပုံ

ဆန်းစစ်လေ့လာရေးအဖွဲ့သည် ဝန်ဆောင်မှု၏မူဝါဒလုပ်ငန်းစဉ် အသေးစိတ် ရေးဆွဲပြီးသည့်အခါတွင် ဝန်ဆောင်မှုအပေါ်သက်ရောက်မှုရှိနိုင်သည့်ပြဿနာများအား ဖော်ထုတ်နိုင်သည့်အနေအထားတစ်ခု ၎င်းတို့ရရှိနေမည်ဖြစ်သည်။ ပြဿနာများအား

ဖော်ထုတ်ခြင်းဖြင့် ဆန်းစစ်လေ့လာမှု၏အတိုင်းအတာ၊ ဆန်းစစ်ရန်လိုအပ်သည့် လုပ်ကိုင်ဆောင်ရွက်သူများနှင့် ဆက်သွယ်ရေးများသတ်မှတ်ပြီး မေးခွန်းလွှာများအား ပြုစုကာ ပြုပြင်ပြောင်းလဲမှုဖောင်းပေးသည့် အကြံပြုချက်များပေးရမည့် အနေအထားသို့ သွားရမည်ဖြစ်သည်။

ပထမဦးစွာ အဆင့် ၃.၁.၁ အား သတိရရန်လိုအပ်ပြီး စတင်ဆောင်ရွက်သူများ အနေနှင့် ဝန်ဆောင်မှုပေးခြင်း နှင့်ပတ်သက်ပြီး အလွန်အသေးစိတ်ကျသည့် စိုးရိမ်မှု တစ်ခုမှတစ်ဆင့် တာဝန်ခံမှုကို ဆန်းစစ်ခြင်းဖြစ်သည်။ ထိုသို့သော စိုးရိမ်မှုများသည် ဝန်ဆောင်မှုပေးခြင်း၏ အောင်မြင်ခြင်းကို ဟန့်တားသည့်အတားအဆီးများနှင့် ချိတ်ဆက်နေသည်။ ထိုအတားအဆီးများသည် ဆန်းစစ်လေ့လာမှုက အာရုံစိုက်မည့် ပြဿနာများ ဖြစ်သည်။

ဤအဆင့်တွင် ဆန်းစစ်လေ့လာသူများ ပြုလုပ်ရန်လိုအပ်သည်မှာ -

- ဖော်ထုတ်ခဲ့သောပုံကြမ်းနှင့်အညီ မူဝါဒလုပ်ငန်းစဉ်အရ **ပြဿနာများကို ဖော်ထုတ်ရန်** ဖြစ်သည်။ အဖွဲ့အနေနှင့် ပြဿနာနောက်ကွယ်ရှိ သာမန်အချိတ်အဆက်များအား နားလည်နိုင်ရန်အတွက် အသေးစိတ်ရေးဆွဲသည့် အစီအစဉ်များကို အသုံးပြုမည်။ ဝန်ဆောင်မှုပေးခြင်း၏ အောင်မြင်မှုကို အဟန့်အတားဖြစ်စေသည် လျစ်လျူထားသော သို့မဟုတ် ညံ့ဖျင်းစွာဆောင်ရွက်သော သို့မဟုတ် လုံးဝဆောင်ရွက်ခြင်းမရှိသော မူဝါဒ လုပ်ငန်းစဉ်ရှိ တိကျခိုင်မာသော တာဝန်များနှင့် ဝတ္တရားများကို ထိုပုံကြမ်းက ဖော်ထုတ်ပေးမည်ဖြစ်သည်။

- **ကောင်းမွန်စွာသိရှိနားလည်သည့်လုပ်ကိုင်ဆောင်ရွက်သူများနှင့် တိုင်ပင်ခြင်း** ဆိုသည်မှာ တို့၏နားလည်မှု ပြည့်ဝစေရန်အတွက် ဆန်းစစ်လေ့လာသူများသည် ၎င်းတို့၏ကိုယ်ပိုင်ကျွမ်းကျင်မှုများအား အသုံးပြုရန်လိုအပ်သကဲ့သို့ ဝန်ဆောင်မှုနှင့်ဆက်စပ်ပြီး ကောင်းမွန်စွာသိရှိနားလည်သည့် အခြားလုပ်ကိုင်ဆောင်ရွက်သူများ၏ ကျွမ်းကျင်မှုကိုလည်း လိုအပ်သည်။ သောက်သုံးရေလက်လှမ်းမီခြင်း မရှိသည့်အကြောင်းရင်း သို့မဟုတ် ကျောင်းများတွင် လူနည်းစုအချို့ ကောင်းမွန်စွာမလိုက်နိုင်ခြင်းတို့၏အကြောင်းရင်းများကို ဥပမာယူ၍ စဉ်းစားကြည့်ကြပါစို့။ ဆန်းစစ်လေ့လာသူများအနေနှင့် ရေကွန်ရက်အားတိုးချဲ့ခြင်းကို စီမံသည့်စည်းမျဉ်းများ သို့မဟုတ် ကျောင်းသားများ၏ကျောင်းတက်ရောက်မှုနှုန်း မြင့်ခြင်း ရှိ၊ မရှိတို့ကို သိရှိနိုင်မည်။ အခြားကျွမ်းကျင်သူများက နောက်ခံအကြောင်းရင်းများကို ဖော်ထုတ်နိုင်ကာ၊ ဥပမာအားဖြင့် ရေပေးဝေရေး အဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုသည် ဗဟိုမှဒေသဆိုင်ရာအာဏာပိုင်များဆီသို့ အချိန်မီပေးပို့ခြင်းမရှိ သို့မဟုတ် ကျောင်းသားများစားသုံးသည့် အာဟာရသည် အသိပညာဖြစ်ထွန်းရန် လိုအပ်သော အနိမ့်ဆုံးအချိုးထက်နည်းနေခြင်း အစရှိသည်တို့ကို ၎င်းတို့အနေနှင့် သိရှိနိုင်သည်။ ထိုသို့သော ပြဿနာအပေါ် အသေးစိတ် သိရှိနားလည်ခြင်း

သည့် လိုအပ်မှုတစ်ခုဖြစ်သည်။ စတင်ဆောင်ရွက်သူများ၏စိုးရိမ်မှု၏ ဇစ်မြစ်တွင် မည်သည့်အရာများရှိသည်ကို ရှင်းလင်းစွာသဘောပေါက်မှသာ ဝန်ဆောင်မှု အားသက်ရောက်မှုရှိသည့် ဆက်စပ်သောပြဿနာများအပေါ် ဆန်းစစ်လေ့လာသူများ အာရုံစိုက်နိုင်မည် ဖြစ်သည်။

- **မူဝါဒလုပ်ငန်းစဉ်မှတစ်ဆင့် ပြဿနာများအား နောက်ကြောင်းလိုက်ခြင်း** ဆိုသည်မှာ ပြဿနာများကို ဖော်ထုတ်ပြီးသည့်အခါတွင် စနစ်တကျစုစည်းပြီး ၎င်းတို့၏သက်ရောက်မှုများကို ဆန်းစစ်လေ့လာသူများက စဉ်းစားရမည်ဖြစ်သည်။ ၎င်းသည် မူဝါဒချမှတ်ခြင်းလား၊ သို့မဟုတ် ဘတ်ဂျက်ခွဲဝေခြင်းလား။ အကောင်အထည်ဖော်ခြင်းအတွက် သက်ရောက်မှုတွေက ဘာတွေဖြစ်သနည်း။ ပြဿနာများစတင်ဖြစ်ပွားသည့် မူဝါဒ ဖြစ်စဉ်၏ တိကျသည့်အဆင့်ဆီသို့ နောက်ပြန်သွားခြင်းဖြင့် ဆန်းစစ်လေ့လာရေးအဖွဲ့သည် ထိုပြဿနာများအတွက် မည်သည့်ရုံးက တာဝန်ရှိသည်ဆိုသည်အား ဖော်ထုတ်နိုင်မည့်အပြင် တာဝန်ရှိသူများအနေနှင့် မည်သူ့ထံသို့ ရှင်းပြရမည်နှင့် သူတို့၏လုပ်ဆောင်မှုများအား လျော်ကန်ကြောင်းပြရမည်ဆိုသည်တို့ကိုလည်း ဖော်ထုတ်နိုင်မည်။

## ပုံ ၅ - စိုးရိမ်ပူပန်မှုအား ဖော်ထုတ်ခြင်း

**စိုးရိမ်ပူပန်မှုအား ဖော်ထုတ်ခြင်း**

**ပြဿနာအား ဖော်ထုတ်ခြင်း**

- ဝန်ဆောင်မှု၏ မည်သည့်အစိတ်အပိုင်းများသည် စိုးရိမ်မှုအား ဖြစ်ပေါ်စေသနည်း။

**တာဝန်ရှိသူများအား ဖော်ထုတ်ခြင်း**

- မူဝါဒလုပ်ငန်းစဉ်၏ အဆင့်တစ်ခုချင်းစီတွင် ပြဿနာ(များ) အတွက် မည်သူ့တွင် တာဝန်ရှိသနည်း။

**တောင်းဆိုပိုင်ခွင့်ရှိသူများအား ဖော်ထုတ်ခြင်း**

- ပြဿနာများအတွက် တာဝန်ရှိသူများအနေဖြင့် မည်သူတို့ထံ တာဝန်ခံယူရမည်နည်း။

## ဖော်ထုတ်ထားသည့်ပြဿနာများသည် ဆီလျော်မှုရှိရမည်ဖြစ်သည်

မူဝါဒလုပ်ငန်းစဉ်တလျှောက်တွင် ပြဿနာများစွာဖော်ထုတ်နိုင်ခြေရှိသောကြောင့် ဆန်းစစ်လေ့လာသူများက ဆီလျော်မှုအရှိဆုံးပြဿနာများကို ဖော်ထုတ်ရန်လိုအပ်မည်။ ပြဿနာတစ်ခုမှပေါ်ထွက်လာသည့် တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးအချို့ကို ဦးစားပေး အာရုံစိုက်၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လူငယ်များအတွက် ပညာရေးအရည်

အသွေးနိမ့်ကျခြင်းကဲ့သို့သော အလွန်ယေဘုယျကျပြီး ကျယ်ပြန့်သည့်စိုးရိမ်ပူပန်မှုများအတွက် တာဝန်ခံယူမှုဆိုင်ရာဆက်ဆံရေးများစွာလိုအပ်မည်ဖြစ်ပြီး ဆန်းစစ်လေ့လာမှုကို ရှုပ်ထွေးစေနိုင်သည်။ ပြောင်းပြန်အားဖြင့် ဆန်းစစ်လေ့လာသူများသည် ရပ်ရွာလူထုနှစ်ခုအကြား ချိတ်ဆက်ပေးသည့် လမ်းတစ်ခုပေါ်တွင်ရှိသော ဆိုင်းဘုတ်အခြေအနေမကောင်းခြင်းကဲ့သို့သော အလွန်ရိုးရှင်းပြီးသီးခြားဖြစ်သည့် ပြဿနာမျိုးများကိုလည်းရှောင်ရှားသင့်သည်။ အကြောင်းမှာဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်တစ်ရပ်လုံး၏ လိုအပ်သောကြိုးပမ်းမှုများနှင့် ထိုက်တန်ခြင်းရှိချင်မှရှိမည်ဖြစ်သည်။

သက်ဆိုင်မှုရှိသည့်ပြဿနာများဖော်ထုတ်ရန်အတွက် အထောက်အကူပြုသော မေးခွန်းများအား အောက်တွင် ဖော်ပြထားသည် -

- ရရှိနိုင်သည့်အချက်အလက်များနှင့်လက်လှမ်းမီသည့်အချက်အလက်များ ရှိပါသလား။ ထိုအချက်အလက်သည် ပြဿနာနှင့် သက်ဆိုင်မှုရှိပါသလား။
- တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများသည် ခိုင်မာမှုရှိပါသလား။
- ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် ပြဿနာနှင့်သက်ဆိုင်သည့်အချက်အလက်အား ပိုင်းခြားစိတ်ဖြာရန်အတွက် လုပ်နိုင်စွမ်းရည်၊ အချိန်နှင့်နေရာတို့ ရှိပါသလား။

**ဇယားကွက် ၁၂ မာလာဝီနိုင်ငံကို ကြည့်ရှုခြင်း - စိုးရိမ်ပူပန်မှုများမှ ပြဿနာများဆီသို့**

မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးကပြုလုပ်သည့် ဆန်းစစ်လေ့လာမှုတစ်ခုတွင် မြို့တော် လီလောင်ဂီ အနီးပတ်ဝန်းကျင်ရှိ မြို့ပြဒေသများတွင် အညစ်အကြေး အစိုင်အခဲနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများကြောင့်ဖြစ်ပေါ်သည့်စိုးရိမ်ပူပန်မှုတစ်ခုအား ဖော်ထုတ်ခဲ့သည်။ မြို့ပြဒေသများရှိနေထိုင်သူများ စွန့်ပစ်သောအညစ်အ ကြေးအစိုင်အခဲများအား စီမံခန့်ခွဲရန်အတွက် မည်သည့်စနစ်မှမရှိပါ။ ဝန်ဆောင်မှုပေးခြင်း ကွင်းဆက်အား နောက်ကြောင်းလိုက်ခြင်းဖြင့် ထိုစိုးရိမ်ပူပန်မှုအား ငွေကြေးအခက်အခဲ တစ်ခုကြောင့် ဖြစ်ပေါ်သည်ကို အဖွဲ့ကဖော်ထုတ်နိုင်ခဲ့သည်။ ဝန်ဆောင်မှုအတွင်းရှိလိုအပ်မှုများမှာ ကုန်ကျစရိတ်များကိုကာမိစေသည့် တည်ငြိမ်ပြီးပုံမှန်ဖြစ်သည့် ငွေပံ့ပိုးမှု မရှိခြင်းနှင့် ချိတ်ဆက်နေသည်။ ထိုအချက်များအား သိရှိသည့်အခါ လုပ်ကိုင်ဆောင်ရွက်သူများ၊ တာဝန်ဂတ္တရားများနှင့် သူတို့အနီးပတ်ဝန်းကျင်ရှိ အနေအထားများကို မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (ombudsman) ၏ရုံးက ပိုမိုနီးကပ်စွာကြည့်ခြင်းဖြင့် ပြဿနာကိုသုံးသပ်နိုင်ပြီး ဝန်ဆောင်မှုအား ထိန်းချုပ်သည့် တာဝန်ခံယူမှုဆိုင်ရာ ဆက်ဆံရေးများအား ပိုင်းခြားစိတ်ဖြာနိုင်ခဲ့သည်။ ပြဿနာကိုဖော်ထုတ်ခြင်းသည် ဆန်းစစ်လေ့လာမှုတစ်ခုလုံးအပေါ် ဩဇာလွှမ်းမိုးမှု

ရှိပြီး ၎င်း၏လက်တွေ့လုပ်ငန်းဆောင်ရွက် ဆောင်ရွက်မှုဖောင်းပေးသည့် အကြံပြုချက်များအား အဓိပ္ပာယ်ဖွင့်ဆိုပေးသည် (International IDEA နှင့် မာလာဝီရှိ Ombudsman ရုံး၊ ၂၀၁၄)။

## မတူညီသည့်ပြဿနာများ၊ တာဝန်ခံမှုအတွက် မတူညီသည့်မက်လုံးများ

ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုသည် အချို့ကဏ္ဍများ သို့မဟုတ် ကဏ္ဍခွဲများတွင် အခြားကဏ္ဍများထက် ပို၍မြင့်မားသည့်အတိုင်းအတာဖြင့်ရှိနိုင်သည်ကို ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် သိသင့်သည်။ မြင်သာပြီး သိသာထင်ရှားစွာ ပစ်မှတ်ထားနိုင်သည့် ဝန်ဆောင်မှုများအပေါ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးသမားများက ပို၍စိတ်ဝင်စားမည်ဖြစ်သည်။ ဥပမာအားဖြင့် ပညာရေးအရည်အသွေးကဲ့သို့သော ထိတွေ့၍မရသည့်အရာထက် ကျောင်းတစ်ကျောင်း တည်ဆောက်ခြင်းသည် နိုင်ငံသားများထံမှ ပိုမိုခိုင်မာပြီးအပြုသဘောဆောင်သည့် တုံ့ပြန်မှုများ ရနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုအား ကဏ္ဍခွဲများအနေနှင့် လိုလားစွာလက်ခံနိုင်ခြင်းသည် ကျောင်းများနှင့်ပတ်သက်သည့်အချက်အလက်များ လက်လှမ်းမီရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် စုပေါင်း၍တွန်းအားပေးနိုင်ရန်ကို စီစဉ်နိုင်ရေးတို့အတွက် နိုင်ငံသားများတွင် နေရာနှင့်လုပ်နိုင်စွမ်းရည်ရှိခြင်းတို့အပေါ် မူတည်သည်။

မတူညီသည့်ပြဿနာများသည် မတူညီသည့်မက်လုံးများနှင့်အဟန့်အတားများအား မည်ကဲ့သို့ဖန်တီးသည်ကို ပိုင်းခြားစိတ်ဖြာသည့်အခါတွင် အောက်ဖော်ပြပါအစိတ်အပိုင်း ၃ ခုအား ထည့်သွင်းစဉ်းစားသင့်သည်။ ပထမ တစ်ခုမှာ ကဏ္ဍတစ်ခုချင်းစီ၏ သွင်ပြင်လက္ခဏာများသည် နိုင်ငံရေးလုပ်ကိုင်ဆောင်ရွက်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှုအသုံးပြုများအတွက် ဝန်ဆောင်မှုပေးရာတွင် အရင်းအမြစ်များအသုံးပြုရန်၊ ၎င်းတို့၏ ဝန်ဆောင်မှုစွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး နိုင်ငံသားများအပေါ် နိုင်ငံရေးလုပ်ကိုင်ဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများက တာဝန်ခံယူမှုရှိစေရန်အတွက် မက်လုံးများနှင့်အဟန့်အတားများအပေါ် ဩဇာလွှမ်းမိုးမှုရှိမည်ဖြစ်သည်။ ဒုတိယအနေနှင့် ကဏ္ဍတစ်ခုချင်းစီ၏ထူးခြားမှုများသည် မူဝါဒချမှတ်သူများနှင့် အများပြည်သူဝန်ဆောင်မှုပေးသူများအကြား အာဏာဟန်ချက်အပေါ် သက်ရောက်မှုရှိမည် ဖြစ်သည်။ တတိယအနေနှင့် တိုးတက်ကောင်းမွန်မှုများအတွက် တွန်းအားပေးရန် နိုင်ငံသားများအနေနှင့် စုပေါင်း၍ဆော်ဩစည်းရုံးနိုင်သည့် နေရာများနှင့် လမ်းကြောင်းများအား ကဏ္ဍတစ်ခုချင်းစီ၏ လက္ခဏာကသက်ရောက်မည်ဖြစ်သည် (Batley နှင့် McLoughlin ၂၀၁၂)။

## ၃.၃.၃။ တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများကို မည်သို့ခြေရာခံမည်နည်း။

မူဝါဒလုပ်ငန်းစဉ်၏အဆင့်တစ်ခုချင်းစီတွင် ဆက်စပ်မှုရှိသည့်ဝန်ဆောင်မှုပြဿနာများ ဖော်ထုတ်ပြီးသည့်အခါတွင် ပြဿနာတစ်ခုချင်းစီအတွက် တာဝန်ရှိသူများနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများကို ဆန်းစစ်လေ့လာရေးအဖွဲ့က ဆက်လက်ဖော်ထုတ်သွားရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ပြဿနာအတွက် မည်သူကတာဝန်ရှိသည် (တာဝန်ရှိသူ) နှင့် မည်သူ့အပေါ် တာဝန်ခံယူရမည် (တောင်းဆိုပိုင်ခွင့်ရှိသူ) တို့ကို ဆန်းစစ်လေ့လာသူများက ဖော်ထုတ်ရမည်ဖြစ်သည်။ မှတ်သားထားရန်အရေးကြီးသည်မှာ ပြဿနာများတွင် တာဝန်ရှိသူနှင့် တောင်းဆိုပိုင်ခွင့်ရှိသူတစ်ဦးစီထက်ပိုနိုင်ပြီး အခြားလုပ်ကိုင်ဆောင်ရွက်သူများသည် ဝန်ဆောင်မှုအား တရားဝင်မဟုတ်ဘဲ သက်ရောက်မှုရှိနိုင်သလို ပြဿနာ၏အကြောင်းရင်းအဖြစ်လည်း တစ်စိတ်တစ်ပိုင်းပါဝင်နိုင်သည်။ အဖြေရှာရန်ကြိုးပမ်းသည့်အခါတွင် ထိုလုပ်ကိုင်ဆောင်ရွက်သူများနှင့်၎င်းတို့၏ အနေအထားအလိုက် သက်ရောက်မှုများကို ဆန်းစစ်လေ့လာသူများက ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

လုပ်ကိုင်ဆောင်ရွက်သူအားလုံးနှင့် ဝန်ဆောင်မှုပြဿနာ (များ) အပေါ် လွှမ်းမိုးသည့် တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအားလုံးကို အာရုံစိုက်ရန်လိုပြီး ဆက်ဆံရေးတစ်ခုချင်းစီအား ဆန်းစစ်လေ့လာသူက သီးခြားဖော်ထုတ်ရမည်ဖြစ်သည်။ ဦးတည်ချက်မှာ မူဝါဒလုပ်ငန်းအဆင့်တစ်ခုချင်းစီတွင် သက်ရောက်မှုအရှိဆုံး ဆက်ဆံရေးများကို ဖော်ထုတ်ရန်ဖြစ်သည်။ ပြည့်စုံစေ့စပ်စွာပြုလုပ်သည့်ဆန်းစစ်လေ့လာမှုများသည် အသုံးဝင်ဆုံးသုံးသပ်ချက်များ ဖော်ထုတ်နိုင်ခြေရှိသည်။

**ဖယားကွက် ၁၃** **ဆက်ဆံရေးများ အသေးစိတ်ရေးဆွဲခြင်း**

အဓိကလုပ်ကိုင်ဆောင်ရွက်သူများနှင့် တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးများအား အသေးစိတ်ရေးဆွဲရာတွင် ဥပမာအားဖြင့် flipchart များ သို့မဟုတ် သာမန်ကပ်ခွာစာရွက်များအသုံးပြုခြင်းဖြင့် ပြဿနာ (များ) နှင့် ဆက်နွယ်၍ လုပ်ကိုင်ဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးများဖော်ထုတ်ရန် အခြေခံဖြစ်ပေမည်။ လုပ်ကိုင်ဆောင်ရွက်သူများ အသေးစိတ်ရေးဆွဲရာတွင် ပူးတွဲ ၃ ပါပုံအား ထိုလုပ်ကိုင်ဆောင်ရွက်သူများသည် တစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့ဆက်စပ်မှုရှိသည်ကို ဖော်ပြရန်အတွက် အသုံးပြုနိုင်သည်။

ဆက်ဆံရေးများအား ပုံစံချဆွဲခြင်းဖြင့် အသုံးဝင်သည့် အချက်အလက်များ ရရှိနိုင်ပြီး အနေအထားအတွင်း ထိုးထွင်းသိမြင်မှုများ ဖန်တီးပေးစေနိုင်ပြီး၊ ထိုအထဲတွင် -

- ဝန်ဆောင်မှုပေးသည့် အခြေအနေဖြစ်ပေါ်ခြင်း
- ဆက်ဆံရေးမျိုးစုံ အပြန်အလှန်လှုပ်ရှားဆောင်ရွက်ခြင်း၊
- ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် မက်လုံးများပေးခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်း၊
- ဥပဒေများအား ကျင့်သုံးခြင်း သို့မဟုတ် မကျင့်သုံးခြင်းနှင့်
- လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုပြုလုပ်ခြင်း သို့မဟုတ် မပြုလုပ်ခြင်းတို့ ပါဝင်နိုင်သည်။

ထို့ပြင် ပြုပြင်ပြောင်းလဲမှုအား ထောက်ခံသော သို့မဟုတ် ဆန့်ကျင်သော လုပ်ကိုင်ဆောင်ရွက်သူအုပ်စုများ ဖွဲ့စည်းနိုင်သည့်အလားအလာအား မီးမောင်းထိုးပြပြီး ၎င်းတို့၏ အာဏာနှင့်နေရာ မည်မျှရှိနိုင်သည်ကို ဖော်ထုတ်ပေးသည်။ အကြောင်းအရာတူလုပ်ကိုင်နေသူများသည် ဆန်းစစ်လေ့လာမှုတွင် တစ်ဦးနှင့်တစ်ဦး အထောက်အကူပြုခြင်း သို့မဟုတ် အလွန်အရေးကြီးသော သဘောထားများပေးခြင်းတို့ကို ပိုမိုအားကောင်း အောင်ဆောင်ရွက်နိုင်သဖြင့် ယင်းသို့သောအဖွဲ့မျိုးသည် အရေးကြီးသောသတင်းအချက်အလက်များကိုပေးနိုင်သည်။ သို့သော်လည်း အရေးအကြီးဆုံးမှာ ယင်းသို့သော ဆက်ဆံရေးများအပေါ် နိုင်ငံရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ဩဇာလွှမ်းမိုးရန် သို့မဟုတ် သက်ရောက်မှုရှိစေရန် အခွင့်အလမ်းများကို ရှာဖွေရန်အတွက် စနစ်အတွင်းရှိ ပြဿနာ(များ) နှင့် ဇယားများ ပတ်သက်သော ဗဟိုချက်ကျသည့် တာဝန်ခံမှုဆက်ဆံရေးကို ဆန်းစစ်လေ့လာသူများရှာဖွေဖော်ထုတ်နိုင်ခြင်းပင်ဖြစ်သည်။

ထိုအဆင့်အားပြုလုပ်ပြီးသည့်အခါတွင် ပုံ ၆ တွင်ရှိသည့်ပုံစံကို ဆန်းစစ်လေ့လာသူများ အပြီးသတ်ပြုလုပ် နိုင်မည်ဖြစ်သည်။ ပူးတွဲ ၄ တွင် ဆန်းစစ်လေ့လာရေးအဖွဲ့တစ်ဖွဲ့ အပြီးသတ်ပြုလုပ်ထားသော ပုံစံဥပမာတစ်ခု ပေးထားသည်။

## *ပုံ ၆ - တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်ခြင်း*

| တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်ခြင်း | | | | |
|---|---|---|---|---|
| | ဝန်ဆောင်မှု ပြဿနာ | တာဝန်ရှိသူများ | တောင်းဆိုပိုင်ခွင့် ရှိသူများ | မဟာမိတ်များနှင့် လွှမ်းမိုးမှု |
| မူဝါဒအဆင့် | ဝန်ဆောင်မှု၏ ဦးတည်ချက်များ အောင်မြင်ရေး အတွက် အဟန့် အတားများ | ပြဿနာအတွက် တာဝန်ရှိသော လုပ်ကိုင်ဆောင် ရွက်သူများ | ဝန်ဆောင်မှုများ အသုံးပြုနေသော လုပ်ကိုင် ဆောင် ရွက်သူများ၊ ပြောင်း လဲမှုလိုလားသည့် အုပ်စုများ | လုပ်ကိုင်ဆောင် ရွက်သူ ဆက်ဆံ ရေးများ - ပြုပြင် ပြောင်းလဲမှုအား မည်သူ ဆန့်ကျင် သနည်း သို့မဟုတ် ထောက်ခံသနည်း။ လွှမ်းမိုးမှုအများ အပြား သို့မဟုတ် အနည်းအကျဉ်း သာရှိသော လုပ်ကိုင်ဆောင် ရွက်သူများ |
| အစီအစဉ် ရေးဆွဲခြင်း | | | | |
| မူဝါဒ ချမှတ်ခြင်း | | | | |
| အကောင် အထည်ဖော်ခြင်း | | | | |

ဤပုံစံအားကို အဆင့် ၃.၄ တွင် ဆန်းစစ်လေ့လာသူများက အသုံးပြုခြင်းဖြင့် မေးခွန်းလွှာနှင့်လုပ်ငန်းစဉ် (အဖြေများရယူခြင်း) ၏ လမ်းညွှန်အချက်အလက်များ ကောက်ယူမှုကို အကျဉ်းချုပ်ပုံဖော်ပြနိုင်ပြီး ထို့ကြောင့် ယခုဆင့်တွင်ကောက်ယူရရှိသည့် ပြည့်စုံသော သတင်းအချက်အလက်များသည် အရေးကြီးသည်။ လုပ်ကိုင်ဆောင်ရွက်သူများနှင့် တာဝန်မှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်သည်။

**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : ဦးတည်ရာလမ်းကြောင်းရေးဆွဲခြင်း**

- ဆီလျော်မှုအရှိအဆုံးဂန်ဆောင်မှုပြဿနာကို ဖော်ထုတ်ခြင်း
- ဂန်ဆောင်မှုပြဿနာအတွက် လုပ်ဆောင်သူ၏ တာဂန်ခံမှုကိုဖော်ထုတ်ခြင်း-တာဂန်ထမ်းဆောင်သူနှင့် တောင်းဆိုပိုင်ခွင့်ရှိသူ
- တာဂန်ခံမှုဆက်ဆံရေးကို ဖော်ထုတ်ခြင်း

## ၃.၄။ အဖြေရှာခြင်း

ဆန်းစစ်လေ့လာရေးအဖွဲ့သည်ဝန်ဆောင်မှုဆိုင်ရာအသေးစိတ်ရေးဆွဲပြီးနောက် ပြဿနာများအား ဖော်ထုတ်ကာ ထိုပြဿနာများအတွက် တာဝန်ခံယူမှုဆိုင်ရာဆက်ဆံရေးများအား အသေးစိတ်ရေးဆွဲခဲ့ ပြီးဖြစ်သည်။ ယခုအချိန်တွင် တာဝန်ခံယူမှုဆိုင်ရာဆက်ဆံရေးများအား အဖွဲ့က ပိုင်ခြားစိတ်ဖြာရန် လိုအပ်သည်။ အချက်အလက်စုစည်းမှုလုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှုပြဿနာများအတွက် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံယူမှုရှိခြင်းအပေါ်ပြုလုပ်သည့် ပိုင်းခြားစိတ်ဖြာမှုတို့ကို မေးခွန်းလွှာက လမ်းညွှန်ပေးသည်။ မေးခွန်းလွှာသည် တာဝန်ခံမှု၏မှု ၃ ခု (တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း၊ တုံ့ပြန်မှုရှိခြင်းနှင့် ကြပ်မတ်အရေးယူနိုင်ခြင်း) နှင့် အထောက်အကူပြုသည့်အကြောင်းရင်း ၂ ခု (ပါဝင်ခြင်းနှင့်ပွင့်လင်းမြင်သာမှုရှိခြင်း) တို့အပေါ် အခြေခံထားပြီး ၎င်း၏ဖွဲ့စည်းတည်ဆောက်ပုံသည် မူဝါဒအဆင့် ၃ ဆင့် (အစီအစဉ်ရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း) အပေါ် အခြေခံထားသည်။

### ၃.၄.၁။ သင့်ကိုယ်ပိုင်မေးခွန်းလွှာ မည်သို့ပြုစုမည်နည်း။

ဆန်းစစ်လေ့လာသူများသည် မိမိတို့ဆန်းစစ်နေသည့် အသေးစိတ်ကျသော ပြဿနာများနှင့် ဆက်ဆံရေးများနှင့် ကိုက်ညီအောင်မေးခွန်းများကို ပြင်ဆင်ရန်လိုအပ်သည်။ မေးခွန်းလွှာသည် လှုံ့ဆော်ရန်၊ အာရုံစိုက်ရန်နှင့် အချက်အလက်များ စုဆောင်းမှုကို ပစ်မှတ်ထားရန်တို့အတွက် လမ်းညွှန်တစ်ခုထက် မပိုပါ။ ရရှိလာသည့် မေးခွန်းများကို ဖြေဆိုခြင်းခြင်းဖြင့် လေ့လာသုံးသပ်မှုအတွက် အဆင်ပြေစေမည့် စနစ်တကျတည်ဆောက်ထားသော သတင်းအချက်အလက်များကို ရရှိမည်ဖြစ်သည်။

- မေးခွန်းလွှာတွင် လမ်းညွှန်မေးခွန်း ၉ ခုပါဝင်သည်။ လမ်းညွှန်မေးခွန်းတစ်ခုစီသည် ဒီမိုကရေစီအခြေခံမှုတစ်ခုနှင့် မူဝါဒလုပ်ငန်းစဉ်၏အဆင့်တစ်ခုတို့အကြားဆုံချက်မှ ပေါ်ထွက်လာလာခြင်းဖြစ်သည် (လမ်းညွှန်မေးခွန်းများနှင့် ရှာဖွေရန်အကြောင်းအရာများအား တင်ပြပုံအပြည့်အစုံအတွက် ပုံ ၇ တွင်ကြည့်ရန်)။

[**မူဝါဒအဆင့်တာဝန်**] အတွက် [**တာဝန်ရှိသူ**] သည် [**တောင်းဆိုပိုင်ခွင့်ရှိသူ/များ**] အပေါ် မည်မျှ [**အဓိကကျ**] သနည်း။

- ထို့နောက် လမ်းညွှန်မေးခွန်းတစ်ခုစီအား ရှာဖွေမည့် အကြောင်းအရာများအတွက် မေးခွန်း ၄ စုံ ခွဲရမည်။ ယင်းမေးခွန်းလွှာတစ်စုံချင်းစီသည် လမ်းညွှန်မေးခွန်းလွှာ၏အသားပေးထားသည် အကြောင်းတရား တစ်ခုချင်းနှင့်သက်ဆိုသည်။

စုံစမ်းရှာဖွေရမည့် အရှိတရား၏ အသေးစိတ်ကျသောမျက်နှာစာများကို ရှာဖွေရန် ခွဲထားသည့်အကြောင်းအရာများက နောက်ထပ်လမ်းညွှန်မှုများပေးမည်ဖြစ်သည်။

လိုက်လျောညီထွေအောင်ပြင်ဆင်ထားသည့်မေးခွန်းလွှာတစ်ခုအား အခြေခံမှသာလျှင် ဆန်းစစ်လေ့လာရေးအဖွဲ့က တာဝန်ခံယူမှုဆိုင်ရာပြဿနာများအား အတိုင်းအတာပြည့်စုံစွာဖြင့် ဆန်းစစ်နိုင်မည်ဖြစ်ပြီး ထိုဆက်ဆံရေးများ ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်သည့်ဆောင်ရွက်မှုများအတွက် အသေးစိတ်ကျသည့် အကြံပြုချက်များ ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ဘာသာစကားမှ လုပ်ကိုင်ဆောင်ရွက်သူတို့အထိ၊ အတွေးအခေါ်အယူအဆများနှင့် အခြားအရာအားလုံးသည် အနေအထားအပေါ်မူတည်၍ ပြုလုပ်သွားရမည်ဆိုသည်မှာ ပြောရန်မလိုအပ်ပါ။

ပူးတွဲ ၅ တွင် ဆန်းစစ်လေ့လာရေးအဖွဲ့တစ်ဖွဲ့ကပြုလုပ်ထားသည့် မေးခွန်းလွှာတစ်ခု၏ဥပမာတစ်ခု ပါဝင်သည်။

## ပုံ ၇ - လမ်းညွှန်မှုပေးသည့်မေးခွန်းများ

| မှု | လမ်းညွှန်မှုပေးသည့်မေးခွန်းများ | | |
|---|---|---|---|
| | အစီအစဉ်ရေးဆွဲခြင်း | မူဝါဒချမှတ်ခြင်း | အကောင်အထည်ဖော်ခြင်း |
| **တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း** | [အစီအစဉ်ရေးဆွဲခြင်း တာဝန်] အတွက်[တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အားမည်မျှအထိ တာဝန်ခံဖြေရှင်းပေးနိုင်မည်နည်း။ | [မူဝါဒချမှတ်ခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှအထိ တာဝန်ခံဖြေရှင်းပေးနိုင်မည်နည်း။ | [အကောင်အထည်ဖော်ခြင်းတာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှအထိ တာဝန်ခံဖြေရှင်းပေးနိုင်မည်နည်း။ |
| **တုံ့ပြန်မှုရှိခြင်း** | [အစီအစဉ်ရေးဆွဲခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှတုံ့ပြန်မှုရှိသနည်း။ | [မူဝါဒချမှတ်ခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှတုံ့ပြန်မှုရှိသနည်း။ | [အကောင်အထည်ဖော်ခြင်း တာဝန်] အတွက် [တာဝန်ရှိသူ] က [တောင်းဆိုပိုင်ခွင့်ရှိသူ] အား မည်မျှတုံ့ပြန်မှုရှိသနည်း။ |
| **ကြပ်မတ်အရေးယူနိုင်ခြင်း** | [အစီအစဉ်ရေးဆွဲခြင်း တာဝန်] အတွက် [တောင်းဆိုပိုင်ခွင့်ရှိသူ] က [တာဝန်ရှိသူ] အား အကျိုးဆက်များအပေါ် မည်သည့်အတိုင်းအတာအထိ တာဝန်ယူစေနိုင်ပြီး ကြပ်မတ်အရေးယူနိုင်မည်နည်း။ | [မူဝါဒချမှတ်ခြင်း တာဝန်] အတွက် [တောင်းဆိုပိုင်ခွင့်ရှိသူ] က [တာဝန်ရှိသူ] အား အကျိုးဆက်များအပေါ် မည်သည့်အတိုင်းအတာအထိ တာဝန်ယူစေနိုင်ပြီး ကြပ်မတ်အရေးယူနိုင်မည်နည်း။ | [အကောင်အထည်ဖော်ခြင်းတာဝန်] အတွက် [တောင်းဆိုပိုင်ခွင့်ရှိသူ] က [တာဝန်ရှိသူ] အား အကျိုးဆက်များအပေါ် မည်သည့်အတိုင်းအတာအထိ တာဝန်ယူစေနိုင်ပြီး ကြပ်မတ်အရေးယူနိုင်မည်နည်း။ |

**ရှာဖွေရန် အကြောင်းအရာများ -**

- ရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး ရှင်းပြရန်နှင့် ပွင့်လင်းမြင်သာမှု ရှိရန် တာဝန်ရှိသူ၏ဆန္ဒ၊ လုပ်နိုင်စွမ်းရည်နှင့်နေရာ။
- တာဝန်ရှိသူထံမှ လုပ်ငန်းဆောင်ရွက်မှုများအား မေးမြန်း

**ရှာဖွေရန် အကြောင်းအရာများ -**

- တောင်းဆိုပိုင်ခွင့် ရှိသူမျိုးစုံတို့၏ တောင်းဆိုမှုများအား ကိုင်တွယ်ဖြေရှင်းသည့် အခါတွင် တာဝန်ရှိသူများသည် မည်မျှထိရောက်စွာဖြေရှင်းနိုင်သနည်း (ရရှိ မည့်ဝန်ဆောင်မှုမှချန်လှပ်ခံထားရသော သူများပါဝင်

**ရှာဖွေရန် အကြောင်းအရာများ -**

- တောင်းဆိုပိုင်ခွင့်ရှိသူများ၊ မည်သည့် လိင်၊ အသက်၊ လူမှုရေးအခြေအနေမှဖြစ်စေ တာဝန်ရှိသူများအား ခိုင်လုံသည့် အကျိုးဆက်များ ရင်ဆိုင်စေသည် (လုပ်ငန်းဆောင်ရွက်မှုများမှ ဆုလာဘ်များအထိ)။

| | | |
|---|---|---|
| ရန်/ တောင်းဆိုရန် တောင်းဆိုပိုင်ခွင့်ရှိသူ၏ ဆန္ဒ၊ လုပ်နိုင်စွမ်းရည်နှင့်နေရာနှင့် ထိုကဲ့သို့ပြုလုပ်ရန်အတွက် တောင်းဆိုပိုင်ခွင့်ရှိသူများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း (ရရှိရမည့် ဝန်ဆောင်မှုမှ ချန်လှပ်ခံထားရသောသူများ၏နစ်သက်မှုများကို အထူးအာရုံစိုက်ပေးခြင်း၊ ဥပမာအားဖြင့် လိင်တိမ်းညွတ်မှု၊ အသက်၊ လူမှုရေးအခြေအနေ၊ ကိုးကွယ်ယုံကြည်မှု၊ မသန်မစွမ်းဖြစ်မှု၊ ကျား-မ ကိုယ်ပိုင်လက္ခဏာ၊ လိင်တိမ်းညွတ်မှု၊ အစရှိသည်တို့အား အခြေခံ၍ ခွဲခြားဆက်ဆံခြင်း)။<br>- ကြီးကြပ်သည့် အဖွဲ့အစည်းများပြုလုပ်သည့် ပြန်လည်သုံးသပ်မှုများနှင့် စာရင်းစစ်မှုများသည် မည်သည့် အတိုင်းအတာအထိ လွှမ်းမိုးမှုရှိသည် အပါအဝင် တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း ယန္တရားများသည် မည်မျှရရှိနိုင်သည်၊ လုံလောက်သည်၊ ပါဝင်သည်နှင့် ထိရောက်သည်။<br>- အနေအထားများသည် တာဝန်ခံဖြေရှင်း ပေးနိုင်ခြင်းယန္တရားမျိုးစုံတို့အပေါ် မည်မျှ လွှမ်းမိုးမှုရှိမည်ဆိုတာဖြစ်ပြီး အာဏာသက်ဝင်လှုပ်ရှားမှုများ၊ နိုင်ငံရေးမက်လုံးများ/အဟန့်အတားများ၊ ဖွဲ့စည်း တည်ဆောက်ပုံအခြေအနေများနှင့် သမိုင်း အမွေအနှစ်များအား ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ | သည်၊ ဥပမာ - လိင်တိမ်းညွတ်မှု၊ အသက်၊ လူမှုရေးအခြေအနေ၊ ကိုးကွယ်ယုံကြည်မှု၊ မသန်မစွမ်းဖြစ်မှု၊ ကျား-မ ကိုယ်ပိုင်လက္ခဏာ၊ လိင်တိမ်းညွတ်မှု၊ အစရှိသည်တို့၏အခြေခံ၍ ခွဲခြားဆက်ဆံခြင်း)။<br>- ဝန်ဆောင်မှုအသုံးပြုသူများ၏ ဦးစားပေးမှုများကို ထိရောက်စွာ ဖော်ထုတ်ပေးနိုင်ခြင်းနှင့် တာဝန်ရှိသူများအပေါ် လွှမ်းမိုးနိုင်သည့်တောင်းဆိုပိုင်ခွင့်ရှိသူများ၏ လုပ်နိုင်စွမ်းရည်နှင့် ထိုကဲ့သို့ပြုလုပ်ရာတွင် ထိုတောင်းဆိုပိုင်ခွင့်ရှိသူများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခြင်း။<br>- ပြန်လည် တုံ့ပြန်ရန်အတွက် ယန္တရားများသည် မည်မျှရရှိနိုင်၊ လုံလောက်၊ ပါဝင်နှင့် ထိရောက်သနည်း။<br>- အနေအထားများသည် တုံ့ပြန်မှုရှိခြင်း ယန္တရားမျိုးစုံတို့အပေါ် မည်မျှလွှမ်းမိုးမှု ရှိမည်ဆိုတာဖြစ်ပြီး အာဏာသက်ဝင် လှုပ်ရှားမှုများ၊ နိုင်ငံရေးမက်လုံးများ/ အဟန့်အတားများ၊ ဖွဲ့စည်းတည်ဆောက် ပုံအခြေအနေများနှင့် သမိုင်းအမွေအနှစ်များအား ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ | - တာဝန်ရှိသူများအပေါ် ထိရောက်သည့်အကျိုးဆက်များ (ပြန်လည်တုံ့ပြန်မှုများ၊ အရေးယူမှုများ၊ ချီးကျူးမှုများ အစရှိသည့်) ချမှတ်ပေးရန်အတွက် တောင်းဆို ပိုင်ခွင့်ရှိသူများ၏ ဆန္ဒ၊ လုပ်နိုင်စွမ်းရည်နှင့်နေရာနှင့်ထိုကဲ့သို့ပြုလုပ်ရန် တောင်းဆိုပိုင်ခွင့်ရှိသူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပါဝင်သည်။<br>- ထိုအကျိုးဆက်များအား မည်မျှရရှိနိုင်သည်၊ ခန့်မှန်းနိုင်သည်နှင့် ထိရောက်နိုင်သည်တို့အပြင် ကြီးကြပ်မှုနှင့် လုပ်ငန်းဆောင်ရွက် ဆောင်ရွက်မှု အေဂျင်စီများ၏ ကြပ်မတ်အရေး ယူမှုဆိုင်ရာလုပ်နိုင်စွမ်းရည်။<br>- အနေအထားများသည် ကြပ်မတ်အရေးယူနိုင် ခြင်းယန္တရားမျိုးစုံတို့အပေါ် မည်မျှလွှမ်းမိုးမှုရှိ မည်ဆိုတာဖြစ်ပြီး အာဏာသက်ဝင်လှုပ်ရှားမှုများ၊ နိုင်ငံရေးမက်လုံးများ/ အဟန့်အတားများ၊ ဖွဲ့စည်းတည်ဆောက်ပုံအခြေအနေများနှင့် သမိုင်းအမွေအနှစ်များအား ထည့်သွင်းစဉ်းစားရ မည်ဖြစ်သည်။ |

## ၃.၄.၂။ အချက်အလက်များ မည်သို့စုဆောင်းမည်နည်း။

ကြီးလေးသည့်လုပ်ငန်းတာဝန်တစ်ခုဖြင့် ဆက်လုပ်ဆောင်ရွက်ရန်အတွက် မှန်ကန်သည့် တစ်ခုတည်းသော နည်းနာဗေဒဆိုသည်မှာ မရှိသည်အလျောက် တိုင်ပင်ဆွေးနွေးမှု၊ လေ့လာစောင့်ကြည့်မှု၊ ကိုယ်တိုင်ကိုယ်ကျပါဝင် လေ့လာစောင့်ကြည့်မှု၊ တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများ၊ စာအုပ်စာတမ်းများကို သုံးသပ်ခြင်းများ၊ စာသားများကိုလေ့လာသုံးသပ်ခြင်းများစသည်ဖြင့် မိမိတို့အဆင်ပြေဆုံးဖြစ်မည့် နည်းနာများနှင့် နည်းလမ်းများကိုအသုံးပြုကာ ဆန်းစစ်လေ့လာသူများက အချက်အလက်များ ကောက်ယူရမည်ဖြစ်သည်။

### အချက်အလက်စုဆောင်းခြင်းဆိုင်ရာမဟာဗျူဟာများ

အဖွဲ့အနေနှင့် ကောက်ယူနိုင်သည့်အချက်အလက် ၂ မျိုးရှိပြီး၊ ၎င်းတို့မှာ ပင်မအချက်အလက်နှင့် ပင်မ မဟုတ်သောအချက်အလက်ည်။ ပင်မအချက်အလက်များမှာ အဖွဲ့ကိုယ်တိုင် ရှာဖွေဖော်ထုတ်ထားသည့် အချက်အလက်များဖြစ်ပြီး ပင်မဟုတ်သည့် အချက်အလက်များမှာ အခြားသူများကဖော်ထုတ်ထားပြီး အဖွဲ့က အသုံးပြုသော အချက်အလက်များဖြစ်သည်။ ခိုင်လုံပြီးသက်ဆိုင်မှုရှိသော ပင်မ မဟုတ်သည့်အချက်အလက်များအား အသုံးပြုရာတွင် နောက်ထပ်အချက်အလက်အသစ်တစ်ခု ဖန်တီးရန် သို့မဟုတ် တည်ရှိပြီးသော အချက်အလက်အားပွားရန်အတွက် သင့်တော်သည်။ ဆန်းစစ်လေ့လာသူများအား အကြံပြုလိုသည်မှာ ပင်မ မဟုတ်သည့် အချက်အလက်များအား အပြည့်အဝ အသုံးချပြီးမှသာလျှင် ပင်မအချက်အလက်များအား စုစည်းသင့်သည်။ အကြောင်းမှာ အချက်အလက်များစုစည်းခြင်းသည် အချိန်နှင့်အရင်းအမြစ် ကုန်စေသည်။ ပင်မအချက်အလက်အားအသုံးပြုခြင်း၏ အားသာချက်မှာ ယင်းတို့၏မူရင်းဖြစ်ခြင်းပင်ဖြစ်သည်။ အကောင်းဆုံးအနေအထားမှာ ဆန်းစစ်လေ့လာသူများအနေနှင့် လက်ရှိတည်ရှိနေ သောရင်းမြစ်များအပါအဝင် ရင်းမြစ်နှစ်ခုစလုံးအား ပေါင်း၍အသုံးပြုသင့်ပြီး ၎င်းအားဖြင့် ဟန်ချက်ညီသည့်အချက်အလက်များ ရရှိမည်ဖြစ်သည်။

အနေအထားအပေါ်မူတည်၍ အချက်အလက်များစွာအား အဆင်သင့် ရရှိနိုင်မည်ဖြစ်သည်။ ရင်းမြစ်များကို ဥပမာပြရလျှင် -

- အစိတ်အပိုင်းလိုက်ခွဲထားသောစာရင်းအင်းများ၊
- ပညာရပ်နယ်ပယ်ဆိုင်ရာသုတေသန၊
- ထင်မြင်ယူဆချက်စစ်တမ်းများ၊
- အစိုးရအေဂျင်စီများမှထုတ်ဝေသည့် တရားဝင်ကဏ္ဍအလိုက်အစီရင်ခံစာများ၊
- သတင်းများ သို့မဟုတ် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာများ၊

- ဒေသခံအစိုးရအဖွဲ့အစည်းများ၏အစီရင်ခံစာများ၊
- အလုပ်သမားသမဂ္ဂကဲ့သို့သော လွတ်လပ်သည့်အဖွဲ့အစည်းများထုတ်ဝေသည့်အစီရင်ခံစာများ၊
- သက်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များနှင့် ပတ်သက်သည့် သဘောတူညီချက်စောင့် ကြည့်လေ့လာရေးအဖွဲ့၏ နိုင်ငံအလိုက် အစီရင်ခံစာနှင့် အထွေထွေသုံးသပ်ချက် သို့မဟုတ် အလားတူဒေသတွင်းရင်းမြစ်များ၊
- နိုင်ငံအလိုက် အစီရင်ခံစာရေးသူများထံပေးပို့သည့် အရပ်ဘက်လူ့အဖွဲ့အစည်းနောက်ခံအစီရင်ခံစာများ၊
- WHO၊ UNESCO၊ ကမ္ဘာ့ဘဏ်၊ အမေရိကားနိုင်ငံများအဖွဲ့အစည်း၊ အာရှဖွံ့ဖြိုးရေးဘဏ် သို့မဟုတ် အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင်တို့ကဲ့သို့သော နိုင်ငံတကာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ နိုင်ငံအလိုက်အစီရင်ခံစာများ ဖြစ်သည်။

## အရေအတွက်နှင့်အရည်အသွေးအခြေပြုသည့်အချက်အလက်များ

အရေအတွက်နှင့်အရည်အသွေး အခြေပြုသည့်အချက်အလက်များသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးပြုသည်။ အရေအတွက်အခြေပြုသည့်အချက်အလက်သည် လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အမူအကျင့်များရှိ ဖြစ်စဉ်များနှင့် ဖြစ်နိုင်ခြေ အလားအလာများအားဖော်ထုတ်ရန် လူဦးရေအတွက် ကိုယ်စားပြုနမူနာတစ်ခုပေးသည်။ ထိုကဲ့သို့သောအချက်အလက်သည် ကိန်းဂဏန်းဖြင့် ကိုယ်စားပြုခြင်းဖြစ်သည်။

အရည်အသွေးအခြေပြုသည့် အချက်အလက်များအား လူများ၏အမြင်များနှင့် အတွေ့အကြုံများအားဖော်ပြရန် အသုံးပြုပြီး ၎င်းသည်ပြောင်းလဲမှုကို ဖော်ထုတ်ရန်အတွက် အထောက်အကူပြုသည့်ရင်းမြစ်များဖြစ်သည်။ ထို့ကြောင့် မေးမြန်းခြင်းခံရသူများအား မည်သည့်အရာများကို ပိုမိုကောင်းစေချင်သည် သို့မဟုတ် ပြောင်းလဲစေချင်သည်နှင့် ထိုပြောင်းလဲမှုအား မည်ကဲ့သို့ပြုလုပ်နိုင်သည်တို့ကို တွေ့ဆုံမေးမြန်းပွဲများတွင် အဖွဲ့အနေနှင့် မေးမြန်းရမည်ဖြစ်သည်။

## မှန်ကန်သည့်တစ်ခုတည်းသောနည်းလမ်းမရှိ

အချက်အလက်ကောက်ယူသည့် နည်းနာဗေဒတစ်ခုချင်းစီအား သင့်တော်သည့်နည်းလမ်းဖြင့် အသုံးပြုရမည်ဖြစ်သည်။ ယင်းတို့ကို ပေါင်းစပ်၍အသုံးပြုလျှင် အတိုင်းအတာတစ်ခုအထိ အပြန်အလှန် စစ်ဆေးနိုင်မည်။ ပြဿနာတစ်ခုကို သုတေသနလုပ်ရာတွင် နည်းလမ်းများအား ပေါင်းစပ်ပြီးသုံးခြင်းဖြင့် နည်းနာဗေဒသည် တစ်ခုနှင့်တစ်ခု

အပြန်အလှန် ဖြည့်ဆည်းပေးနိုင်သောကြောင့် ပိုမိုတိကျသည့်ဖြေရှင်းချက်များ ထွက်ပေါ်လာနိုင်သည်။ နည်းနာဗေဒစ်ခုချင်းစီ၏ အကန့်အသတ်များအား သိရှိခြင်းဖြင့် အချက်အလက်များအား ပိုင်းခြားစိတ်ဖြာရာတွင် ဖြစ်နိုင်သည့်ဘက်လိုက်မှုများအား ထည့်သွင်းစဉ်းစား သွားနိုင်မည်ဖြစ်သည်။

ထပ်သွားနိုင်သည့် သို့မဟုတ် အပြန်အလှန်အကျိုးပြုနိုင်မည့် နည်းနာဗေဒများ၏ ဥပမာများမှာ -

- တစ်စိတ်တစ်ပိုင်းစနစ်တကျစီစဉ်ထားပြီး မျက်နှာချင်းဆိုင် သို့မဟုတ် တယ်လီဖုန်းမှ ပြုလုပ်သော အကျိုးသက်ရောက်သူများနှင့် ပြုလုပ်သည့်တွေ့ဆုံမေးမြန်းပွဲများ သို့မဟုတ် တစ်ဦးချင်းအသေးစိတ်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများ၊
- အုပ်စုလိုက်တွေ့ဆုံမေးမြန်းပွဲများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများ၊
- ပါဝင်သူများအား ကြည့်ရှုလေ့လာမှုများ၊
- စနစ်တကျဖွဲ့စည်းတည်ဆောက်ထားသည့် ဆွေးနွေးမှုများနှင့်ညှိနှိုင်းဆွေးနွေးပွဲများနှင့်
- အရေအတွက်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းများ ဖြစ်သည်။

အချက်အလက်များအား မည်ကဲ့သို့ကောက်ယူမည်ဆိုသည်ကို အမြင်မျိုးစုံရှိခြင်းသည် အပြုသဘောဆောင်ပြီး ဤအဆင့်တွင် အားလုံး၏သဘောတူညီမှုရှိရန် မလိုပါ။ အချက်အလက်များအားအဓိပ္ပာယ်ဖွင့်ခြင်းတွင် အမြင်ကွာခြားမှုများအား အစီရင်ခံစာ (များ) တွင် ထည့်သွင်းဖော်ပြနိုင်သည်။

## အစိတ်အပိုင်းများခွဲထားသောအချက်အလက်များ

အမြင်မျိုးစုံမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ခြင်းတွင် တာဝန်ခံမှုကိုရရှိရန်အတွက် ဤမူဘောင်သည် အမြင်အား လုံးအားရယူစေသည့်နည်းလမ်းများအား အကြံပြုထားသည်။ အထူးသဖြင့် ပစ်ပယ်ခံထားရသော အုပ်စုများအတွက်ဖြစ်သည် (ဇယားကွက် ၁၄ အားကြည့်ရန်)။ ဤတွင် ဆွေးနွေးထားသည့်နည်းလမ်းတစ်ခုမှာ အစိတ်အပိုင်းများခွဲထားသော အချက်အလက်များအား အသုံးပြုခြင်းဖြစ်သည်။

အစိတ်အပိုင်းများခွဲထားခြင်းမှာ အချက်အလက်အပေါ် လူတစ်ဦး၏နားလည်မှုကို ပိုမိုထိရောက်စေရန်အတွက် အချက်အလက်များအား အစိတ်အပိုင်းငယ်များအနေနှင့် ခွဲထားခြင်းဖြစ်သည်။ ထိုကဲ့သို့သောအစိတ်အပိုင်းများဖြင့် ခွဲထားခြင်းမရှိလျှင် ပစ်ပယ်ခံထားရသောလူနည်းစုများ၏ အကျိုးအမြတ်များနှင့်အမြင်များအား သတိမမူမိခြင်းများ ဖြစ်နိုင်သည်။ အချက်အလက်၏အစိတ်အပိုင်းများအား အောက်ဖော်ပြပါတို့ကို အခြေပြု၍ ခွဲနိုင်သည် -

- ဝင်ငွေ၊
- အသက် (ကလေး၊ လူငယ်၊ လူကြီးနှင့် သက်ကြီးရွယ်အို)၊
- ကျား-မကိုယ်ပိုင်လက္ခဏာ၊
- နေရာ (ကျေးလက်/မြို့ပြ)၊
- လူနည်းစု သို့မဟုတ် ဌာနေတိုင်းရင်းသားအုပ်စုဝင်၊
- လိင်တိမ်းညွှတ်မှု၊
- လူမှုအဆင့်အတန်း၊ မသန်းမစွမ်းဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှုနှင့်
- ကွာခြားမှုများအား ဖြစ်ပေါ်စေသည့် အခြားအမျိုးအစားများ။

အချက်အလက်များအား အစိတ်အပိုင်းများခွဲထားခြင်းဖြင့် ဘေးဖယ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းပုံစံများအားလည်း ဖော်ထုတ်နိုင်သည်။ များသောအားဖြင့် ဘေးဖယ်ခံထားရသောလူဦးရေများအား အစိတ်အပိုင်းများခွဲခြားထားသည့် အချက်အလက်များဖြင့်သာတွေ့ရှိနိုင်ပြီး ထိုကဲ့သို့အစိတ်အပိုင်းများ ခွဲခြားထားသည့်ပုံအပေါ်မူတည်၍ ဆန်းစစ်လေ့လာသူများအနေနှင့် တန်ဖိုးရှိသည့်အချက်အလက်များ တွေ့ရှိနိုင်သည်။

**ဇယားကွက် ၁၄**

**ဆန်းစစ်လေ့လာမှုအား ကျား-မဆိုင်ရာနှင့် အမျိုးအစားကွဲပြားမှုများအပေါ် ပိုမိုသတိပြုပြီး ဆောင်ရွက်ရန်အတွက် အကြံပြုချက်များ**

- ပစ်မှတ်ထားသည့်ညှိနှိုင်းဆွေးနွေးမှုများ - စိုးရိမ်မှုများ ဖော်ထုတ်သည့်အဆင့်မှစ၍ နောက်ဆုံးအဆင့်ဖြစ်သည့် အကြံပြုချက်များဖော်ထုတ်သည့် အချိန်အထိ ဆန်းစစ်လေ့လာမှုတလျှောက်တွင် ပစ်ပယ်ခံထားရသော အုပ်စုများမှလူများ၏ အသံအား ကြားနာရန်လိုအပ်သည်။
- မျိုးစုံပါဝင်သည့်ပေါင်းစည်းမှု - ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေးအဖွဲ့တို့သည် ကျား-မဆိုင်ရာ ဟန်ချက်ညီမှုရှိရမည်ပြီး လူမှုအုပ်စုမျိုးစုံ၏အကျိုးအမြတ်များနှင့်ပတ်သက်၍ သိရှိနားလည်သူများ ပါဝင်ရမည်။
- နည်းစနစ်စုံလင်မှု - အဖွဲ့အနေနှင့် လူဦးရေတစ်ခုလုံးအား ကိုယ်စားပြုသည့် အမြင်များ ဖော်ထုတ်ရမည်ဖြစ်သည်။ မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းပွဲများပြုလုပ်ခြင်းဖြင့် ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် စာရွက်စာတမ်းအထောက်အထားမရှိသော နိုင်ငံသားများကဲ့သို့သော တရားဝင်စာရင်းဇယားများထဲတွင် ချန်လှပ်ခံထားရသော သူများ၏အမြင်များကို စုစည်းနိုင်မည်ဖြစ်သည်။
- ဒေသခံဘာသာစကားများ - အဖွဲ့ထဲတွင် ဒေသခံဘာသာစကားများအား ကျွမ်းကျင်သူများကို ထည့်သွင်းထားရမည်ဖြစ်ပြီး စာရွက်စာတမ်းများအား ထိုဘာသာစကားများဖြင့်ဘာသာပြန်၍ ဖြန့်ဝေပေးရမည်ဖြစ်သည်။

- အထူးလိုအပ်ချက်များ - မသန်မစွမ်းသူများအား ထည့်သွင်းနိုင်ရန်အတွက် ဆန်းစစ်လေ့လာရေးအဖွဲ့များသည် ဘီးတပ်ကုလားထိုင်ဖြင့်သွားနိုင်သည့် အစည်းအဝေးကျင်းပသည့်နေရာများ၊ လက်ဟန်အနေအထားဖြင့်နား လည်စေသည့် ဆက်သွယ်မှုစနစ်ဖြင့် ဆက်သွယ်နိုင်သည့်ဘာသာပြန်များ သို့မဟုတ် အခြားနည်းလမ်းများအား ပြင်ဆင်ပေးရမည်။

ယေဘုယျအားဖြင့်ပြောရလျှင် အချက်အလက်များအား အစိတ်အပိုင်းများခွဲခြင်းသည် အသေးစိတ်အရိပ်အယောင်များအား ဖော်ထုတ်ရန်အတွက် အပြုသဘောဆောင်သည့်နည်းဗျူဟာတစ်ခုဖြစ်ပြီး လူ့အဖွဲ့အစည်း၏ ကဏ္ဍမျိုးစုံအပေါ် သက်ရောက်မှုရှိသော ပြဿနာများအားဖော်ထုတ်ရန်အတွက် ဆန်းစစ်လေ့လာသူများအား အထောက်အကူပေးသည်။ အဖွဲ့အနေနှင့် လိင်ပိုင်းဆိုင်ရာနှင့်အသက်တို့အားကျော်လွန်၍ အချက်အလက်များအား အစိတ်အပိုင်းများခွဲပြီးအသုံးပြုပါက အချက်အလက်များအား အစိတ်အပိုင်းခွဲပြီးအသုံးပြုခြင်း၏အားနည်းချက်များကိုလည်း သိထားရန်လိုအပ်ပြီး၊ အကြောင်းမှာ ထိုကဲ့သို့သောအချက်အလက်များအား ဖော်ထုတ်ခြင်းသည် ခွဲခြားဆက်ဆံမှုရှိသည့် မူဝါဒများနှင့်အလေ့အထများကိုလည်း အားပေးကောင်းအားပေးနိုင်သည်။

အဖွဲ့အနေနှင့် အစိတ်အပိုင်းများခွဲထားသောအချက်အလက်များအား အသုံးပြုသည့်အခါတွင် ဌာနေတိုင်းရင်းသား သို့မဟုတ် ဘာသာရေးတင်းမာမှုများနှင့်ပတ်သက်ပြီး သိရှိထားရမည်ဖြစ်သည်။ အချို့နိုင်ငံများတွင် တိုင်းရင်းသား သို့မဟုတ် လူမျိုးစုဆိုင်ရာ အမျိုးအစားခွဲခြင်းများအား တားမြစ်ထားသောကြောင့် ထိုအမျိုးအစားများအား အစိတ်အပိုင်းများခွဲခြားရန် မဖြစ်နိုင်ပါ။ အချို့နိုင်ငံများသည်လည်း ဘာသာရေးများနှင့်ပတ်သက်ပြီး ထိုနည်းတူဖြစ်သည်။ ထို့အပြင် ပတ်သက်သည့်လူများအနေနှင့်လည်း ပြင်ပမှ ထိုအမျိုးအစားခွဲထားသည့်အုပ်စုများတွင် ပါဝင်သည်ကို သဘောတူရန် လိုအပ်သည်။ အချို့အနေအထားများတွင် အုပ်စုများအားအမျိုးအစားခွဲပြီး ဖော်ထုတ်ခြင်းသည် ထိုအုပ်စု၏လုံခြုံရေးကိုအန္တရာယ်ဖြစ်စေနိုင်ပြီး၊ ဥပမာအားဖြင့် ဘာသာရေးလူနည်းစုများ သို့မဟုတ် လိင်ပြောင်းထားသူများကဲ့သို့သောသူများ ပါဝင်သည်။ အချို့သောပုဂ္ဂိုလ်များသည် အမျိုးအစားခွဲခံရခြင်းကိုမနှစ်သက်ဘဲ နိုင်ငံသားများအဖြစ်သာ သတ်မှတ်စေခြင်းသည်လည်း သဘာဝကျသည်။ ထို့ကြောင့် အချက်အလက်များကိုအစိတ်အပိုင်းများခွဲခြင်းအား လူများ၏လုံခြုံရေးနှင့် ဂုဏ်သိက္ခာတို့ကို မထိခိုက်စေသည့်အနေအထားများအောက်တွင်သာ အသုံးပြုသင့်သည်။

အစိတ်အပိုင်းများခွဲထားသည့်အချက်အလက်များအား ရရှိနိုင်ခြင်းသည် လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုဖောင်းပေးသည့် ဆွေးနွေးမှုများ၏ ဒီဇိုင်းအပေါ် သက်ရောက်မှုရှိသည်။ ဤတွင်လည်း ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် ဆန်းစစ်လေ့လာမှုအတွက်

အစိတ်အပိုင်းများခွဲရန် မည်မျှအတိုင်းအတာအထိလို အပ်သည်နှင့် ဖြစ်နိုင်သည်တို့နှင့် ပတ်သက်ပြီး သဘောတူညီချက်ရရှိရန် လိုအပ်သည်။

**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : အဖြေရှာခြင်း**

- ရှာဖွေရမည့် ကိစ္စရပ်များကို ဖော်ထုတ်ခြင်း
- ဆီလျော်အောင်ပြုပြင်ထားသည့် ဆန်းစစ်လေ့လာမှုမေးခွန်းများ ပြုစုခြင်း
- အချက်အလက်စုဆောင်းခြင်း

## ၃.၅။ တွေ့ရှိချက်များကို အသုံးပြုခြင်း

အချက်အလက်များကို ကောက်ချဆွဲခြင်းသည် ဆန်းစစ်လေ့လာမှုတွင် အရေးကြီးသည့် ခြေလှမ်းဖြစ်သော်လည်း ၎င်းသည် အလိုအလျောက်ဖြစ်ခြင်း မဟုတ်ပါ။ ဆန်းစစ်လေ့လာရေးအဖွဲ့အတွက် စိန်ခေါ်မှုမှာ အချက်အလက်များအတွက် အဆောက်အအုံတစ်ခုဖော်ထုတ်ပြီး ၎င်းအားအသုံးပြု၍ မေးခွန်းလွှာတွင်ပါသည့် မေးခွန်းများအား ဖြေဆိုရန် ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းတွင် တာဝန်ခံမှုကို ပိုမိုကောင်းမွန်လာစေရန်အလားအလာဖြင့် ပြုပြင်ပြောင်းလဲမှုအတွက် ရှင်းလင်းသည့်မဟာဗျူဟာများချမှတ်ခြင်းသည် မည်သည့်ကူးပြောင်းမှုမျိုးမဆို၏ ရည်ရွယ်ချက်ဖြစ်ရမည်။

### ၃.၅.၁။ အချက်အလက်များဘယ် ဘယ်လိုပိုင်းခြားစိတ်ဖြာမလဲ။

ပိုင်းခြားစိတ်ဖြာခြင်းသည် ဖန်တီးအားနှင့်ရှေ့သို့မျှော်မှန်းနိုင်စွမ်းတို့ လိုအပ်သည်။ သုံးသပ်ချက်များပြုလုပ်ရန်အတွက် တစ်သမတ်တည်းရှိသည့် ဓမ္မဓိဌာန်ကျသောနည်းလမ်းများအသုံးပြုခြင်းဖြင့် ဆန်းစစ်လေ့လာမှုလိုအပ်ချက်များနှင့် ကိုက်ညီမည်ဖြစ်သည်။ ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် မေးခွန်းလွှာတွင်ပါဝင်သည့်မေးခွန်း ၉ ခုမှ ရရှိသည့် အချက်အလက်အားလုံးကို စုံလင်စွာပိုင်းခြားစိတ်ဖြာမည်ဖြစ်သည်။ ထိုနည်းဖြင့် မူဝါဒအဆင့် တစ်ခုချင်းစီနှင့်မူတစ်ခုချင်း စီမှရရှိသော မတူညီသည့်အချက်အလက်များအား သင့်တော်သည့် အနေအထားနှင့်အညီ သိရှိနားလည်မှုရရှိနိုင် မည်။

သုံးသပ်ချက်များ ချမှတ်နိုင်ရန်အတွက် ဆန်းစစ်လေ့လာသူများသည် လူများ မျှဝေသောအချက်အလက်များနှင့် အဆိုပြုချက်များအား ပိုင်းခြားစိတ်ဖြာပြီး ဖော်ပြပါ ကျယ်ပြန့်သည့်မေးခွန်းများ ဖော်ထုတ်နိုင်သည် - မည်သည့်အရာသည် အလုပ်ဖြစ်သနည်းနှင့် မည်သည့်အရာသည် အလုပ်မဖြစ်သနည်း။ ဘာကြောင့်လဲ။ တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ပိုမိုကောင်းမွန်လာစေရန်အတွက် မည်ကဲ့သို့ပြုလုပ်နိုင်

သနည်း။ ပြောင်းလဲမှုကို ဖော်ဆောင်ရန်အတွက် မည်သူ့ထံတွင် တရားဝင် သို့မဟုတ် တရားဝင်မဟုတ်သောအာဏာများ ရှိသနည်း။ ပြောင်းလဲမှုကိုဖော်ဆောင်ရန်နှင့်ဟန့်တားရန်အတွက် မည်သူက မည်သူနှင့် ပူးပေါင်းဆောင်ရွက်နိုင်သနည်း။ အခြားမေးခွန်းများအပါအဝင် ထိုမေးခွန်းများသည် ထိုအကြောင်းအရာအပေါ် အထွေထွေပိုင်းခြားစိတ်ဖြာမှုပြုလုပ်ရန် အသုံးပြုနိုင်သည့်အချက်အလက်များ ဖြည့်ဆည်းပေးသည်။

ဆန်းစစ်လေ့လာသူများသည် မူများနှင့် မူဝါဒအဆင့်များ ဆုံသည့်နေရာများအောက်တွင် အချက်အလက်များ တည်ဆောက်ခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်သည်။ အချက်အလက်များအား စနစ်တကျတည်ဆောက်မှုတစ်ခုရှိပြီးသည့်အခါတွင် အဖွဲ့အနေနှင့် ပုံစံများနှင့်ပြဿနာများ မည်ကဲ့သို့ဖြစ်ပေါ်သည်နှင့်ပတ်သက်ပြီး ဖြေရှင်းချက်များအပြင် မည်သည့်တာဝန်ခံယူမှုဆိုင်ရာဆက်ဆံရေးများသည် အလုပ်မလုပ်သည် သို့မဟုတ် မရှိသည်တို့ကို စတင်ရှာဖွေသင့်သည်။ စုစည်းထားသည့်အချက်အလက်များသည် အကောင်းဆုံးအနေအထားတွင် အရေအတွက်အခြေပြုသည့် အချက်အလက်နှင့် အရည်အသွေးအခြေပြုသည့် အချက်အလက်များ နှစ်မျိုးစလုံးပါဝင်ပြီး ဖြစ်လေ့ရှိသည့်အစဉ်အလာများအား မီးမောင်းထိုးပြနိုင်သည့်အပြင် လုပ်ငန်းစဉ်အတွက် ဖြေရှင်းချက်များပေးနိုင်ပြီး၊ ထိုအထဲတွင် လုပ်ငန်းစဉ်အား အစကပင် မည်သည့်အကြောင်းကြောင့် စတင်ပြုလုပ်သည်ဆိုသည်နှင့်ပတ်သက်သည့် အကြောင်းပြချက်လည်း ပါနိုင်သည်။

## ၃.၅.၂။ ကောက်ချက်များ ဘယ်လိုဆွဲမလဲ။

အချက်အလက်များအားပိုင်းခြင်းစိတ်ဖြာခြင်းသည် ဉာဏ်စမ်းရုပ်ဆက်တစ်ခုအား ဆက်ခြင်းနှင့် တူသည်။ အဖွဲ့အနေနှင့် နောက်တစ်လှမ်းဆုတ်ပြီး ထွက်ပေါ်လာသည့်ပုံအစိတ်အပိုင်းလေးများအားကြည့်ခြင်းဖြင့် အဖွဲ့၏ကောက်ချက်များချနိုင်သည်။ တွေ့ရှိချက်များအားနားလည်ခြင်းဖြင့် အဖွဲ့အနေနှင့် မိမိတို့၏ ကောက်ချက်ဆွဲမှုကို အထောက်အကူဖြစ်စေမည်။

ထို့အပြင် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန်နှင့် အကြံပြုချက်များပေးရန်အတွက် မည်သည့်ဦးစားပေးမှုများသည် အရေးအကြီးဆုံးလိုအပ်နေသနည်း၊ မည်သည့်ဦးတည်ချက်များသည် ရရှိရန်အတွက် အနည်းနှင့်အများစိန်ခေါ်မှု ရှိသနည်းနှင့် တွေ့ရှိချက်များအား မည်သည့်အစိုးရအဆင့်ထံသို့ ရည်ညွှန်းရမည်နည်းဆိုသည်တို့နှင့် ပတ်သက်ပြီး နားလည်မှုရရှိရန်အတွက် အဖွဲ့များသည် သူတို့၏တွေ့ရှိချက်များကို အသုံးပြုနိုင်သည်။ ထိုမေးခွန်းများအား ဖြေဆိုခြင်းဖြင့် အနာဂတ်တွင်ပြုလုပ်မည့် ကမ်းလှမ်းချက်များသည် လက်တွေ့ကျပြီးအချိန်ကိုက်ကာ အနေအထားနှင့် လိုက်လျောညီထွေမှုရှိမည်ဖြစ်သည်။

## ၃.၅.၃။ အကြံပြုချက်များ ဘယ်လိုဖော်ထုတ်မလဲ။

သုံးသပ်ချက်များ ချမှတ်ပြီးသည့်အခါတွင် အဖွဲ့အနေနှင့် လမ်းညွှန်မှုပေးသည့် မေးခွန်း ၉ ခုတို့အား ဖြေဆိုနိုင်သည့်အနေအထားတစ်ခု ဖန်တီးပြီးဖြစ်နေမည်။ ပိုင်းခြားစိတ်ဖြာမှုမှထွက်ပေါ်လာသည့်ပုံသည် အဖွဲ့အား ဝန်ဆောင်မှုတွင် တာဝန်ခံမှုအား ပိုမိုကောင်းမွန်လာစေရန်အတွက် အရေးကြီးဆုံးဦးစားပေးမှုများအား နားလည်လာစေမည်ဖြစ်သည်။ ထိုသုံးသပ်ချက်များအား အကြံပြုချက်များအဖြစ်သို့ ကူးပြောင်းရန်အတွက် အဖွဲ့သည် ပထမဆုံးအနေနှင့် ပြောင်းလဲမှုအတွက် အနမာနအယူအဆဖော်ထုတ်ရမည်ဖြစ်သည်။ ထိုအနမာနအယူအဆများထဲမှအချို့ကို အကြံပြုချက်များအဖြစ် ရွေးချယ်မည်ဖြစ်သည်။

ထိုအနမာနအယူအဆများအား အကောင်းဆုံးအနေအထားအနေနှင့် အကျိုးနှင့်အကြောင်းပါဝင်သည့်အဆိုပြုချက်များအဖြစ် ဖော်ထုတ်ရမည် (က ဖြစ်သောကြောင့် ခ ဖြစ်ရသည်)။ ထိုအနမာနအယူအဆများသည် တာဝန်ခံမှုရှိခြင်း၏အစိတ်အပိုင်းများအတွက် လက်ခံနိုင်ပြီးဖြစ်နိုင်ခြေရှိသည့် တိုးတက်မှုများ၏ပုံသဏ္ဍာန်ကို ဖော်ပေးရမည် (ပုံ ၈ အားကြည့်ရန်)။ ၎င်းတို့သည် လက်တွေ့ကျရန်လိုအပ်ပြီး အချိန်ကိုက်ပြီးအနေအထားနှင့်ကိုက်ညီသည့် ပြောင်းလဲမှုများအား အဆိုပြုရမည်။ ထိုအရာများအား ရရှိနိုင်ရန် ပြောင်းလဲမှုအတွက် အနမာနအယူအဆများသည် အောက်ဖော်ပြပါ မေးခွန်းများအား ဖြေဆိုနိုင်ရမည် -

- လက်ရှိတည်ရှိနေသော အနေအထားများအား ပြောင်းလဲရန်အတွက် မည်သည့်အခွင့်အလမ်းများ ရှိသနည်း။
- ပြောင်းလဲမှုအားခုခံနေသော သို့မဟုတ် အနှောင့်အယှက်ပေးနေသော သူများသည် မည်ကဲ့သို့သော စိန်ခေါ်မှုများ ပြုလုပ်နိုင်သနည်း။
- ပြောင်းလဲမှု၏ အလားအလာရှိသော အကျိုးဆက်များမှာ မည်သည့်အရာများဖြစ်သနည်း။

**ဇယားကွက် ၁၅** **အနမာနအယူအဆများမှ အကြံပြုချက်များအဖြစ်သို့ ပြောင်းသွားသော အကောင်းဆုံးပုံစံဥပမာတစ်ခု**

ရိုတွန်တာ၏ ဒေသတစ်ခုဖြစ်သည့် ပင်နီရိုင်ကာတွင် မူလတန်းပညာရေးအား ဦးတည်သည့် ဆန်းစစ်လေ့လာမှု တစ်ခုပြုလုပ်ခဲ့သည်။ ဆန်းစစ်လေ့လာမှုအား ပြုလုပ်ရန် တွန်းအားပေးသည့်ပြဿနာမှာ ကျေးလက်ဒေသများရှိ မူလတန်းပညာရေးကျောင်းသား အများအပြား၏ စွမ်းဆောင်ရည်နိမ့်ကျနေခြင်းနှင့် ဆရာများ သင်တန်းပေးသည့်အဆင့်နိမ့်ခြင်းတို့ ဖြစ်သည်။ ကောက်ယူထားသည့် အချက်အလက်

များအပေါ်ပြုလုပ်သည့် ပိုင်းခြားစိတ်ဖြာမှုကပြသသည်မှာ ဒေသဆိုင်ရာပညာရေးအာဏာပိုင်များ (တာဝန်ရှိသူများ) အနေနှင့် ဆရာများ၏သင်တန်းများကို ပိုမိုကောင်းမွန်လာ အောင်ပြုလုပ်ရန်အတွက် မိဘများကအဆက်မပြတ် တောင်းဆိုလျှက်ရှိပြီး ထိုရုံးတွင် ထိုကဲ့သို့ပြုလုပ်ရန်အတွက် တရားဝင်တာဝန်ဝတ္တရားများ ရှိသော်လည်း တောင်းဆိုမှုများကို ဖြည့်ဆည်းပေးခြင်း မရှိပါ။

ဆန်းစစ်လေ့လာရေးအဖွဲ့သည် ပြောင်းလဲမှုအတွက် အနုမာနအယူအဆအချို့ကိုဖော်ထုတ်ခဲ့ပြီး ထိုအထဲမှ ၃ ခုအား ရွေးချယ်ခဲ့သည်။ ၎င်းတို့မှာ ပညာရေးအရည်အသွေးဆိုင်ရာအက်ဥပဒေကို အမျိုးသားအဆင့် ပြန်လည်သုံးသပ်မှု ပြုလုပ်ရန်အတွက် လွှမ်းမိုးရန်ကြိုးပမ်းသည့် သူတို့၏အကြံပြုချက်များဖြစ်သည် -

- ဒေသခံပညာရေးအာဏာပိုင်များနှင့် တွေ့ဆုံသည့်အခါတွင် ကျောင်းစွမ်းဆောင်နိုင်ရည်နှင့် ပတ်သက်သည့်မေးခွန်းများအတွက် ချရေးထားသည့်အဖြေလွှာများ မိဘများတောင်းဆိုပိုင်ခွင့်ကို ပညာရေးအရည်အသွေးဆိုင်ရာ အက်ဥပဒေကအာမခံပြီး ထိုသို့သောတာဝန်ဝတ္တရားများအား မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးကတာဝန်ယူလျှင် ဒေသဆိုင်ရာပညာရေးအာဏာပိုင်များသည် မိဘများ၏ တောင်းဆိုမှုများကို ဖြေရှင်းရန်လားအလားပို၍များသည်။
- ပညာရေးအရည်အသွေးဆိုင်ရာအက်ဥပဒေကို အကောင်အထည် မဖော်သည့် အကျိုးဆက်များကို ရွေးကောက်တင်မြှောက်ခံထားရသော ဒေသခံနိုင်ငံရေးသမားများရင်ဆိုင်ရလျှင် ရွေးကောက်တင်မြှောက်ခံရသောအရာရှိများက အသုံးပြုသူများ၏တောင်းဆိုမှုများကို ဖြေရှင်းရန်မက်လုံးများဖြစ်လာမည်ဖြစ်ကာ ထိုသို့ဖြင့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။
- ပညာရေးအရည်အသွေးဆိုင်ရာ အက်ဥပဒေအရကို ပြန်လည်ပြင်ဆင်သည့်ကာလတွင် မိဘများ၏အသင်းများနှင့် တိုင်ပင်ပါက ဥပဒေသည် လက်တွေ့နှင့်ပို၍ကိုက်ညီမည်ဖြစ်ပြီး ဆရာများ၏အသိပညာနှင့် အရည်အသွေးများအား တိုးတက်လာစေသည့်ဆောင်ရွက်မှုများ ပါဝင်မည်ဖြစ်သည်။

ပညာရေးအရည်အသွေးဆိုင်ရာအက်ဥပဒေအရကိုအမျိုးသားအဆင့်ပြန်လည်သုံးသပ်မှုအားကြီးကြပ်သည့် ကော်မတီက အကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန်လက်ခံခဲ့ပြီး ပါဝင်သည့်အဖွဲ့အားလုံးက ထိုကမ်းလှမ်းချက်များအား ဆွေးနွေးရာတွင်ခိုင်မာသောအကြံပြုချက်များအဖြစ် လက်ခံသည်။

အနုမာနအယူအဆများကို ဆန်းစစ်လေ့လာရေးအဖွဲ့၏အဖွဲ့ဝင်များအတွင်းဝေငှပြီး နှံ့စပ်စွာဆွေးနွေးပြီး ရွေးချယ်စရာနည်းလမ်းများကို ဆန်းစစ်လေ့လာရေးအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။ အဆိုပြုထားသည့် ပြောင်းလဲမှုများသည် အလားအလာရှိမရှိကို ဆုံးဖြတ်ရန်အတွက် ထိုအုပ်စု၏ထိုးထွင်းသိမြင်နိုင်ခြင်းသည် အရေးကြီးသည်။ ဆိုလိုသည်မှာ မည်သည့်အဆိုပြုချက်များသည် လက်တွေ့အကျဆုံးအခွင့်အလမ်းများဖြစ်ပြီး စိန်ခေါ်မှု အနည်းဆုံးဖြစ်သည်ကို ရွေးချယ်နိုင်ရန်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုအတွက် အကြံပြုချက်များ၏ နောက်ဆုံးလက်ရွေးစင်တွင် မတူညီသည့် အနုမာနအယူအဆများပါဝင်နိုင်ပြီး ထိုအထဲတွင် တစ်ခုနှင့် တစ်ခု ကွဲပြားဆန့်ကျင်သည့်အရာများ သို့မဟုတ် အောင်မြင်ရန်အလား အလာအရှိဆုံး အပေါ် ဦးတည်ထားသည့်အရာများ ပါဝင်နိုင်သည်။ အကြံပေးအဖွဲ့အနေနှင့် အနုမာန အယူအဆ အုပ်စုတစ်စုအပေါ် သဘောတူညီမှုရရှိခြင်းအပေါ် မူတည်သည်။ သဘောတူညီချက်မရနိုင် ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် တင်ပြထားသည့် အနုမာနအယူအဆများ၏အကျိုးဆက်များအား ရှင်းပြရမည်ဖြစ်ပြီး၊ အထူးသဖြင့် ၎င်းတို့သည် ကွဲပြားဆန့်ကျင်နေသည့်အခါတွင် ဖြစ်သည်။

## *ပုံ ၈ - ပိုင်းခြားစိတ်ဖြာမှုမှ အကြံပြုချက်များဆီသို့*



**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : တွေ့ရှိချက်များကို အသုံးပြုခြင်း**

- မေးခွန်းများမေးမြန်းရာမှရရှိသည့် သတင်းအချက်အလက်များစုပေါင်းပြီး ခွဲခြမ်းစိတ်ဖြာခြင်း
- တွေ့ရှိချက်များကို ဖမ်းဆုပ်ပြီး ကောက်ချက်များဆွဲခြင်း
- အကြံပြုချက်များ ဖော်ထုတ်ခြင်း

## ၃.၆။ မှန်ကန်အောင်ဆောင်ရွက်ခြင်း

တွေ့ရှိချက်များနှင့်အဆိုပြုချက်များအား တင်ပြခြင်းသည် ရိုးရှင်းသည့်ကိစ္စတစ်ခု မဟုတ်သဖြင့် ယင်းတို့ကို အစီရင်ခံစာတစ်ခုဖြင့်သာ ကန့်သတ်မထားသင့်ပါ။ အဖွဲ့အနေနှင့် အစီရင်ခံစာမူကြမ်းနှင့်/သို့မဟုတ် အသေးစိတ်ရှင်းလင်းချက်များအား တည်းဖြတ်ခြင်းဖြင့် ဇာတ်လမ်းတစ်ပုဒ်ပြောရန် ရည်ရွယ်ရမည်ဖြစ်သည်။ နည်းစနစ်အားဖြင့် အချက်အလက်အားလုံးအား မူကြမ်းအတွက် တည်းဖြတ်ရေးဆိုင်ရာဖြည့်ဆည်းမှုများ အဖြစ် အသုံးပြုနိုင်သည်။ ဇာတ်လမ်းတစ်ပုဒ်ပြောခြင်းဆိုသည်မှာ အချက်အလက်များ၊ သက်သေအထောက်အထားများ၊ လုပ်ကိုင်ဆောင်ရွက်သူများနှင့် ဆက်ဆံရေးများအား မြေပုံဆွဲခြင်း၊ ထွက်ဆိုချက်များ၊ စီရင်ချက်များနှင့် အရေးအကြီးဆုံးဖြစ်သည့် ပိုင်းခြားစိတ်ဖြာမှုများနှင့် အကြံပြုချက်များအား ဆန်းစစ်လေ့လာမှု၏ ညီညွတ်သည့် ပုံတစ်ပုံပေါ်ထွက်လာရန်အတွက် ချိတ်ဆက်ခြင်းဖြစ်သည်။

### ၃.၆.၁။ တွေ့ရှိချက်များနှင့်အဆိုပြုချက်များ ဘယ်လိုတင်ပြမလဲ။

မူကြမ်းကို ရိုးရှင်းစွာရေးသားထားရမည်ဖြစ်ပြီး အပြင်ပန်းလက္ခဏာများအားကျော်လွန်ကာပြဿနာများ၏နောက်ကွယ်ရှိအကြောင်းရင်းများအားထိတွေ့ရမည်ဖြစ်သည်။ ဆန်းစစ်လေ့လာရေးအဖွဲ့ သို့မဟုတ် အကြံပေးအဖွဲ့၏ အဖွဲ့ဝင်များအကြား သဘောထားကွဲလွဲသည့်အယူအဆများအား မှတ်တမ်းတင်ပြီး အမြင်များ စုံလင်ရေးအတွက် ဖြည့်စွက်နိုင်သည်။ ဆုံးဖြတ်ချက်များအား တစ်နည်းမဟုတ်တစ်နည်း ချမှတ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် အပြီးသတ်အစီရင်ခံစာတစ်ခုနှင့်ပတ်သက်၍ဖြစ်စေ သို့မဟုတ် တိုတောင်းသည့် အစီရင်ခံစာများနှင့်ပတ်သက်၍ဖြစ်စေ ပြုလုပ်သွားရန်လိုအပ်သည်။ မှတ်သားရန်အရေးကြီးသည်မှာ ရှည်လျားသည့်အစီရင်ခံစာများသည် လုပ်ငန်းစဉ်၏ ပို၍တိကျသောပုံကို ပေးနိုင်သော်လည်း ၎င်းအားနှံ့စပ်အောင် ဖတ်သွားနိုင်ခြေနည်းသည်။ တိုပြီးကျစ်လျစ်ကာ ပစ်မှတ်ထားသည့်အစီရင်ခံစာများသည် ပရိသတ်၏ အာရုံကို ဖမ်းမိနိုင်ခြေပို၍များသော်လည်း သူတို့သည် လုပ်ငန်းစဉ်တစ်ခုလုံးအား ရောင်ပြန်ဟပ်နိုင်ခြင်းရှိကောင်းမှရှိမည်ဖြစ်သည်။ သို့သော်လည်း သီးခြားပရိသတ်များအား ပစ်မှတ်

ထားသည့် တိုတောင်းသော အသေးစိတ်ရှင်းလင်းချက်များအား ပို၍လက်ခံကြလေ့ရှိသည်။

ဆန်းစစ်လေ့လာသူများသည် လုပ်ငန်းစဉ်အတွင်း အောင်မြင်မှုမှတ်တိုင်မျိုးစုံတို့ကိုလည်း တည်ဆောက်နိုင်ကြသည်။ အောင်မြင်မှုမှတ်တိုင်တစ်ခုစီရောက်ရှိသည့်အခါ အကျဉ်းချုပ်ရှင်းလင်းချက်များကို ပြုစုခြင်း သို့မဟုတ် ထုတ်ဝေခြင်း၊ အောင်မြင်မှုမှတ်တိုင်များအားလုံးရောက်ရှိသည့်အခါ ဆိုရှယ်မီဒီယာ သို့မဟုတ် အစဉ်အလာမီဒီယာဌာနများမှတစ်ဆင့် ဆက်သွယ်ခြင်းအားဖြင့် ပြုလုပ်နိုင်သည်။ အစီရင်ခံစာနှင့် အသေးစိတ်ရှင်းလင်းချက်အားလုံးအားဆန်းစစ်လေ့လာမှုသို့မဟုတ်အောင်မြင်မှုမှတ်တိုင်၏အဓိကရလဒ်မှစ၍ ၎င်းသည် အာဏာပိုင်များအား သူတို့၏တာဝန်များဖြည့်ဆည်းရာတွင် မည်ကဲ့သို့ပံ့ပိုးမည် သို့မဟုတ် အာဏာပိုင်များအား တာဝန်ခံယူစေရန်အတွက် ပြည်သူများအား မည်ကဲ့သို့အခွင့်အာဏာပေးမည်တို့ ပါဝင်သည်။

## ၃.၆.၂။ တွေ့ရှိချက်များနှင့်အဆိုပြုချက်များ ခိုင်လုံအောင်ဘယ်လိုလုပ်မလဲ။

ခိုင်လုံအောင်လုပ်ဆောင်ခြင်းသည်ပင်လျှင် မူကြမ်းအတွက် ပြန်လည်တုံ့ပြန်မှုရရှိရန်ပုံဖော်ထားသော တာဝန်ခံမှုရှိခြင်းဆိုင်ရာ လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ထိုပြန်လည်တုံ့ပြန်မှုထဲတွင် ပြင်ဆင်ချက်များ၊ အကြံဉာဏ်အသစ်များ သို့မဟုတ် ပိုင်းခြားစိတ်ဖြာမှုတွင် မစဉ်းစားမိသောနည်းလမ်းများ ပိုမိုကျယ်ပြန့်စွာရှင်းပြရန်တောင်းဆိုမှုများ သို့မဟုတ် အမျိုးအစားခွဲခြားမှုများနှင့် တောင်းဆိုမှုအချို့အား ကန့်ကွက်ခြင်းများပင် ပါဝင်နိုင်သည်။ ခိုင်လုံအောင်လုပ်ဆောင်ခြင်းသည် မတူညီသည့်အဆင့် ၂ ဆင့်တွင် ဖြစ်ပွားနိုင်သည်။ ပိုမိုနည်းပညာဆန်သည့် သို့မဟုတ် ကျွမ်းကျင်မှုအဆင့်တွင် နည်းပညာတိကျမှု၊ ပိုင်းခြားစိတ်ဖြာမှုနှင့် အကြံပြုချက်များ၏ ဖြစ်နိုင်ဖွယ်ရာများနှင့်ပတ်သက်ပြီး အကြံပြုချက်များပေးမည်။ နိုင်ငံရေးဆိုင်ရာခိုင်လုံကြောင်း အတည်ပြုမှုမှာမူ နိုင်ငံရေးဆိုင်ရာဖြစ်နိုင်ခြေများ၊ မဟာမိတ်များ၊ အဟန့်အတားများနှင့် အဆိုပြုချက်များ၏ ဆန်းစစ်လေ့လာမှု၏ ကြားဝင်မှုများ ပါဝင်နိုင်သည်။

အစိုးရအာဏာပိုင်များ၊ ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှုပေးသူများ သို့မဟုတ် အခြားအကျိုးသက်ရောက်သူများနှင့်ပြုလုပ်သည့် အတည်ပြုခြင်းအစည်းအဝေးများသည် ဝေဖန်ခြင်းများခံရနိုင်ဖွယ်ရှိပြီး ၎င်းသည်လည်း ကောင်းသောအကြံဉာဏ်တစ်ခုဖြစ်သည်။ နားလည်မှုလွဲခြင်းအားပြင်ဆင်ရန်နှင့် သင့်တော်သလိုကွဲပြားခွင့်ပြုရန်တို့အတွက် အခွင့်အရေးပေးလျှင် ၎င်းတို့သည် ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်သည့် လူထုအခြေအတင်ဆွေး နွေးပွဲတွင် မိမိကိုယ်မိမိခုခံမှုများ သိပ်လုပ်တော့မည်မဟုတ်ပါ။

မှတ်သားထားရမည်မှာ ဤအဆင့်တွင် လုပ်ငန်းစဉ်၏ဂုဏ်သိက္ခာအား ကာကွယ်ရန်အရေးကြီးကြောင်းပင် ဖြစ်သည်။ ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် မလိုလားသည့် သို့မဟုတ် ထိရှလွယ်သည့်တွေ့ရှိချက်များ ရင်ဆိုင်ရနိုင်ဖွယ်ရှိပြီး ထိုအခါတွင် ၎င်းတို့အနေနှင့် ပိုမိုသိမ်မွေ့သည့်ဘာသာစကားများအဖြစ်ပြောင်းပြီးသုံးရန် သို့မဟုတ် လုံးဝဖယ်ရှားပစ်ရန် တောင်းဆိုခံရနိုင်သည်။ ၎င်းအားမှန်ကန်သည့် တစ်ခုတည်းသောဖြေရှင်းနည်း မရှိသောကြောင့် အကောင်းဆုံးနည်းလမ်းမှာ အဖြစ်အပျက်တစ်ခုချင်းစီအလိုက် တာဝန်ခံမှုအား ပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင်သူများအပေါ် ဩဇာလွှမ်းမိုးရန်ဖြစ်သည့် ဆန်းစစ်လေ့လာမှု၏ မူလဦးတည်ချက်နှင့်ယှဉ်၍ စဉ်းစားသွားရမည်ဖြစ်သည်။

ဆန်းစစ်လေ့လာသူများအနေနှင့် သူတို့၏အရေးကြီးသောအနေအထားကို သိရှိထားရန် လိုအပ်သည်။ မူကြမ်းတွင်ပါဝင်သည့် တွေ့ရှိချက်များနှင့် အဆိုပြုချက်များ၏ အခြေခံမှာ ပုဂ္ဂိုလ်ရေးအရ ကိုယ်ပိုင်ထင်မြင်ယူဆချက်များ မဟုတ်ဘဲ အနမာနအယူအဆများအားပံ့ပိုးပေးသည့် သက်သေအခြေပြုသော ဆုံးဖြတ်ချက်များသာဖြစ်သည်။ သို့သော် အစီရင်ခံစာ၏တရားဝင်မှုနှင့်အသုံးဝင်မှုတို့အား တည်ဆောက်ရာတွင် အဓိက အစိတ်အပိုင်းမှာ သီးခြားအဓိကကျသည့်ဖိုရမ်များတွင် ၎င်း၏အတည်ပြုခြင်းပင်ဖြစ်သည်။

ဆန်းစစ်လေ့လာသူများအနေနှင့် တရားဝင်မှုနှင့်အသုံးဝင်မှုတို့အားတည်ဆောက်ရန်အတွက် အောက်ဖော်ပြပါ လုပ်ကိုင်ဆောင်ရွက်သူများနှင့် အစီရင်ခံစာအား အတည်ပြုရန် အကြံပြုပါသည် -

- အကြံပေးအဖွဲ့၊
- ဝန်ဆောင်မှုအသုံးပြုသူများ၏ကိုယ်စားလှယ်များအပါအဝင် အဓိကအချက်အလက်ပေးသူများ၊
- အစီရင်ခံစာအားအသုံးပြုမည်ဟု တွက်ဆထားသူများ၊ အဓိကအားဖြင့် အကြံပြုချက်များအား လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အာဏာရှိသောသူများ ပါဝင်သည်။

## အကြံပေးအဖွဲ့

ခိုင်မာမှုရှိအောင် ဆောင်ရွက်ရာတွင် ပထမဆုံးနှင့်အဓိကအကျဆုံး ရင်းမြစ်မှာ အကြံပေးအဖွဲ့ဖြစ်ပြီး လုပ်ငန်းစဉ်တစ်လျှောက် ၎င်းတို့၏အခန်းကဏ္ဍအား အခြားကိစ္စရပ်များအပြင် အဆက်မပြတ်အတည်ပြုမှုများပြုလုပ်သွားခြင်းဖြစ်သည်ဟု ပြောနိုင်သည်။ မူကြမ်းအားပြင်ဆင်ပြီး၊ ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေးအဖွဲ့တို့အကြား ခိုင်မာမှုရှိအောင်ဆောင်ရွက်ခြင်း စည်းအဝေးပြုလုပ်ခြင်းဖြင့် သုံးသပ်ချက်များနှင့်ဖြစ်ရပ်မှန်အချက်အလက်များအကြား ညီညွတ်မှုရှိခြင်း၊ အကြံပြုချက်များ၏ဖြစ်နိုင်ခြေနှင့် ပိုင်းခြား

စိတ်ဖြာမှုမှလက်တွေ့ အကောင်အထည်ဖော်မှုဆီသို့သွားရန်အတွက် နည်းဗျူဟာများနှင့်ပတ်သက်ပြီး ပြန်လည်တုံ့ပြန်မှုရရှိနိုင်သည်။

ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေးအဖွဲ့တို့သည် ဆန်းစစ်လေ့လာမှု၏ရလဒ်များနှင့် ၎င်းတို့အားအသုံးပြုပုံ၊ သူတို့၏ပုံပန်းသဏ္ဌာန်၊ ပါဝင်မှုနှင့် ရည်ရွယ်ချက် အစရှိသည်တို့နှင့်ပတ်သက်ပြီး တိကျပြတ်သားသည့် သဘောတူညီချက် ရရှိရန်လိုသည်။ အကြောင်းမှာ -

- နိုင်ငံရေးနှင့်လူမှုရေးတွေ့ဆုံဆွေးနွေးမှုအား အထောက်အကူပြုရန်နှင့်လမ်းညွှန်ရန်၊
- နိုင်ငံရေးနှင့် လူမှုရေးအကျိုးသက်ရောက်သူများအကြား နိုးကြားမှုမြှင့်တင်ရန်နှင့် သူတို့၏ လုပ်နိုင်စွမ်းရည်အား ဖွံ့ဖြိုးတိုးတက်စေရန်၊
- လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုအတွက် အစီအစဉ်တစ်ခုအားပုံဖော်ရန် နိုင်ငံရေးနေရာတစ်ခုတည်ဆောက်ခြင်းတွင် ပါဝင်ပံ့ပိုးရန်၊
- ကဏ္ဍအလိုက်ပြန်လည်သုံးသပ်မှုများ သို့မဟုတ် ဖွံ့ဖြိုးရေးအစီအစဉ်များအား မဝေးလှသည့်အနာဂတ်တွင် ရေးဆွဲရန်အတွက် ပါဝင်ဖြည့်ဆည်းပေးခြင်းနှင့်
- တာဝန်ခံမှုအပေါ် အားနည်းစေခြင်းနှင့်အားဖြည့်ခြင်းတွင် ၎င်းတို့၏အခန်းကဏ္ဍနှင့် ၎င်းတို့၏အနာဂတ်ပံ့ပိုးမှုနှင့်ပတ်သက်၍ ပြင်ပမှလုပ်ကိုင်ဆောင်ရွက်သူများနှင့်ဆွေးနွေးရန်အတွက် အခြေခံချမှတ်ခြင်းတို့ ပါဝင်သည်။

အဓိကအားဖြင့် ဆန်းစစ်လေ့လာမှုပိုင်ရှင်ဖြစ်အောင်ပြုလုပ်ရာတွင် ပဓာနကျသည့် အကြံပေးအဖွဲ့နှင့်တူ ခိုင်လုံအောင်ဆောင်ရွက်ခြင်း အကြိုပြုလုပ်ပြီးသည့်အခါတွင် နည်းပညာဆိုင်ရာနှင့်နိုင်ငံရေးဆိုင်ရာ ခိုင်လုံအောင်ဆောင်ရွက်တွက် ပြင်ဆင်မှုများကို ဆန်းစစ်လေ့လာရေးအဖွဲ့က စတင်ပြုလုပ်နိုင်သည်။

## အဓိကအချက်အလက်ပေးသူများ - ဖြစ်ရပ်မှန် အချက်အလက်များအပေါ် အလေးပေးခြင်း

အဓိကအချက်အလက် ပေးသူများသည် ခိုင်မာမှုရှိအောင် ဆောင်ရွက်ခြင်း၏ နောက်ထပ်ရင်းမြစ်ဖြစ်သည်။ ဤနေရာတွင် သတင်းအချက်အလက်၏ ရင်းမြစ်တစ်ခုခုသည်လည်း ခိုင်မှုရှိအောင်ဆောင်ရွက်ရေး၏ ရင်းမြစ်တစ်ခုဖြစ်သည်ဆိုသည်မှာလည်း အခြေခံမူပင်ဖြစ်သည်။ အဓိအချက်အလက်ပေးသူများက မိမိတို့ပေးသည့် အချက်အလက်များ ဆန်းစစ်လေ့လာမှုတွင်ပါဝင်သည်ကို မြင်လိုကြသည့်အပြင် ယင်းတို့ကို မည်ကဲ့သို့နှင့် မည်သည့်ကြောင့် အနည်းငယ်ကွဲပြားသည်ကို သိချင်ကြမည်ဖြစ်သည်။ အစီရင်ခံစာအား ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး အနေအထားမျိုးစုံမှလူများထံမှရရှိသည့် အချက်အလက်များဖြင့် စုစည်းရေးဆွဲထားခြင်းဖြစ်သည်ကို သိထားရန်အရေးကြီးသည်။

အချက်အလက်အား ကိုယ်တိုင်ရယူထားသည်တိုင်အောင် အခြားအချက် အလက်များနှင့် ယှဉ်ပြီးပြုလုပ်သောကြောင့် အနည်းငယ်ကွဲပြားမှုရှိနိုင်ပြီး ၎င်းအား အဓိကအချက်အလက်ပေးသူများကို ရှင်းပြရန်လိုအပ်မည်။ မတူညီသည့် အမြင်များနှင့်ဘုံအမြင်များ တင်ပြခြင်းဖြင့် အားကောင်းစေပြီး တွေ့ဆုံမေးမြန်းခံရသူများ၊ ဒိုင်လူကြီးအဖြစ်ဆောင်ရွက်သူများ သို့မဟုတ် ကျွမ်းကျင်သူများအား ဖြစ်ရပ်မှန်အချက်အလက်များကို မည်ကဲ့သို့သုံးပြီး တင်ဆက်သည်ဆိုသည်နှင့်ပတ်သက်၍ မှတ်ချက်ပေးရန် အခွင့်အလမ်းရရှိစေသည်။

ဆန်းစစ်လေ့လာသူများသည် ဆက်လက်ဆွေးနွေးမှုများ၊ ပေါင်းစည်းမှုများ သို့မဟုတ် ပြန်လည်တုံ့ပြန်မှုများလိုအပ်သည့်ကိစ္စရပ်များဖော်ထုတ်ရန်အတွက် ခိုင်မာအောင်ဆောင်ရွက်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် အဓိကအချက်အလက်ပေးသူများကို အားကိုးနိုင်သည်။ ထို့အပြင် အစီရင်ခံစာမူကြမ်းများ သို့မဟုတ် ထုတ်သည့်စာရွက်စာတမ်းများရရှိသည့်အခါတွင် အဓိကအချက်အလက်ပေးသူများ ပါဝင်သည့်အဖွဲ့သည် ဥပမာအားဖြင့်ဆန်းစစ်လေ့လာများနှင့်အတူ ထိုကိစ္စရပ်များအား ဆွေးနွေးနိုင်သည်။

## အစီရင်ခံစာအသုံးပြုသူများ - အကြံပြုချက်များကို အလေးပေးခြင်း

နောက်ဆုံးအနေနှင့် အစီရင်ခံစာတွင် လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုအား အလေးပေးသည့်အဆိုပြုချက်များ ပါဝင်သင့်ပြီး အဆိုပြုချက်များအား လုပ်ငန်းဆောင်ရွက်မှုများအဖြစ်ပြောင်းလဲမည့် အစီရင်ခံစာအားအသုံးပြုရန် အလားအလာရှိသူများနှင့်အတူ ယင်း၏ဖြစ်နိုင်ဖွယ်ရာများကို ခိုင်လုံမှုရှိအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ခိုင်လုံမှုရှိအောင် ဆောင်ရွက်ခြင်း၏ဦးတည်ချက်မှာ အဆိုပြုချက်များ၏ ဖြစ်နိုင်ဖွယ်ရာများကို စမ်းသပ်ရန်ဖြစ်ပြီး ထိုမှသာလျှင် ၎င်းတို့၏အချက်အလက်များနှင့်အကြံဉာဏ်များသည် တာဝန်ခံယူမှုရှိ ခြင်းဆိုင်ရာမွမ်းမံမှုများ၏ဒီဇိုင်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြောင်းလဲမှုကိုဆောင်ကြဉ်းနိုင်စွမ်းရှိသူများဖြင့် ဖြစ်နိုင်ခြေကို စမ်းသပ်သည့်အခါတွင် ဆန်းစစ်လေ့လာမှုသည် ကြားခံတစ်ခုဖန်တီးပြီး အဓိကသုံးသပ်ချက်များနှင့် အကြံပြုချက်များအား အများပြည်သူထံရောက်ရှိကာ အခြေအတင်ဆွေးနွေးရန်အတွက် စိတ်ဝင်စားမှုနှင့် အရှိန်အဟုန်လည်း ရရှိစေမည်ဖြစ်သည်။

အနည်းဆုံးအနေနှင့် အစီရင်ခံစာ၏တွေ့ရှိချက်များနှင့် သုံးသပ်ချက်များအား ဆွေးနွေးနိုင်ရန်အခွင့်အလမ်းရရှိရေးအတွက် အစီရင်ခံစာအသုံးပြုမည့်သူများကို ချဉ်းကပ်ရန်အရေးကြီးသည်။ သီးခြားဖြစ်ရပ်များအပေါ် မူတည်၍ တွေ့ရှိချက်များနှင့်အဆိုပြုချက်များအား သင့်တော်သည့်ဖိုရမ်များ သို့မဟုတ် အစည်းအဝေးများ သို့မဟုတ် အောက်ဖော်ပြပါအဖွဲ့အစည်းများမဆိုအားတင်ပြ၍ ဝေငှပြီး အခြေအတင်ဆွေးနွေးနိုင်သည် -

- နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံအဆင့်အောက်ရှိလွှတ်တော်များတွင် အများပြည်သူ တက်ရောက်နိုင်သည့် ကော်မတီကြားနာမှုများ၊
- ဝန်ကြီးဌာနများနှင့်အစိုးရအေဂျင်စီများထံမှ အကြောင်းအရာအလိုက် အကြံပေးများ၊
- နိုင်ငံရေးပါတီများ၏အဓိကပုဂ္ဂိုလ်များ သို့မဟုတ် ဝန်ကြီးများများကဲ့သို့အရေးပါသူများ၊
- မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံး၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း၊ အမြင့်ဆုံးအာဏာပိုင် စာရင်းစစ်အဖွဲ့အစည်း သို့မဟုတ် အစိုးရစုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းတို့ထံမှ အစီရင်ခံစာများနှင့်ယှဉ်တွဲ၍ ပြုလုပ်သည့် လူထုအခြေအတင် ဆွေးနွေးပွဲများ၊
- အလုပ်သမားသမဂ္ဂများ သို့မဟုတ် ကျွမ်းကျင်ပညာရှင်အသင်းအဖွဲ့များ၏ ညှိနှိုင်းဆွေးနွေးပွဲများ၊
- ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ သို့မဟုတ် အမျိုးသားကျန်းမာရေး စားသုံးသူအသင်းအဖွဲ့များကဲ့သို့သော ဝန်ဆောင်မှုပေးသူများပေးသူများနှင့် စားသုံးသူ/အသုံးပြုသူများ၏ ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍအသင်းအဖွဲ့များ၊
- အင်န်ဂျီအိုများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊
- သုတေသန ညှိနှိုင်းဆွေးနွေးပွဲများ၊
- ဒေသခံအစိုးရအသင်းအဖွဲ့များ၏ နှစ်စဉ်ညှိနှိုင်းဆွေးနွေးပွဲများ၊
- တွေ့ရှိချက်များအား ပြဇာတ်များ သို့မဟုတ် ရုပ်ရှင်တိုများအား ယာယီပုံကားချပ်များပေါ်တွင်ပြသပြီး လူထုအခြေအတင်ဆွေးနွေးမှုများပြုလုပ်သည့် လမ်းပေါ်ရွေ့လျားသွားလာသည့်ဇာတ်ပွဲများ၊
- ရေဒီယို၊ရုပ်မြင်သံကြားနှင့်လူမှုမီဒီယာတို့တွင်ပြုလုပ်သည့်အခြေအတင်ဆွေးနွေးပွဲများ၊
- သတင်းစာဆောင်းပါးရှင်များ သို့မဟုတ် ဘလော့ဂါများကဲ့သို့သော ထင်မြင်ယူဆချက်များဖော်ထုတ်သူများ ဖြစ်သည်။

## ခိုင်လုံအောင်ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးများ

ခိုင်လုံအောင်ဆောင်ရွက်မှုကို မည်ကဲ့သို့ပြုလုပ်မည်ကို ဆန်းစစ်လေ့လာသူများနှင့်အကြံပေးအဖွဲ့များက ဆုံးဖြတ်ခြင်း ဖြစ်သည်။ အစီရင်ခံစာမူကြမ်းတွင်ပါဝင်သည့် အရာများအား အဓိကအတည်ပြုမှုဆိုင်ရာ အစည်းအဝေးတစ်ခုတွင် သို့မဟုတ် ပို၍ တိကျသည့် နောက်ဆက်တွဲအစည်းအဝေးများတွင် တင်ပြသွားနိုင်သည်။ ကျွမ်းကျင်သူများ၏ နည်းပညာဆိုင်ရာအတည်ပြုခြင်းသည် နိုင်ငံရေးဆိုင်ရာအတည်ပြုခြင်းထက် အမြဲတမ်း ကြိုတင်ပြုလုပ်ရမည်ဖြစ်သည်။

ခိုင်လုံအောင်ဆောင်ရွက်ခြင်းဆိုင်ရာအစည်းအဝေးများထံမှ အတတ်နိုင်ဆုံးရရှိအောင် ၎င်းတို့အားကြိုတင်ပြင်ဆင်ပြီး စနစ်တကျတည်ဆောက်ထားရမည်။ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များထဲတွင် ပါဝင်သည်မှာ -

- လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အသေးစိတ်ရှင်းလင်းချက်အချို့ဖြင့် ဖိတ်ခေါ်ခြင်း၊
- အစည်းအဝေးများအား ကြားဝင်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖြစ်မြောက်အောင်ပံ့ပိုး ပေးခြင်း၊
- သဘောတူညီထားသည့်အစီအစဉ်နှင့် ပါဝင်တက်ရောက်သူများအတွက် သီးခြားလမ်းညွှန်မေးခွန်းများ၊
- ဆန်းစစ်လေ့လာရေးအဖွဲ့က ပြုလုပ်သည့် အစီရင်ခံစာများနှင့် အသေးစိတ်ရှင်းလင်း ချက်များနှင့်
- အစားအသောက်များစီစဉ်ခြင်း၊ တတ်နိုင်သမျှအကျယ်ပြန့်ဆုံး ပါဝင်မှုရှိရန်အတွက် နေရာနှင့်အချိန်ကိုက်မှုတို့ ပါဝင်သည့် အစည်းအဝေးအတွက် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ ဖြစ်သည်။

ထို့အပြင် ပစ်ပယ်ထားရသောအုပ်စုများ၏ကိုယ်စားလှယ်များအား အစည်းအဝေး သို့ဖိတ်ခေါ်ခြင်းဖြင့် မူကြမ်းအစီရင်ခံစာသည် ကျား-မကွဲပြားမှုနှင့် နိုင်ငံရေးသက်ဝင် လှုပ်ရှားမှုများနှင့် ၎င်းတို့၏ ထိရှလွယ်မှုတို့အား ထည့်သွင်းစဉ်းစားရာရောက်မည် ဖြစ် သည်။

အတည်ပြုမှုဆိုင်ရာအစည်းအဝေးများ ပြင်ဆင်ရာတွင်အသုံးပြုနိုင်သည့် ဆောင် ရွက်ရန်စာရင်းကို နောက်ဆက်တွဲ ၆ တွင် တွေ့ရှိနိုင်သည်။

**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : မှန်ကန်အောင်ဆောင်ရွက်ခြင်း**

- တွေ့ရှိချက်များနှင့်အဆိုပြုချက်များကို ရှင်းလင်းတင်ပြခြင်း
- တွေ့ရှိချက်များနှင့် အဆိုပြုချက်များကို ခိုင်လုံအောင်ဆောင်ရွက်ခြင်း

## ၃.၇။ သြဇာလွှမ်းမိုးမှုရအောင်ဆောင်ရွက်ခြင်း

ဆန်းစစ်လေ့လာမှု၏ရလဒ်များဖြစ်သော အစီရင်ခံစာများ သို့မဟုတ် သုံးသပ်ချက် များနှင့် အကြံပြုချက်များပါဝင်သည့် အသေးစိတ်ရှင်းလင်းချက်များကို ခိုင်လုံမှုရှိအောင် ဆောင်ရွက်ခြင်းသည် အဓိကကျသော နိုင်ငံရေးနှင့် လူမှုရေးလှုပ်ကိုင်ဆောင်ရွက်သူ များအကြား ဝန်ဆောင်မှုပြဿနာများနှင့်ပတ်သက်ပြီး သိရှိနိုးကြားမှုကို တည်ဆောက် နိုင်ရန်မည်ဖြစ်သည်။ ထိုကဲ့သို့သော သိရှိနိုးကြားမှုသည် နိုင်ငံရေးလိုအင်ဆန္ဒ၊ လုပ်နိုင် စွမ်းရည်နှင့် နေရာနှင့် ထိုမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှု အဖြစ်သို့ တိုးတက်ပြောင်းလဲသွားရန်အတွက် ပြုပြင်ပြောင်းလဲမှုဖြစ်စေသည့် လူထုစိတ်ဝင်စားမှု မျိုးနှင့် ကိုက်ညီရန် လိုအပ်သည်။

ဝန်ဆောင်မှုပြဿနာများနှင့် တာဝန်ခံမှုအားနည်းမှုများအပေါ် အများ၏စိတ်ဝင်စားမှုရှိနေပြီးဖြစ်နိုင်သော်လည်း (ဥပမာ - ဆိုးရွားသည့်အဂတိလိုက်စားမှု သို့မဟုတ် အုပ်ချုပ်ရေးညံ့ဖျင်းမှု) အမှန်တကယ်ပြုပြင်ပြောင်းလဲရန်အတွက် ထိုပြဿနာများအား ကိုင်တွယ်ဖြေရှင်းရန် လက်တွေ့ကျသည့်ရွေးချယ်စရာနည်းလမ်းများအပေါ် အခြေအတင်ဆွေးနွေးရန် လိုအပ်သည်။ အကောင်းဆုံးအနေအထားအနေနှင့် ဆန်းစစ်လေ့လာမှုသည် ထိုလက်တွေ့ကျသည့် ရွေးချယ်စရာနည်းလမ်းများအား ဖော်ထုတ်ရမည်ဖြစ်သည်။

## ၃.၇.၁။ ဆက်သွယ်ရေးနည်းဗျူဟာ ပိုမိုထက်မြက်အောင် ဘယ်လိုလုပ်မလဲ။

သင့်တော်သောလမ်းကြောင်းများမှတစ်ဆင့် ပစ်မှတ်ထားသည့်ပရိသတ်ထံအဓိကသတင်းစကားများ ပေးပို့နိုင်သည့် အောင်မြင်သောဆက်သွယ်ရေးမဟာဗျူဟာတစ်ခုရှိခြင်းသည် အခြေခံကျသောအချက်သည်။ မဟာဗျူဟာအနေနှင့် ဆန်းစစ်လေ့လာမှု၏ အစီရင်ခံစာများနှင့်ရလဒ်များအား အထိရောက်ဆုံးနှင့်စွမ်းဆောင်မှုအရှိဆုံး နည်းလမ်းများဖြင့် မည်ကဲ့သို့ဖြန့်ချိမည်ကို စီစဥ်ရမည်ဖြစ်သည်။ ထိုကဲ့သို့အစီအစဥ်ချမှတ်ခြင်းထဲတွင် ဆက်သွယ်ရမည့် အဓိကသတင်းစကားများအား ဖော်ထုတ်ခြင်း၊ အကောင်းဆုံးအနေအထားနှင့်ရောက်ရှိမည့် ပရိသတ်နှင့် မဟာဗျူဟာအတွက် အသင့်တော်ဆုံးဆက်သွယ်ရေးလမ်းကြောင်းများ ပါဝင်သည်။ အစီရင်ခံစာများနှင့် အသေးစိတ်ရှင်းလင်းချက်များဖြန့်ချိမှုအပြင် ဆန်းစစ်လေ့လာသူများသည် ထိုအကြောင်းအရာအပေါ် အများပြည်သူစိတ်ဝင်စားမှုဖော်ထုတ်ခြင်းကို အာရုံစိုက်သည့် အခြားလုပ်ငန်းများကိုလည်း စီစဥ်သင့်သည်။

ဆက်သွယ်ရေးမဟာဗျူဟာသည် အခြေအတင်ဆွေးနွေးမှုတစ်ခု သို့မဟုတ် ပုံနှိပ်ထုတ်ဝေမှုတစ်ခုမျှနှင့် ကန့်သတ်မထားသင့်ပါ။ ထိုမဟာဗျူဟာထဲတွင် ရွေးချယ်စရာ နည်းလမ်းများစာရင်းနှင့် ဆန်းစစ်လေ့လာမှု ရလဒ်အားလုံး၏ လက်လှမ်းမီမှုနှင့် အများယုံကြည်လက်ခံမှုတို့အားမြှင့်တင်ရန် ဆန်းစစ်လေ့လာမှု တွန်းအားများအတွက် အသင့်တော်ဆုံးနည်းလမ်းများ ပါဝင်သင့်သည်။ ဥပမာအားဖြင့် အစီရင်ခံစာတစ်စောင် သို့မဟုတ် အသေးစိတ်ရှင်းလင်းချက်များအား ပုံနှိပ်ရန်ဆုံးဖြတ်ချက်သည် ထိုကဲ့သို့သော မဟာဗျူဟာတစ်ခုအပေါ် မူတည်မည်ဖြစ်သည်။

အဓိကသတင်းစကားများ၊ ပစ်မှတ်ထားသည့်ပရိသတ်များ၊ ထိတွေ့ဆောင်ရွက်ရမည့် အဓိကမီဒီယာများ၊ ဖြန့်ဝေရန်အလားအလာရှိသည့် ဖွဲ့စည်းမှုပုံစံနှင့်အဆိုပြုချက်များအား အချိန်ကိုက်ဖြန့်ချိခြင်းတို့နှင့်ပတ်သက်ပြီး အကြံပြုနိုင်သည့် ဆက်သွယ်ရေးမဟာဗျူဟာကျွမ်းကျင်သူထံမှ အကြံဉာဏ်များယူခြင်းသည် အဖွဲ့အတွက် အကျိုးအမြတ်ရှိမည်ဖြစ်သည်။

## ဖွဲ့စည်းမှုပုံစံများအား ရွေးချယ်ခြင်း

ယေဘုယျအားဖြင့် ဆန်းစစ်လေ့လာရေးအဖွဲ့ဝင်များနှင့် အကြံပေးအဖွဲ့ဝင်များသည် သုံးသပ်ချက်များနှင့် အဆိုပြုချက်များအားဆက်သွယ်ရန်အတွက် သူတို့၏စုပေါင်းကျွမ်းကျင်မှုနှင့် အသိပညာများအားအခြေပြုပြီး ဆုံးဖြတ်ခြင်းဖြစ်သည်။ ဖြစ်နိုင်သည့် ရွေးချယ်စရာနည်းလမ်းများမှာ -

- လူငယ်ဌာနများ၊ အမျိုးသမီးအဖွဲ့များ သို့မဟုတ် ပါတီအကြံပေးအဖွဲ့များ အပါအဝင် နိုင်ငံရေးပါတီများ၏ နိုင်ငံအဆင့်နှင့် ဒေသအဆင့်အဖွဲ့ခွဲများမှ ခေါင်းဆောင်များနှင့် ကျွမ်းကျင်သူများနှင့် ပစ်မှတ်ထားသည့် အသေးစိတ်ရှင်းလင်းချက်များကဲ့သို့သော နှုတ်အားဖြင့်တင်ပြမှုများ သို့မဟုတ် လွှတ်တော် သို့မဟုတ် ဒေသခံကောင်စီများကပြုလုပ်သည့် အလွတ်သဘောကြားနာမှုများတွင် ပါဝင်ခြင်း၊
- အစီရင်ခံစာတစ်ခု သို့မဟုတ် ဆောင်းပါးစီးရီးများ၊
- အကြောင်းအရာအလိုက် ပုံနှိပ်မီဒီယာထုတ်ဝေမှုများ၊
- အကြောင်းအရာအထူးပြုသည့် မဂ္ဂဇင်းများတွင်ပါရှိသည့်ဆောင်းပါးများ၊
- အနေအထားတူ ပြန်လည်သုံးသပ်မှုပြုလုပ်သည့် ပညာရပ်နယ်ပယ်ဆိုင်ရာဂျာနယ်များတွင်ပါရှိသော ဆောင်းပါးများ၊
- အွန်လိုင်းဆွေးနွေးမှုဖိုရမ်များတွင်ပါရှိသည့် ဆောင်းပါးများ၊
- ခေါင်းကြီးပိုင်းစာမျက်နှာပါ ဆောင်းပါးများနှင့်
- ဆောင်းပါးရှင်များ၊ ဘလော့ဂါများ သို့မဟုတ် အထင်ကရပုဂ္ဂိုလ်များနှင့် ပြုလုပ်သည့် စကားဝိုင်းတင်ဆက်မှုများတွင် ပါဝင်တင်ဆက်သူများကဲ့သို့သော အယူအဆဖော်ထုတ်သူများနှင့် အချက်အလက်များအား ဝေမျှခြင်းတို့ ဖြစ်သည်။

သီးခြားထုတ်ဝေမှုများအတွက်စိတ်ဝင်စားစရာကောင်းသည့်အကြောင်းအရာများ ရွေးချယ်ခြင်းသည် မီဒီယာအာရုံစိုက်မှုအတွက် 'ငါးမျှားချိတ်' ဖြစ်ပြီး ဆန်းစစ်လေ့လာမှုအား လူများသိစေသည့် အကျိုးရှိသောနည်းလမ်းတစ်ခု ဖြစ်သည်။

အများအားဖြင့် မီဒီယာများသည် ရှည်လျားသည့်အစီရင်ခံစာများကို လျစ်လျူရှုကြတက်ကြသောကြောင့် အကျဉ်းချုပ်များပြုစုခြင်းသည့် အလားအလာကောင်းသော မဟာဗျူဟာဖြစ်သည်။ ထိုသို့သော အကျဉ်းချုပ်များသည်လည်း ခိုင်လုံအောင်ဆောင်ရွက်ထားသည့် အချက်အလက်များအပေါ် အခြေခံရန်လိုအပ်သည်။ အဖွဲ့၏လုပ်ငန်းများ သို့မဟုတ် အဓိကစိန်ခေါ်မှုများနှင့် အောင်မြင်မှုများအပေါ် အာရုံစိုက်သည့် လူအများ စိတ်ဝင်စားတတ်သော ဇာတ်လမ်းများသည်လည်း မီဒီယာ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်ရန်အတွက် သင့်တော်နိုင်မည်။

## ၃.၇.၂။ ဆန်းစစ်လေ့လာမှုအစီရင်ခံစာ ဘယ်လိုစတင်ဖြန့်ချိမလဲ။

ပုံနှိပ်ထုတ်ဝေသည့်အခါတွင် ဆန်းစစ်လေ့လာမှုလွှမ်းခြုံသည့် ဒေသများတွင်းနှင့် တစ်နိုင်ငံလုံးအဆင့်တွင် အစီရင်ခံစာကို အများပြည်သူထံဖြန့်ချိရန် စီစဉ်ခြင်းသည် ကောင်းသောအလေ့အထဖြစ်သည်။ အထင်ကရ အခမ်းအနားများနှင့် အထိမ်းအမှတ်နေ့တွင် ဖြန့်ချိခြင်းသည် ကောင်းသည့်အကြံဉာဏ်ဖြစ်ပြီး မှန်ကန်စွာ စတင်ဖြန့်ချိမှုဖြင့် အကြံပြုချက်များအပေါ် စိတ်ဝင်စားမှုများဖြစ်ထွန်းစေကာ နောက်ထပ်ဆွေးနွေးမှုများအား ဖော်ဆောင်နိုင်ပြီး လုပ်ငန်းစဉ်အတွင်း အချက်အလက်ပေးသူများ၊ အကြံဉာဏ်ပေးသူများအားလုံးကို လုပ်ပိုင်ခွင့်အာဏာ ရရှိစေမည်ဖြစ်သည်။

### အထူးအခမ်းအနားများ

အဓိကအချက်အလက်များနှင့်အကြံပြုချက်များအား ဖြန့်ချိရန်နည်းလမ်းတစ်ခုမှာ သီးခြားပရိသတ်များအား ရည်ရွယ်သည့် အထူးအခမ်းအနားများ စီစဉ်ခြင်းဖြစ်သည်။ စာနယ်ဇင်းသမားများ၊ ဘလော့ဂါများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ပညာရပ်နယ်ပယ်ဆိုင်ရာ ကျွမ်းကျင်သူများ သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအတွက် ဆောင်ရွက်နေသော အကြံပေးအဖွဲ့မှပုဂ္ဂိုလ်များကဲ့သို့သော ထင်မြင်ယူဆချက်ဖော်ထုတ်သူများအား အကဲဖြတ်သူများအနေနှင့် ဖိတ်ခေါ်သင့်ပြီး ၎င်းသည် အကဲဖြတ်ထားသည့်ဝန်ဆောင်မှုအတွက် ကောင်းမွန်သည့်အချိတ်အဆက်များ ဖော်ထုတ်ပေးနိုင်မည်။

အစဉ်အလာအားဖြင့် မီဒီယာအသေးစိတ်ရှင်းလင်းမှုများ သို့မဟုတ် သတင်းစာရှင်းလင်းပွဲများသည် ပြုလုပ်လေ့ ရှိသည့်အခမ်းအနားဖြစ်သည်။ ဖြစ်နိုင်သည့်အခြားရွေးချယ်စရာနည်းလမ်းများထဲတွင် ပါဝင်သည်မှာ -

- လူသူလေးစားမှု အလွန်ရရှိထားသည့်ပုဂ္ဂိုလ်တစ်ဦး၏ဟောပြောမှုပါဝင်သည့် ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယိုမှ တင်ဆက်မှု၊
- လူထုအသိုင်းအဝိုင်းအခြေပြုသည့် အသံလွှင့်ဌာနများက စီစဉ်သည့် အခြေအတင်ဆွေးနွေးပွဲများ၊
- လူထုအစည်းအဝေးများ သို့မဟုတ် ညှိနှိုင်းဆွေးနွေးပွဲများ၊
- နီးနှောဖလှယ်ပွဲများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများ၊ အင်တာနက်နှင့်တိုက်ရိုက်ချိတ်ဆက်ပြီး ရိုက်ကူးခြင်း သို့မဟုတ် မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးပြီး ဝက်ဘ်ဆိုဒ်များပေါ်တွင် တင်ခြင်း၊
- သက်ဆိုင်သူများထံ Twitter ဖြင့် သတင်းစကားများပေးပို့ခြင်း၊
- ဝေးလံခေါင်ဖျားသောနေရာများထံ ရောက်ရှိရန်အတွက် တွေ့ရှိချက်များအား ပြဇာတ်များ သို့မဟုတ် ရုပ်ရှင်တိုများအား ယာယီပုံကားချပ်များပေါ်တွင်ပြသပြီး လူထုအခြေအတင်ဆွေးနွေးမှုများပြုလုပ်သည့် လမ်းပေါ်ရွေ့လျားသွားလာသည့်ဇာတ်ပွဲများ။

### ၃.၇.၃။ တာဝန်ခံမှုကို မြှင့်တင်ရာတွင် မီဒီယာနှင့် အဘယ်ကြောင့်ထိတွေ့ဆောင်ရွက်သင့်လဲ၊ ဘယ်လိုထိတွေ့ဆောင်ရွက်မလဲ။

မီဒီယာလွတ်လပ်ခွင့်များစွာရှိခြင်းသည် အများပြည်သူပိုင်ဆိုင်သည့်အရင်းအမြစ်များအား အလွဲသုံးစားလုပ်ခြင်းများကို လျော့ပါးစေသည်။ အကောင်းဆုံးအနေအထားမှာ မီဒီယာအနေနှင့် အောက်ဖော်ပြနည်းလမ်းများဖြင့် နိုင်ငံသားများအား အခွင့်အာဏာပေးသည့်အခါမျိုးများ ဖြစ်သည် -

- အစိုးရမူဝါဒအပေါ် နိုင်ငံသားများ၏နားလည်မှုကို မြှင့်တင်ရန်အတွက် အချက်အလက်များ ဖြည့်ဆည်းပေး ခြင်း၊
- မူဝါဒနှင့်ပတ်သက်ပြီး အခြေအတင်ဆွေးနွေးရန်နှင့် ပါဝင်ဆောင်ရွက်ရန်အတွက် နိုင်ငံသားများအား နေရာ ပေးခြင်း၊
- ရွေးချယ်စရာနည်းလမ်းများ ဖော်ထုတ်ပေးခြင်းနှင့် အများပြည်သူအစီအစဉ်များအား ပုံဖော်ပေးခြင်း၊
- အဂတိလိုက်စားမှုနှင့်အာဏာအလွဲသုံးစားလုပ်မှုဖြစ်ရပ်များအား စုံစမ်းစစ်ဆေးခြင်း။

မီဒီယာသည် ပြည်သူများ၏အကျိုးအမြတ်ရှိစေရန်နှင့် တာဝန်ခံမှုရှိစေရန်တို့အတွက် အစိုးရ၏မူဝါဒများအား စုံစမ်းစစ်ဆေးသည့် စောင့်ကြည့်သူတစ်ဦး၏အခန်းကဏ္ဍမှပါဝင်နိုင်သည်။ မီဒီယာသည် လူ့အဖွဲ့အစည်းအတွင်းရှိပြဿနာများအား လူထုအာရုံစိုက်မှုရရှိအောင် ပြုလုပ်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုပြုလုပ်ရန်တာဝန်ရှိသူများအား ဖိအားပေးခြင်းများပြုလုပ်ခြင်းဖြင့် အစိုးရ၏တုံ့ပြန်မှုရှိခြင်းကိုထိန်းသိမ်းရန် ဆောင်ရွက်သွားနိုင်သည်။ သတိရရန်အရေးကြီးသည်မှာ မီဒီယာဌာနများသည် ဘဏ္ဍာရေးအကျိုးအမြတ်အပေါ် အမှီပြုနေနိုင်သလို အထူးအကျိုးအမြတ်အုပ်စုများနှင့် အင်အားကြီးသောလုပ်ငန်းများကိုလည်း သွားရောက်အမှီပြုနေနိုင်သည်။

ထို့အပြင် ပုံနှိပ်မီဒီယာ၊ အွန်လိုင်း သို့မဟုတ် လူမှုမီဒီယာတို့အား လက်လှမ်းမမီမှုနှင့် စာတတ်မြောက်မှုနည်းပါးခြင်း သို့မဟုတ် အချိန်မရှိခြင်းတို့သည် ပြည်သူများ၏ မီဒီယာအသုံးပြုမှုအပေါ် အဟန့်အတားများဖြစ်စေပြီး၊ အထူးသဖြင့် အမျိုးသမီးများအကြားတွင် ဖြစ်သည်။

မီဒီယာသည် သတင်းဖြစ်ရပ်များလိုအပ်သောကြောင့် ဆန်းစစ်လေ့လာသူများ၏ တွေ့ရှိချက်များနှင့် အဆိုပြုချက်များကိုဖော်ပြရန် မဟာမိတ်များရရှိနိုင်မည်မှာ သေချာသော်လည်း ၎င်းတို့အား သတင်းရေးသားရန် ထိုက်တန်သည်ဟု အယ်ဒီတာများက သတ်မှတ်ရန်လိုသည်။ တွေ့ရှိချက်များနှင့်ပတ်သက်ပြီး တိုတောင်းပြီး တိကျသည့် သတင်းထုတ်ပြန်မှုတစ်ခုအား ပုံနှိပ်သတင်းများ၊ အွန်လိုင်းနှင့် ထုတ်လွှင့်မှုများမှတစ်ဆင့် ဖြန့်ချိနိုင်သည်။ ဆန်းစစ်လေ့လာသူများအနေနှင့် ဆန်းစစ်လေ့လာမှု၏ အသေး

စိတ် အချက်အလက်အားလုံးကို ထုတ်ဖော်ရန် ဖိအားပေးရန်မလိုပါ။ သတင်းထုတ်ပြန်မှုထဲတွင် ဆန်းစစ်လေ့လာမှုပြီးဆုံးခြင်းနှင့် အရေးကြီးဆုံးတွေ့ရှိချက်များ ထည့်သွင်းဖော်ပြနိုင်သည်။ ဖြန့်ချိရန်ရည်ရွယ်သည့် မည်သည့်အကြောင်းအရာမဆို နည်းတူပုံနှိပ်ထုတ်ဝေခြင်းမပြုမီ အဖွဲ့အတွင်း ကြိုတင်ခွင့်ပြုချက်ယူရမည်ဖြစ်သည်။

သတင်းထုတ်ပြန်မှုတစ်ခုပြုလုပ်ရန်အတွက် ဆန်းစစ်လေ့လာသူများအနေနှင့် အောက်ဖော်ပြပါ မေးခွန်းများ၏ ကွင်းဆက်ကို ဖြေဆိုနိုင်ရမည် -

- မည်သည့်အရာသည် မည်သူ့အား မည်သည့်နေရာတွင် မည်သည့်အချိန်၌ မည်သည့်အကြောင်းကြောင့်ဖြစ်ပွားပြီး အကျိုးဆက်တွေက ဘာတွေလဲ။
- ဝန်ဆောင်မှုတွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်လာရန်အတွက် မည်ကဲ့သို့ပြုလုပ်နိုင်သနည်းနှင့် မည်သူတွေက ထိုသို့သောပြောင်းလဲမှုအား လိုလားသည်နှင့် မည်သူကမလိုလားသနည်း။

**လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : ဩဇာလွှမ်းမိုးမှုရရှိအောင်ဆောင်ရွက်ခြင်း**

- အစီရင်ခံစာ၏ ရလဒ်များကို ထိရောက်စွာဖြန့်ဝေရန် ဆက်ဆံရေးမဟာဗျူဟာကို သင့်တော်သလို ချိန်ညှိခြင်း
- အစီရင်ခံစာ(များ) စတင်ထုတ်ဝေခြင်း
- မီဒီယာနှင့် မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှု

## ၃.၈။ အပြောင်းအလဲ အကောင်အထည်ဖော်ခြင်း

ဆန်းစစ်လေ့လာမှုသည် ရေးသားထားသည့်အစီရင်ခံစာတစ်ခု ထုတ်လုပ်ခြင်းထက် ကျော်လွန်၍ သွားရန်ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုအတွက် အဆိုပြုချက်များအား တွေ့ဆုံဆွေးနွေးခြင်းနှင့် အခြေအတင်ဆွေးနွေးခြင်းလုပ်ဆောင်သည့် အဆင့်ဆီအထိ သွားကာ လူများအား အာဏာနှင့်မက်လုံးများဖြင့် ထိုအဆိုပြုချက်များအတွက် တွန်းအားပေးရန် ဖြစ်သည်။ ဤအဆင့်သည် အစီရင်ခံစာ(များ)ကို အသုံးပြုမည်ဟု ယူဆရသူများအပေါ် အာရုံစိုက်ပြီး လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှုဖေါ်ပေးကာ ဆန်းစစ်လေ့လာမှု၏ အဆိုပြုချက်များအရ ရှေ့သို့လုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးပွဲများကို စတင်ဆောင်ရွက် ရန်ကြိုးပမ်းသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဖန်တီးကြံဆမှုရှိသည့်စဉ်းစားခြင်းနှင့် ပိုမိုတိုးတက်ကောင်းမွန်မှုများကို ရှာဖွေခြင်းဖြစ်သည်။

ဆန်းစစ်လေ့လာသူများအနေနှင့် မှတ်သားရမည်မှာ ထောက်ခံအားပေးမှုအတွက် အချိန်အတိုင်းအတာသည် အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုများနှင့် ပြုပြင်

ပြောင်းလဲမှုအဆိုပြုချက်များအတွက် အခွင့်အလမ်းများအပေါ် သက်ရောက်မှုရှိသည်။ ထို့ကြောင့် ဤလုပ်ငန်းစဉ်အနေနှင့် ဆန်းစစ်လေ့လာမှု၏ အဓိကဦးတည်ချက်များအား အကောင်အထည်ဖော်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုအား ဆောင်ရွက်ရန်လိုလား သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်းကို နှစ်မြှုပ်ထားခြင်းဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများသည် အစီရင်ခံစာတစ်ခုပုံနှိပ်ထုတ်ဝေခြင်းကို အခြေပြုရုံ နှင့်ပင် သူ့အတိုင်းဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ တွေ့ဆုံဆွေးနွေးမှု၏ ရည်ရွယ်ချက်မှာ အချက်အလက်များ ဖြည့်ဆည်းပေးရန်သာမကဘဲ လက်တွေ့လုပ်ငန်းဆောင်ရွက် ဆောင်ရွက်မှုကိုဖြစ်ပေါ်စေရန်ဖြစ်သည်။ တာဝန်ခံမှုပြဿနာများအားဖြေရှင်းရန်အတွက် စုပေါင်းလုပ်ကိုင်နိုင်သည့် လုပ်နိုင်စွမ်းရည်သည် အရေးကြီးသည်ဖြစ်ပြီး ထို့ကြောင့် လွှတ်တော်အမတ် များဖြစ်စေ၊ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးများဖြစ်စေ၊ လူ့အခွင့်အရေးလှုပ်ရှားသူများဖြစ်စေ သို့မဟုတ် ဝန် ဆောင်မှုအသုံးပြု သူများဖြစ်စေ၊ ပြဿနာအားဖြေရှင်းရန် ဆောင်ရွက်နေသောအုပ်စု မျိုးစုံတို့အကြား မဟာဗျူဟာမြောက်သည့် မဟာမိတ်ဖွဲ့ခြင်းသည် အလွန်အရေးကြီး သည်။ ကြီးကြပ်ခြင်းအား အပေါ်မှအောက်သို့နှင့် အောက်မှအပေါ်သို့ ကြီးကြပ်ခြင်း များပေါင်းစပ်ပြီးပြုလုပ်သည့်အခါတွင် အထိရောက်ဆုံးဖြစ်ပုံပေါ်ပြီး၊ အထူးသဖြင့် ပြုပြင် ပြောင်းလဲမှုအတွက် လှုပ်ရှားခြင်းနှင့် စုစည်းခြင်းများတွင် စုပေါင်းစိတ်ဝင်စားမှုအား ဖြည့်ဆည်းပေးသည့်အခါမျိုးတွင် ဖြစ်သည်။

**ဇယားကွက် ၁၆** **မာလာဂီနိုင်ငံရှိ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးခန်း၏လုပ်ငန်းနှင့် အညစ်အကြေးအစိုင်အခဲစီမံခန့်ခွဲမှု**

၂၀၁၃ ခုနှစ်၊ ဧပြီလနှင့်နိုဝင်ဘာလများအကြားတွင် မာလာဂီရှိ မကျေနပ်ချက် များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးသည် မာဇူဇူး၊ လီ လောင်ဂီ၊ ဘလန်တီရီနှင့် ကဆန်ဂူစသည့် မြို့များ၏ကောင်စီများအပြင် လီလောင်ဂီ နှင့် ဘလန်တီရီ ခရိုင်ကောင်စီများ၏ အညစ်အကြေး အစိုင်အခဲစီမံခန့်ခွဲမှုအပေါ် ဆန်းစစ်လေ့လာမှုတစ်ခု ဆောင်ရွက်ခဲ့သည်။

မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံး သည် မြို့များ၏ကောင်စီအရာရှိများ၊ အိမ်နီးချင်းများနှင့် အခြားဝန်ဆောင်မှုအသုံးပြု သူများနှင့်တိုင်ပင်ရန်အတွက် ကွင်းဆင်းလုပ်ငန်းများအား ကြပ်ကြပ်မတ်မတ်ဆောင် ရွက်ခဲ့သည်။ အညစ်အကြေးစီမံခန့်ခွဲမှုအား ကိုင်တွယ်ရန်အတွက် အခြေခံအဆောက် အအုံများ လုံလောက်စွာမရှိခြင်းကို တွေ့ရှိခဲ့ရသည်။ ၎င်းတို့၏အညစ်အကြေးနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများအတွက် ပြင်ပအကူအညီကို ကောင်စီကရယူခဲ့ခြင်း

မရှိသလို ချပေးထားသည့် အညစ်အကြေးစီမံခန့်ခွဲမှုအတွက် ဘတ်ဂျက်သည် ပုံမှန်မရှိသောကြောင့် ယာဉ်များမလုံလောက်မှု၊ ဝန်ထမ်းမလုံလောက်မှုနှင့် စောင့်ကြည့်လေ့လာရေးယန္တရားများ မလုံလောက်မှု အစရှိသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကန့်အသတ်များ ဖြစ်ပေါ်စေသည်။ ထို့အပြင် ရပ်ရွာနှင့်လူ တစ်ဦးချင်းတို့သည် ၎င်းတို့၏ ပတ်ဝန်းကျင်သန့်ရှင်းရန်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး သူတို့၏အခန်းကဏ္ဍအကြောင်း ရှင်းလင်းစွာမသိရှိကြပါ။ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ ရုံးက မီးမောင်းထိုးပြသည်မှာ ဝန်ဆောင်မှု ဖြည့်ဆည်းမှုမလုံလောက်ခြင်းအတွက် နိုင်ငံရေးကိုယ်စားပြုသူများသည် ရွေးကောက်ပွဲဆိုင်ရာအကျိုးဆက်များရင်ဆိုင်ရခြင်းမရှိဘဲ (၂၀၀၅ နှင့် ၂၀၁၄ အကြားတွင် ကောင်စီလူကြီးများအား ရွေးကောက်တင်မြှောက်ပြီး တက်လာခြင်းမဟုတ်ပါ) ပြည်သူများအနေနှင့် ထိုကောင်စီလူကြီးများ၏ ဦးစားပေးမှုများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ပုံများအပေါ် လွှမ်းမိုးနိုင်သည့်နေရာမရှိပါ။ အညစ်အကြေးအစိုင်အခဲ စီမံခန့်ခွဲမှုသည် မူဝါဒအစီအစဉ်ထဲတွင် အရေးပါခြင်းသိပ်မရှိသလို ရွေးကောက်ပွဲရလဒ်များအပေါ် လည်း လွှမ်းမိုးမှုမရှိပါ။ အချုပ်အားဖြင့် မူများ၏တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း၊ တုံ့ပြန်မှုရှိခြင်းနှင့် ကြပ်မတ်အရေးယူနိုင်ခြင်းတို့မရှိသောကြောင့် ၎င်းသည်အညစ်အကြေးစီမံခန့်ခွဲမှုအတွက် တာဝန်ခံယူခြင်းတွင် မကောင်းသည့်သက်ရောက်မှုရှိသည်။

မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ရုံးသည် ခရိုင်နှင့်မြို့ အာဏာပိုင်များအနေနှင့် မြို့ပြရေဆိုးစနစ်များ၊ ဒေသခံအသိုင်းအဝိုင်းများ၏ အခန်းကဏ္ဍနှင့် ထိုနေရာရှိဒေသဆိုင်ရာအာဏာပိုင်များ တက်ကြွမှုရှိရန်လိုအပ်သောမက်လုံးများ ပိုမိုကောင်းမွန်လာအောင်ပြုလုပ်နိုင်ရန်အပြင် အရေးကြီးသည့်နေရာများတွင် ဖြည့်ဆည်းမှုပြုလုပ်မပေးသည့် ကောင်စီများအား ဒဏ်ခတ်နိုင်ရန် ပြစ်ဒဏ်များချမှတ်ခြင်းအတွက် မဟာဗျူဟာများချမှတ်နိုင်ရန် ဆွေးနွေးမှုများစွာပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် လီလောင်ဂ်ဝှကျင်းပခဲ့သည့် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်မှုတွင် ထိုကိစ္စရပ်အားလုံးကို မြို့ကောင်စီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရကိုယ်စားလှယ်များဖြင့် ပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ဆွေးနွေးတိုင်ပင်မှုတွင် ရေဆိုးစနစ်၏ နိုင်ငံအဆင့်ဒါရိုက်တာက လွှတ်တော်ထံသို့တင်ရန်ရှိသည့် အမျိုးသားရေဆိုးစနစ်ဥပဒေတွင် အစိတ်အပိုင်းတစ်ခုအနေနှင့်ထည့်သွင်းသွားရန် သဘောတူခဲ့သည်။

မာလာဂီ၏ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ဖြစ်သော တရားလွှတ်တော်၏တရားရေးဝန်ကြီး တူဂျီလိန်း ချီဖူမီလာ၏အဆိုပြုချက်အရ မူဘောင်သည် ရုံး၏အခွင့်အာဏာအား တိုးချဲ့စေသည်။ မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏ရုံးနှင့် အခြားအာဏာပိုင်များ

အကြား ဆက်သွယ်ရေးလမ်းကြောင်းများပွင့်စေပြီး ဝန်ဆောင်မှုပေးပို့ခြင်းအပေါ် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသူ (Ombudsman) ၏လွှမ်းမိုးနိုင်စွမ်းအား တိုးမြင့်စေသည်။

## ၃.၈.၁။ လုပ်ငန်းဆောင်ရွက်မှုကို အလေးပေးသည့်ဆွေးနွေးပွဲကို ဘယ်လိုကျင်းပမလဲ။

ရှိနေဆဲအနေအထားတွင်ဖြစ်စေ၊ အသစ်ဖန်တီးထားသော အနေအထားတွင်ဖြစ်စေ လုပ်ငန်းဆောင်ရွက်မှုကို အလေးပေးသည့် ဆွေးနွေးပွဲပြုလုပ်ခြင်းသည် ပြောင်းလဲမှုရရှိရန်ဖြစ်နိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။ သဘောတူညီ ထားသည့်သတ်မှတ်ချက်များအောက်တွင် အတူတကွဆွေးနွေးခြင်းဖြင့် သက်ဆိုင်သည့်အကျိုး သက်ရောက်သူများသည် စစ်မှန်ပြီးခိုင်မာသည့် ဆောင်ရွက်မှုများမှတစ်ဆင့် ပြောင်းလဲမှုအတွက် အားလုံး၏သဘောတူညီချက် ရရှိနိုင်သည့်နေရာများအား တွေ့ရှိနိုင်မည်ဖြစ်သည်။

ပြောင်းလဲမှုဆီသို့ ဦးတည်သောဆွေးနွေးမှုကို ပါဝင်သူများကိုယ်တိုင်ပိုင်ဆိုင်ရမည်ဖြစ်ပြီး ရေရှည်တည်တံ့ရန်နှင့် အားလုံးပါဝင်မှုရှိရန် လိုအပ်သည့်အပြင် နိုင်ငံရေးအရထိရှလွယ်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှုကိုအလေးပေးသည့် ဆွေးနွေးမှုထဲတွင် ပြောင်းလဲမှုဖော်ဆောင်ရန်အတွက် အကျိုးအမြတ်ရှိပြီး လုပ်နိုင်စွမ်းရည်နှင့်နေရာရှိသူများ ပါဝင်သင့်သည့်အပြင် ဝန်ဆောင်မှုတွင်စိတ်ဝင်စားမှုရှိသော အကျိုးသက်ရောက်သူများလည်း ပါဝင်သင့်သည်။ ဆွေးနွေးမှုသည် ဝန်ဆောင်မှုပြဿနာများအား ပေါင်းစည်း၍ကိုင် တွယ်ဖြေရှင်းရန်အတွက် မဟာမိတ်ဖြစ်ပေါ်စေခြင်းကိုအထောက်အကူပြုနိုင်သလို ဆန်းစစ် လေ့လာမှုကို တွန်းအားပေးသူများအနေနှင့် ဝန်ဆောင်မှုနှင့်ထိတွေ့နေသည့် သက်ဆိုင်သည့်အုပ်စု အားလုံးကိုဖိတ်ခေါ်ရန်အကြံပြုပြီး ထိုအထဲတွင် ဝန်ဆောင်မှုပေးသူများကိုယ်တိုင် (အစိုးရနှင့်ပုဂ္ဂလိက)၊ မူဝါဒချမှတ်သူများ (ဥပမာ - ပါတီအဖွဲ့ဝင်များ၊ လွှတ်တော်)၊ အစီအစဉ်ချမှတ်သူများ (ဥပမာ - သတင်းမီဒီယာ ကိုယ်စားလှယ်များ၊ သက်ဆိုင်သည့်အုပ်စုများ၊ လူမှုဝန်ဆောင်မှု)၊ ကြီးကြပ်ရေးအဖွဲ့အစည်းများ (လွှတ်တော်ကော်မတီများ၊ စာရင်းစစ်ချုပ်အဖွဲ့အစည်းများ) သို့မဟုတ် အခြားအလားအလာရှိသည့်တောင်းဆိုပိုင်ခွင့်ရှိသူများ (ဥပမာ - ဝန်ဆောင်မှုအသုံးပြုသူများ၊ အတိုက်အခံနိုင်ငံရေးသမားများ၊ လူမှုလှုပ်ရှားမှုခေါင်းဆောင်များ၊ သက်ဆိုင်သည့် အုပ်စုများနှင့် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ) ပါဝင်သည်။ ထိုအုပ်စုများတွင် ဆွေးနွေးမှု လုပ်ငန်းစဉ်ရှိ ရမည်ဖြစ်ပြီး ၎င်းသည် ရေရှည်တည်တံ့မှုရရှိရန်အတွက် အခြေခံသတ်မှတ်ချက်ဖြစ်သည် (Kemp ၂၀၁၃)။

ဆွေးနွေးမှုကို စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ကျား-မရေးရာ ကိစ္စနှင့် အမျိုးအစားစုံလင်မှုတို့အား သတိထားသည့်နည်းလမ်းများဖြင့် ပြုလုပ်ရမည်ဆို သည်မှာ ထည့်သွင်းပြောစရာပင်မလိုတော့ပေ။

## ၃.၈.၂။ မဟာမိတ်များ ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်း

နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာအကျိုးသက်ရောက်သူများနှင့် မဟာမိတ်ဖြစ်အောင် ဆောင်ရွက်ခြင်းသည် အဓိကကျသည်။ အစီရင်ခံစာထုတ်ရုံမျှဖြင့် လုပ်ငန်းဆောင်ရွက် ဆောင်ရွက်ဖြစ်ပေါ်ရန် ခဲယဉ်းသည်။ ပြောထားပြီးဖြစ်သော်လည်း ထပ်မံ၍ပြောရန် လိုအပ်သည်မှာ အသိပညာအပေါ်အခြေပြုသည့် စုပေါင်းဆောင်ရွက်ခြင်း ပေါ်ထွန်း အောင် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေး အဖွဲ့တို့အနေနှင့် တစ်ဘက်တွင် နိုင်ငံရေးလုပ်ကိုင်ဆောင်ရွက်သူများအကြား အဆက် အသွယ်ရအောင် လုပ်ဆောင်ပေးရန်ဆန္ဒရှိသကဲ့သို့ ကျန်တစ်ဘက်တွင် ဒီမိုကရေစီ စနစ်နှင့်အညီ တာဝန်ခံမှုအား တိုးတက်ကောင်းမွန်လိုစေလိုသည့် သံန္နိဋ္ဌာန်ရှိသော လူမှုလှုပ်ရှားမှုများနှင့် သက်ဆိုင်သောအုပ်စုများအကြားတွင်လည်း ထိုသို့သောဆန္ဒမျိုး ရှိသည်။ အကောင်းဆုံးအနေအထားမှာ ၄င်းတို့အနေနှင့် ပြဿနာဖြေရှင်းရန်၊ ပူးတွဲ ဆောင်ရွက်မှုများ ဖန်တီးပေးရန်အတွက် နေရာနှင့်လုပ်နိုင်စွမ်းရည်ရှိခြင်းဖြစ်ပြီး၊ ထိုအ ထဲတွင် ထိုအရာများသည် အမှန်တကယ်ဖြစ်ပွားသည်ကို အာမခံနိုင်စေရန်အတွက် နောက်ဆက်တွဲ ပူးတွဲဆောင်ရွက်မှုအစီအစဉ်များ ပါဝင်သည်။ ဝန်ဆောင်မှုပေးခြင်း ပြဿနာများအား စုပေါင်းဖြေရှင်းရန်အတွက် လုပ်နိုင်စွမ်းရည်ရှိခြင်းသည် အဓိကကျ သည်။ ပုဂ္ဂိုလ်တစ်ဦးတည်းအနေနှင့် အကန့်အသတ်တစ်ခုဖြင့်သာ လုပ်ကိုင်ဆောင် ရွက်နိုင်သည်။ ဆန်းစစ်လေ့လာမှု၏ တွေ့ရှိချက်များအားအခြေပြုသော လုပ်ငန်းဆောင် ရွက်ဆောင်ရွက်မှုကိုအလေးပေးသည့် တွေ့ဆုံဆွေးနွေးမှုသည် ဝန်ဆောင်မှုနှင့်ဆက် နွယ်သည့် တာဝန်ခံယူမှုဆက်ဆံရေးများ ပိုမိုကောင်းမွန်လာစေခြင်းကို ဖော်ဆောင် နိုင်သော မဟာဗျူဟာမြောက်သည့် မဟာမိတ်များဖွဲ့နိုင်သကဲ့သို့ သွယ်ဝိုက်ပြီးရရှိမည့် အကျိုးဆက်မှာ ပိုမိုထိရောက်ပြီး အရည်အသွေးပိုကောင်းသည့် အများပြည်သူဝန် ဆောင်မှုများပေးခြင်းပင် ဖြစ်သည်။

ဇယားကွက် ၁၇ သည် တာဝန်ခံမှုဆိုင်ရာဟာကွက်များအား ဖော်ထုတ်ပြရန်နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဆန်းစစ်လေ့လာမှုတစ်ခု၏အခြေခံများနှင့်ပတ်သက်ပြီး ပြောင်းလဲ မှုများအတွက် ထောက်ခံအားပေးရန်တို့အတွက် မီဒီယာနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့်ရလဒ်များကို ပြသသည်။ နိုင်ငံသားများနှင့် ပိုမိုနီးကပ်လာခြင်းအပြင် ၄င်းတို့၏လူ့အခွင့်အရေးတောင်းဆိုချက်များကို ပို၍တုံ့ပြန်မှုရှိ လာခြင်းအားဖြင့် လူထုကျန်းမာရေးဝန်ဆောင်မှုများကို ရရှိနိုင်မှုနှင့်လက်လမ်းမီမှုတို့ကို

မာကာဆာ၏ မြူနီစီပယ်အစိုးရက အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

**ဇယားကွက် ၁၇** **မီဒီယာနှင့် မဟာမိတ်ဖွဲ့ခြင်းသည် မည်သည့်အကြောင်းကြောင့် အောင်မြင်မှု၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သနည်း။**

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် ဒီမိုကရေစီကျင့်သုံးသည့်လုပ်ငန်းစဉ်များ၏ အဓိကအင်္ဂါရပ်တစ်ခုဖြစ်ပြီး ထိရောက်မှုအတွက် ကျန်းမာရေးသည် ဖွံ့ဖြိုးတိုးတက်မှု ၏အခြားနေရာများစွာတို့အား ကျောထောက်နောက်ခံပြုသောကြောင့် ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၌ ၁၉၉၈ ခုနှစ်တွင် ဒေသန္တရအစိုးရအက်ဥပဒေကို အတည်ပြုခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒုတိယအကြိမ်ပြန်လည်သုံးသပ်ခဲ့ခြင်းကြောင့် ဒေသဆိုင်ရာဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်အား အစီအစဉ်ရေးဆွဲရန်နှင့် စီမံခန့်ခွဲရန်တာဝန်များကို ခရိုင်များနှင့် မြူနီစီပယ်တို့ ရရှိစေခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဝန်ဆောင်မှုများနှင့် လူထုအခြေခံအဆောက်အအုံများကဲ့သို့သော ဝန်ဆောင်မှုများအား နိုင်ငံသားများထံ ပေးရန်အတွက် ယင်းတို့က တာဝန်ယူရသည်။

တောင်ပိုင်းဆူလာဝါဆီ၏မြို့တော် မာကာဆာတွင် အခြေချနေထိုင်သူ ၁.၄ သန်းရှိသည်။ ဒေသန္တရအစိုးရ အက်ဥပဒေ စတင်ကျင့်သုံးပြီး ပထမနှစ်များတွင် မြူနီစီပယ်အစိုးရ၏မူဝါဒသည် ကျန်းမာရေးဌာနအရေးအတွက် တိုးမြှင့်ရေးအပေါ် အာရုံစိုက်ခဲ့သည်။ ဝန်ဆောင်မှုများနှင့်အထောက်အကူများရရှိနိုင်ခဲ့ပြီး နိုင်ငံသားများ သည် ကျန်းမာရေးစောင့်ရှောက်မှု၏အရေးကြီးပုံနှင့်ပတ်သက်၍ လုံလောက်သည့် အသိပညာ ဗဟုသုတများရရှိထားပြီးဖြစ်လျှင် သူတို့အနေနှင့် အထောက်အကူများ အား လက်လှမ်းမီနိုင်မည်ဟု ၎င်းက ယူဆခဲ့သည်။ သို့သော် ဤမူဝါဒသည် နိုင်ငံသား များ၏လိုအပ်ချက်များအား လုံလောက်သည့်တုံ့ပြန်မှု မပေးနိုင်ခဲ့သည့်အပြင် ဆင်းရဲ နွမ်းပါးသူများအနေနှင့် ဝန်ဆောင်မှုများအသုံးပြုရန်အတွက် အခကြေးငွေများ ပေး နိုင်ခြင်းမရှိဆိုသည့် အရေးကြီးသောအချက်အား လျစ်လျူရှုခဲ့သည်။

ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်သည့်ပြဿနာများအကြောင်း သတင်းများ အား မာကာဆာရှိ အကြီးဆုံးရေဒီယိုအသံလွှင့်ဌာနဖြစ်သည့် တော့ပ်အက်ဖ်အမ်က စတင်ထုတ်လွှင့်ခဲ့သည်။ ထိုအသံလွှင့်ဌာနက စတင်ထုတ်လွှင့်ပြီး မကြာမီမှာပင် ဒေသအတွင်း ထုတ်ဝေသည့်သတင်းစာတစ်စောင်သည် ဝန်ဆောင်မှုပေး ခြင်းနှင့် ပတ်သက်သည့် တိုင်ကြားချက်များနှင့်မေးခွန်းများအား နိုင်ငံသားများပြုလုပ်ရန် အတွက် နေရာများပေးခဲ့သလို ဒေသခံအစိုးရအေဂျင်စီများ၏ အဖြေများကိုလည်း ထည့်သွင်းဖော်ပြပေးခဲ့သည်။ မီဒီယာသည်တက်ကြွသည့်အခန်း ကဏ္ဍတစ်ခုမှ

စတင်ပါဝင်လာသည်နှင့်တပြိုင်နက် ဒေသခံ အင်န်ဂျီအိုများသည်လည်း အလားတူ ကိစ္စရပ်များအား ဦးစားပေးဆောင်ရွက်ရန် စတင်လုပ်ဆောင်လာခဲ့သည်။ ဝန်ဆောင်မှုပေးခြင်း၊ ပါဝင်ဆောင်ရွက်မှုအား တိုးတက်စေခြင်းနှင့် အိတ်ချ်အိုင်ဗီတားဆီးကာကွယ်ခြင်းများတွင် မူဝါဒပြုပြင်ပြောင်းလဲမှုများ မြှင့်တင်သည့်ဆောင်ရွက်မှုများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ဆက်ဆံရေးနှင့်သတင်းအချက်အလက်ဖိုရမ်က စတင်လုပ်ဆောင်ခဲ့သည်။

ထင်မြင်ယူဆချက်များကိုရေးသားပေးရန် သို့မဟုတ် စကားဝိုင်းတင်ဆက်မှုများတွင် ဒေသဆိုင်ရာအစိုးရမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ရန် အင်န်ဂျီအိုများအ မီဒီယာက ဖိတ်ခေါ် ခဲ့သည်။ တစ်ချိန်တည်းမှာပင် မိမိတို့၏ အစီအစဉ်အား အကောင်အထည်ဖော်ခြင်းကို သတင်းများမှတစ်ဆင့် ဖော်ပြပေးရန် မီဒီယာအား အင်န်ဂျီအိုများကဖိတ်ခေါ် သည်။ မီဒီယာနှင့် အင်န်ဂျီအိုများကြား မဟာမိတ်ဖွဲ့မှုတစ်ခုဖြစ်ပေါ် ခဲ့ပြီး တာဝန်ခံမှုယန္တရားများအား အရည်အသွေးမြှင့်တင်ခြင်းဖြင့် ဒေသခံအစိုးရ၏ စွမ်းဆောင်မှုများအပေါ် ထိန်းချုပ်မှုကိုကျင့်သုံးရန် နိုင်ငံသားများအား ပံ့ပိုးပေးသည်။

ဆင်းရဲနွမ်းပါးမှုအောက်တွင်နေထိုင်သူများ၏ပူဆွေးမှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်း မမီခြင်းနှင့်မတတ်နိုင်ခြင်းစသည်တို့ကိုလည်း သတင်းစာများနှင့်ရေဒီယိုအသံလွှင့်ဌာနများသည် ဖော်ထုတ်ပေးသည်။ သတင်းထုတ်ပြန်မှုများကြောင့် ထိုကိစ္စနှင့်ပတ်သက်ပြီး အများပြည်သူအကြား ဆွေးနွေးမှုများပေါ် ပေါက်လာသည်။ ထိုပြဿနာအား အစိုးရ၏ကိုင်တွယ်ပုံနှင့်ပတ်သက်၍ ဝေဖန်မှုများ စတင်မြင့်တက်လာသည်။ လူထုဖိအားတိုးမြင့်လာသောကြောင့် မြို့တော်ဝန်အမိန့်တစ်ခု ထုတ်ပြန်ခဲ့ပြီး ဝင်ငွေအဆင့်အတန်းကိုမကြည့်ဘဲ တရားဝင်နေထိုင်သူ မည်သူ့ကိုမဆို ဆေးကုသမှု၊ ပုံမှန်ဆေးစစ်မှုများ၊ မိခင်နှင့်ကလေးဝန်ဆောင်မှုများ အစရှိသော ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများအားမျှတစွာလက်လှမ်းမီခွင့်ကိုပေးသည် (Triwibowo ၂၀၁၂ မှ ကောက်နှုတ်ထားခြင်းဖြစ်သည်)။

## လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : အပြောင်းအလဲကို အကောင်အထည်ဖော်ခြင်း

- အကြံပြုချင်များကို တကယ့်အပြောင်းအလဲဖြစ်အောင်ဆောင်ရွက်ခြင်း
- လုပ်ကိုင်ဆောင်ရွက်မှုကို အလေးပေးသည့် ဆွေးနွေးပွဲများဖြစ်ပေါ် အောင် ဆောင်ရွက်ခြင်း
- မဟာမိတ်များဖြစ်ထွန်းလာအောင်ဆောင်ရွက်ခြင်း

## ၃.၉။ သင်ခန်းစာများယူခြင်း

ဆန်းစစ်လေ့လာမှုပြီးဆုံးကာ ဖြန့်ဝေပြီး အခြေအတင်ဆွေးနွေးပြီးသည့်အခါတွင် ၎င်း၏အတွေ့အကြုံများအပြင် ဆန်းစစ်လေ့လာမှု၏ရလဒ်များအား အဖွဲ့အနေနှင့် ပြန်လည်သုံးသပ်ရန်နှင့်သင်ခန်းစာယူရန် အချိန်ရောက်ပြီဖြစ်သည်။ ဆန်းစစ်လေ့လာမှု တလျှောက်တွင် အချို့အရာများသည် ကောင်းမွန်စွာအလုပ်ဖြစ်သော်လည်း အခြားအရာများသည် ၎င်းတို့လောက်အလုပ်ဖြစ်ချင်မှ ဖြစ်မည်ဖြစ်သည်။ ဤအဆင့်သည် အဓိကအားဖြင့် အပြုသဘောဆောင်သောသင်ယူခြင်းဖြစ်သည့် တူညီသောဦးတည်ချက်ဖြင့် အဖွဲ့အနေနှင့်အတူတကွမည်ကဲ့ သို့လုပ်ဆောင်သွားမည်ဆိုသည့် အကြောင်းဖြစ်သည်။

### ၃.၉.၁။ အဖွဲ့အတွင်း အသေးစိတ်ပြန်လည်ရှင်းလင်းခြင်း

လုပ်ငန်းဆောင်ရွက်မှုများ ခွဲဝေပြီးသည့်အခါမျိုးတွင် အဖွဲ့အတွင်း အသေးစိတ်ပြန်လည်ရှင်းလင်းမှုပြုလုပ်ခြင်းသည် အကျိုးသက်ရောက်သူများနှင့် ဆန်းစစ်လေ့လာသူများ၏အမြင်များကို စနစ်တကျစုစည်းရာ၌ အထောက်အကူပြုမည်ဖြစ်သည်။ ထိုကဲ့သို့သောပြန်လည်တုံ့ပြန်မှုရရှိခြင်းသည် လုပ်ငန်းစဉ်နှင့်ဆန်းစစ်လေ့လာခြင်း နည်းနာဗေဒကို ရှုထောင့်မျိုးစုံမှ ပိုမိုကောင်းမွန်အောင်ပြုလုပ်ရာတွင် အထောက်အကူပြုမည်ဖြစ်ပြီး ထိုအထဲတွင် - လူသား အရင်းအမြစ်စီမံခန့်ခွဲမှု၊ ရန်ပုံငွေရှာခြင်း၊ သုတေသနနည်းစနစ်များ၊ မဟာဗျူဟာမြောက်ဆက်သွယ်ရေး၊ ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေးနှင့် အခြားအဓိကကျသော အဖွဲ့အတွင်းကိစ္စရပ်များပါဝင်သည်။

မည်သည့်အရာသည် အလုပ်ဖြစ်သနည်း၊ မည်သည့်အရာသည် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် လိုအပ်သနည်းနှင့် အခြားဆန်းစစ်လေ့လာရေးအဖွဲ့များအား မိမိတို့က မည်သည့်အရာများ အကြံပေးမည်နည်းဆိုသည်တို့အပေါ် ပြန်လည်သုံးသပ်ခြင်းဖြင့် လုပ်ငန်းစဉ်အတွင်း အဆင့်တစ်ခုစီနှင့်အောင်မြင်မှုမှတ်တိုင်တစ်ခုစီကို အဆုံးသတ်သည်။ ထိုတစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်သုံးသပ်ခြင်းများအပေါ် အခြေပြုခြင်းဖြင့် အဖွဲ့အနေနှင့် သူတို့၏အဖွဲ့အတွင်းအတွေ့အကြုံများအား စုစည်းရန် အခက်အခဲရှိမည် မဟုတ်ပါ။

မေးမြန်းနိုင်သည့်လမ်းညွှန်မေးခွန်းအချို့အား အောက်တွင်ဖော်ပြပေးထားသည် -

- ဆန်းစစ်လေ့လာရေးဖွဲ့နှင့် အကြံပေးအဖွဲ့များအတွင်း မည်သည့်ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံများ ရရှိခဲ့သနည်း။
- မည်သည့်အရာများသည် ကောင်းမွန်စွာအလုပ်ဖြစ်သနည်း။

- မည်သည့်အရာများအား အခြားနည်းလမ်းဖြင့် ပြုလုပ်နိုင်ခဲ့သနည်း။
- ဆန်းစစ်လေ့လာရေးအဖွဲ့အတွင်း အခန်းကဏ္ဍများနှင့်ဆက်ဆံရေးများခွဲဝေခြင်းသည် မည်သည့်အနေ အထားရှိခဲ့သနည်း။
- အပြန်အလှန်အတူတကွသင်ယူနိုင်ခြင်းအတွက် အခြားဆန်းစစ်လေ့လာရေးအဖွဲ့နှင့် International IDEA တို့ဖြင့် မည်သည့်သင်ခန်းစာများ မျှဝေနိုင်သနည်း။

အဖွဲ့အတွင်း ပြန်လည်အသေးစိတ်ရှင်းလင်းမှုများမှ ထွက်ပေါ်လာသည့်တွေ့ရှိချက်များအပေါ် International IDEA က အလွန်စိတ်ဝင်စားသည်။ ၎င်းတို့ထံမှ သင်ယူခြင်းဖြင့် အနာဂတ်ဆန်းစစ်လေ့လာရေးအဖွဲ့နှင့် အကြံပေးအဖွဲ့ များ၏အကျိုးအမြတ်အတွက် နည်းစနစ်အား ပိုမိုကောင်းမွန်အောင်ပြုလုပ်သွားနိုင်မည်ဖြစ်သည်။

## ၃.၉.၂။ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းတို့မှတစ်ဆင့် သင်ယူခြင်း

ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်အား အဆုံးမသတ်မီ ထိုလုပ်ငန်း၏ ထည့်သွင်းမှုများနှင့်ရလဒ်များအားဖော်ထုတ်ပြီး အကျဉ်းချုပ်ရန် အကြံပြုလိုသည်။ ဆန်းစစ်လေ့လာရေးအဖွဲ့နှင့်အကြံပေးအဖွဲ့တို့အနေနှင့် မည်သည့်အရာကို အမှန်တကယ် ရရှိနိုင်ခဲ့သနည်း။ ဝန်ဆောင်မှုပေးခြင်းတွင် ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုအား ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သူများက အကြံပြုချက်များအား မည်ကဲ့သို့လက်ခံကြသနည်း။ ယင်းတို့အား တိကျစွာဖော်ထုတ်ရန် အရေးကြီးသည်။ တိုးတက်မှုအားကြည့်ရှုရန်အတွက် ထိုဝန်ဆောင်မှုအပေါ် ထပ်မံဆန်းစစ်လေ့လာမှုများပြုလုပ်ရန် အခွင့်အလမ်းများ ရှိနိုင်ပါသလား၊ သို့မဟုတ် နိုင်ငံအတွင်းရှိအခြား ကဏ္ဍများ/ အစိတ်အပိုင်းများထံသို့ ဆန်းစစ်လေ့လာမှုအားတိုးချဲ့ရန်အတွက် အခွင့်အလမ်းများရှိပါသလား။ ထိုကဲ့သို့သော ဆောင်ရွက်မှုများမှ ထွက်ပေါ်လာမည့်တွေ့ရှိချက်များအပေါ်လည်း International IDEA က အလွန်စိတ်ဝင် စားသည်။

မိမိကိုယ်မိမိအကဲဖြတ်ရန် လေ့ကျင့်ခန်းတစ်ခုအနေနှင့် အုပ်စုဖွဲ့ ဆွေးနွေးမှုတစ်ခုကို ဆန်းစစ်လေ့လာ ရေးအဖွဲ့နှင့်အကြံပေးအဖွဲ့တို့က ပြုလုပ်သွားနိုင်ပြီး ၎င်းသည် ကုန်ကျစရိတ်သိပ်များမည် မဟုတ်ပါ။ ထို့အပြင် ၎င်းတို့အနေနှင့် သိသာထင်ရှားဆုံး အပြောင်းအလဲနည်းလမ်း[၄] ကဲ့သို့သော အခြားအထောက်အကူပြု နည်းလမ်းများကိုလည်း အသုံးပြုသွားနိုင်ပြီး သေသေချာချာပြင်ဆင်မှုပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ၎င်းသည် ဆန်းစစ်လေ့လာမှုတစ်ခု သို့မဟုတ် ဆန်းစစ်လေ့လာမှုတလျှောက်မှ ဆန်းစစ်လေ့လာသူများတွေ့ကြုံခဲ့ရသည့် သိသာထင်ရှားဆုံး အပြောင်းအလဲများနှင့်ပတ်သက်သည့် ဇာတ်လမ်းများအားရွေးချယ်ပြီး ဆွေးနွေးခြင်းဖြစ်သောကြောင့် ရလဒ်များအပေါ် ပို၍အာရုံစိုက်သည်။

ဆန်းစစ်လေ့လာရေးအဖွဲ့အနေနှင့် ဤနည်းလမ်းအား အသုံးပြုလိုလျှင် လုပ်ငန်းစဉ်၏ အဓိက အဆင့်များမှာ -

- အစီရင်ခံသည့်ကာလအား သတ်မှတ်ခြင်း၊
- ဇာတ်လမ်းများစုစည်းပြီး သိသာထင်ရှားဆုံးဇာတ်လမ်းများအား ရွေးချယ်ခြင်း၊
- ဇာတ်လမ်းများအား စိစစ်အတည်ပြုခြင်း၊
- ရွေးချယ်ထားသည့်ဇာတ်လမ်းများမှ ရရှိသည့်ရလဒ်များနှင့်ပတ်သက်၍ အကျိုးသက်ရောက်သူများအား ပြန်လည်တုံ့ပြန်မှုများ ဖြည့်ဆည်းပေးခြင်းနှင့်
- တာဝန်ခံမှုဆိုင်ရာ ဆန်းစစ်လေ့လာမှု၏လုပ်ငန်းစဉ်အား ပြန်လည်ပြင်ဆင်ခြင်းတို့ ဖြစ်သည်။

ဤနည်းလမ်းတွင် အကျိုးသက်ရောက်သူမျိုးစုံတို့ ဇာတ်လမ်းများဆွေးနွေးခြင်းနှင့် ၎င်းတို့ထဲမှ အရေးကြီးဆုံး ဇာတ်လမ်းများအား စနစ်တကျရွေးချယ်ခြင်း ပါဝင်သည်။ ကောင်းသည့်ပြောင်းလဲမှုများနှင့် မကောင်းသည့်ပြောင်းလဲမှုများအား ဖော်ထုတ်ပြီးသည့်အခါတွင် အတူတကွထိုင်ပြီး ဇာတ်လမ်းများကို အသံထွက်ဖတ်ပြီး သတင်းပို့ထားသည့်ပြောင်းလဲမှုများ၏ တန်ဖိုးများအကြောင်းကို အသေးစိတ်ဆွေးနွေးသွားကြရန် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရည်ရွယ်ချက်များ ပိုမိုကောင်းမွန်စွာရရှိရန်အတွက် မည်ကဲ့သို့ ဆန်းစစ်လေ့လာသင့်သည်ဆိုသည်နှင့်ပတ်သက်၍ လက်ရှိဆွေးနွေးမှုများနှင့်သင်ယူမှုများအား မြှင့်တင်ပေးသည်။ ထို့ကြောင့် အကျိုးသက်ရောက် သူများနှင့် ဆန်းစစ်လေ့လာသူများအနေနှင့် ရလဒ်များတစ်ခုတည်းအပေါ် အပြည့်အဝ အာရုံစိုက်နိုင်မည်ဖြစ်သည်။ ပြောင်းလဲမှုနှင့်ပတ်သက်သည့်မေးခွန်းများ၏ အဖြေများသည် များသောအားဖြင့် ဇာတ်လမ်းများအနေအထားဖြင့်ဖြစ်သည်ကို ဤနည်းလမ်းက ထည့်သွင်းစဉ်းစားသည်။ မည်သည့်အရာအတွက် မည်သူ့တွင်တာဝန်ရှိသနည်း။ အဘယ်ကြောင့်နည်း။ မည်သည့်အကျိုးဆက်များ ထွက်ပေါ်လာသနည်း။

အခြားရွေးချယ်စရာ နည်းလမ်းများထဲတွင် **ရလဒ်ကိုရိုက်သိမ်းခြင်းနည်းလမ်း** ပါဝင်ပြီး ၎င်းသည် ရလဒ်များပုံကြမ်းဆွဲသည့်အလေ့အထများထဲမှ လက်တွေ့ကျသည့်နည်းလမ်းတစ်ခုဖြစ်သည်။[၅] အကျဉ်းချုပ်ပြောရလျှင် ဝန်ဆောင်မှုပေးရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုအပေါ် ဆန်းစစ်လေ့လာခြင်းကဲ့သို့သော သက်ဆိုင် ပတ်သက်သူများစွာပါဝင်သည့် ရှုပ်ထွေးသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့် အချိန်နှင့်တပြေးညီ စောင့်ကြည့်လေ့လာခြင်းတို့တွင် အသုံးပြုနိုင်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စု၊ ရပ်ရွာလူထု၊ အဖွဲ့အစည်း သို့မဟုတ် အင်စတီကျူးရှင်းတို့၏ အမူအကျင့်များ၊ ဆက်ဆံရေးများ၊ ဆောင်ရွက်မှုများ၊ လှုပ်ရှားမှုများ၊ မူဝါဒများ သို့မဟုတ် အလေ့အထများတွင်ဖြစ်ပေါ်သည့် ပြောင်းလဲမှုတစ်ခုအနေနှင့် ရလဒ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပေါ်အခြေခံ၍ ဤစနစ်

ပေါ်ပေါက်လာခြင်းဖြစ်သည်။ အခြားဆန်းစစ်လေ့လာမှုနည်းစနစ်များနှင့် မတူညီသည်မှာ **ရလဒ်ကိုရိုက်သိမ်းခြင်းနည်းလမ်း** သည် ကြိုတင်သတ်မှတ်ထားသည့် ရလဒ်များ သို့မဟုတ် ဦးတည်ချက်များဆီသို့သွားသည့် တိုးတက်မှုအား တိုင်းတာခြင်း မဟုတ်ဘဲ ရရှိထားသည့်အပေါ်မှ သက်သေများစုစည်းပြီး စီမံကိန်း သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုသည် ပြောင်းလဲမှုအပေါ် ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိနှင့် မည်ကဲ့သို့ဆောင်ရွက်မည် စသည့်အကြောင်းရာများသို့ နောက်ပြန်သွားခြင်းဖြစ်သည်။ အထူးသဖြင့် **ရလဒ်ကိုရိုက်သိမ်းခြင်းနည်းလမ်း**သည် ဆောင်ရွက်မှုများထက် ရလဒ်များအပေါ် အဓိကအားဖြင့် အာရုံစိုက်သည့်အခါတွင် ကောင်းမွန်စွာအလုပ်ဖြစ်မည်ဖြစ်သည်။

ဝန်ဆောင်မှုပေးခြင်းတွင် **ရလဒ်ကိုရိုက်သိမ်းခြင်းနည်းလမ်း**ကို ထည့်သွင်းအသုံးပြုခြင်းနှင့်ပတ်သက်ပြီး ကမ္ဘာ့ဘဏ်က မကြာသေးမီကပြုလုပ်သော ရှေ့ပြေးလေ့လာမှုအရ "မတူကွဲပြားသောအခင်းအကျင်းတွင် အောင်မြင်သောဆောင်ရွက်မှုများကို လိုက်လျောညီထွေအောင်မည်သို့ဆောင်ရွက်မည်နည်းနှင့် ပါဝင်ပတ်ရန် လုပ်ဆောင်သူများကိုအကောင်းဆုံးမည်သို့စုပေါင်းပေးရန် ရွေးချယ်မည်နည်းကဲ့သို့သော အဓိကကျသည့် လုပ်ကိုင်ဆောင်ရွက်မှုများနှင့် မရှိမဖြစ်သင်ခန်းစာများ ဖော်ထုတ်ခြင်းတို့နှင့်ပတ်သက်ပြီး သက်သေအထောက်အထားစုဆောင်းရာတွင် ယင်းနည်းလမ်းကို အသုံးပြုနိုင်သည်" ဟုဆိုသည် (ကမ္ဘာ့ဘဏ် ၂၀၁၄)။

ဤနေရာတွင်လည်း ဆန်းစစ်လေ့လာမှုမှုဘောင်တွင် ပြုပြင်ပြောင်းလဲမှုများထပ်မံပြုလုပ်ရန်နှင့် ယေဘုယျအားဖြင့် ဝန်ဆောင်မှုပေးရာတွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုနှင့်ပတ်သက်ပြီး သင်ယူနိုင်ခြင်း တို့ကြောင့်ထိုကဲ့သို့သော လေ့ကျင့်ခန်းမျိုး မှတွေ့ရှိချက်များကို အခြားနိုင်ငံများရှိ ဆန်းစစ်လေ့လာရေးအဖွဲ့များနှင့် International IDEA တို့က အလွန်စိတ်ဝင်စားမည်ဖြစ်သည်။

ဒီမိုကရေစီသည် အဓိကအားဖြင့် နိုင်ငံရေးဆိုင်ရာတရားမျှတမှုအပေါ်အခြေပြုပြီး အများပြည်သူဆိုင်ရာကိစ္စရပ်များအပေါ် လူအများစုကထိန်းချုပ်နိုင်ခြင်းအကြောင်း ဖြစ်သည်။ ထို့ကြောင့် ကျယ်ပြန့်ပြီး အားလုံးပါဝင်မှုရှိသည့် ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်တစ်ခုအားရရှိစေသည့် နည်းနာဗေဒတစ်ခုကို ပုံစံရေးဆွဲရန် International IDEA သည် ကြိုးပမ်းခြင်းဖြစ်သည်။ အမှန်တကယ်အားဖြင့် အားလုံးပါဝင်သည့် ချဉ်းကပ်ပုံသည် ဆန်းစစ်လေ့လာမှုရလဒ်များနည်းတူ အရေးကြီးသည်။

## လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ : သင်ခန်းစာယူခြင်း

- အဖွဲ့တွင်း ပြန်လည်ရှင်းပြခြင်းနှင့် ဆန်းစစ်လေ့လာမှုမှရရှိသည့်သင်ခန်းစာများ
- စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင်တစ်ရပ်ကို အသုံးပြုခြင်း

# မှတ်စုများ

၁။ အမြင့်ဆုံးအာဏာပိုင်စာရင်းစစ်အဖွဲ့ အခြေခံအမျိုးအစားနှစ်မျိုးရှိပြီး ၎င်းတို့မှာ တရားရုံးပုံစံနှင့် စာရင်းစစ်ချုပ်ပုံစံတို့ဖြစ်တို့ဖြစ်သည်။ ကမ္ဘာပေါ်တွင် ထိုပုံစံများ၏အမျိုးအစားခွဲများစွာရှိပြီး ရောထားသည့် အမျိုးအစား များလည်းရှိကာ အချို့သောအခြေခံကွာခြားမှုများကို သိထားသင့်သည်။ အထူးသဖြင့် စာရင်းစစ်ချုပ်ပုံစံသည် သမားရိုးကျတရားရုံးစာရင်းစစ်ပုံစံထက်စာလျှင် တရားဥပဒေပြုရေးနှင့် အပြန်အလှန်ဆက်စပ်မှုနှင့် ပိုမိုနီးကပ်စွာရှိခြင်းအပေါ်အခြေပြုထားသည်။ တရားရုံးပုံစံသည် သုံးစွဲမှုများ၏ တရားဝင်မှုအပေါ်အာရုံစိုက်ပြီး စာရင်းစစ်ချုပ်ပုံစံသည် လုပ်နိုင်စွမ်းရည်စာရင်းစစ်ခြင်းကဲ့သို့သော စာရင်းစစ်မှုအမျိုးအစားမျိုးစုံအား ဖော်ထုတ်ရာတွင် တီထွင်ကြံဆမှုရှိသည်ကို သက်သေပြခဲ့ပြီးဖြစ်သည်။ စာရင်းစစ်ချုပ်ပုံစံအား အဓိကအားဖြင့် ဓနသဟာယနိုင်ငံများတွင်ကျင့်သုံးလေ့ရှိပြီး ထိုအထဲတွင် ဩစတေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ အင်္ဂလန်နှင့် ကာရေဘီယန်နိုင်ငံအများအပြား၊ ပစိဖိတ်၊ အနောက်တောင်အာရှနိုင်ငံများနှင့် အင်္ဂလိပ်စကားပြောအာဖရိကကုန်းတွင်းပိုင်းနိုင်ငံများ ပါဝင်သည်။ တရားရုံးပုံစံစနစ်တွင် စာရင်းစစ်တရားရုံးသည် တရားရေးဆိုင်ရာနှင့်အုပ်ချုပ်ရေးဆိုင်ရာ အာဏာနှစ်ခုစလုံးရှိသည်။ ၎င်းသည် အစိုးရ၏ ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးအစိတ်အပိုင်းတို့မှလွတ်လပ်ပြီး တရားရေး၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၎င်းသည် ရောမဥပဒေအောက်ရှိနိုင်ငံများတွင် အထူးသဖြင့်အသုံးပြုသည်။ ၎င်းအား ဥရောပရှိ လက်တင်နိုင်ငံများ (ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီနှင့် စပိန်) အပြင် တူရကီနှင့် လက်တင်အမေရိကန် နိုင်ငံအများအပြားနှင့် ပြင်သစ်စကားပြောသော အာဖရိကနိုင်ငံများတွင် တွေ့ရှိနိုင်သည်။ International Organizations of Supreme Audit Institutions (INTOSAI)၊ <http://www. intosai.org> နှင့် International Standards of Supreme Audit Institutions (ISSAI)၊ <http://www. issai.org> တွင် တွေ့ရှိနိုင်သည်။

၂။ တောင်းဆိုပိုင်ခွင့်ရှိသူဆိုသော ဝေါဟာရတွင် ရပိုင်ခွင့်ရှိသောသူများနှင့် လုပ်ပိုင်ခွင့်အာဏာရှိသောအဖွဲ့ အစည်းများနှစ်မျိုးစလုံးပါဝင်သည်။ လူတိုင်းသည် ရပိုင်ခွင့်ရှိသော

သူများဖြစ်သော်လည်း တောင်းဆိုပိုင်ခွင့်ရှိသူဆိုသော ဝေါဟာရသည် ဒီမိုကရေစီစနစ်နှင့်အညီတာဝန်ခံမှုသဘောတရား၏ အယူအဆအား ပိုမိုစုံလင်စွာဖော်ပြသည်။

၃။ 'လိင်တိမ်းညွတ်မှု' ဆိုသည်မှာ လိင်အမျိုးအစားတူညီသောသူနှင့်/သို့မဟုတ် ဆန့်ကျင်ဘက်လိင် အမျိုးအစားရှိသူအပေါ် ပုဂ္ဂိုလ်တစ်ဦး၏ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဆွဲဆောင်မှုရှိခြင်းကို ဆိုလိုသည်။ 'Gay'၊ 'lesbian'၊ 'bisexual' နှင့် 'straight' အစရှိသည်တို့သည် လိင်တိမ်းညွတ်မှု၏ဥပမာများ ဖြစ်ကြသည်။

၄။ အချက်အလက်များပိုမိုရရှိရန်အတွက် <http://mande.co.uk/special-issues/most-significant-change -msc> တွင် ကြည့်ရှုရန်။

၅။ အချက်အလက်များ ပိုမိုရရှိရန်အတွက် <http://www.outcomemapping.ca> တွင် ကြည့်ရှုရန်။

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ ၁ - အစီအစဉ်မည်ကဲ့သို့ ရေးဆွဲမည်နည်း

ဆန်းစစ်လေ့လာမှု၏လုပ်ငန်းများနှင့် အချိန်ဇယားများအားခြုံငုံသပ်ချက်ကိုရရှိရန်အတွက် ဤဆောင်ရွက်ရန်စာရင်းသည် အထောက်အကူပြုမည်ဖြစ်သည်။

| အစီအစဉ်ရေးဆွဲပုံ | | | |
|---|---|---|---|
| လုပ်ငန်းအစီအစဉ် | | | အချိန်ဇယား |
| လုပ်ငန်းပြီးမြောက်မှု မှတ်တိုင်များ | လုပ်ငန်းများ | တာဝန်ရှိမှု | ခန့်မှန်းသည့်အချိန် အကန့်အသတ် |
| ကြိုတင်ပြင်ဆင်မှု ပြုလုပ်ခြင်း | | | |
| အားဖြည့်ခြင်း | | | |
| ဦးတည်ရာလမ်းကြောင်း ရေးဆွဲခြင်း | | | |
| အဖြေရှာခြင်း | | | |
| တွေ့ရှိချက်များကို အသုံးပြုခြင်း | | | |
| မှန်ကန်အောင် ဆောင်ရွက်ခြင်း | | | |
| သြဇာလွှမ်းမိုးမှုရအောင် ဆောင်ရွက်ခြင်း | | | |
| အပြောင်းအလဲကို အကောင်အထည်ဖော်ခြင်း | | | |
| သင်ခန်းစာများယူခြင်း | | | |

# နောက်ဆက်တွဲ ၂ - အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ခြင်း

ဆန်းစစ်လေ့လာသူများနှင့် အကြံပေးအဖွဲ့များအကြား အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ခြင်းကို ပိုမိုကောင်းမွန်လာစေရန်အသုံးပြုနိုင်သည့် ဆန်းစစ်လေ့လာရေးအဖွဲ့များအတွက် အရန်ဆောင်ရွက်ရန် စာရင်းတစ်ခုအား ဤနောက်ဆက်တွဲစာမျက်နှာတွင် ဖော်ပြထားသည်။

| အောင်မြင်သည့်ပူးပေါင်းဆောင်ရွက်မှုကို ဘယ်လိုပုံဖော်မလဲ | အကဲဖြတ်ခြင်း | | | ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းမွန်လာစေရန် လုပ်ငန်းဆောင်ရွက်ဆောင်ရွက်မှု |
|---|---|---|---|---|
| | + | +/- | - | |
| ပူးတွဲညှိနှိုင်းဆောင်ရွက်မှုနေရာတစ်ခုအား ထူထောင်ခြင်း | | | | |
| ထိတွေ့မှု၏စည်းနှောင်ထားသောဝေါဟာရများအားအဓိပ္ပာယ်ဖွင့်ခြင်း | | | | |
| ပူးတွဲအောင်မြင်မှုမှတ်တိုင်များအား အဓိပ္ပာယ် ဖွင့်ခြင်း | | | | |
| ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေးစည်းမျဉ်းများ ဖော်ထုတ်ခြင်း | | | | |
| ယုံကြည်မှုတည်ဆောက်ခြင်းလုပ်ငန်းများ ပြုလုပ်ခြင်း | | | | |
| အကဲဖြတ်ခြင်း/အောင်မြင်မှုဇာတ်လမ်းများ ဝေမျှခြင်း | | | | |

# နောက်ဆက်တွဲ ၃ - တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးများအား မြေပုံရေးဆွဲရန် ဖြစ်နိုင်ဖွယ်နည်းလမ်းတစ်ခု

အချက်အလက် ကွာဟမှုများကို ဖယ်ရှားနိုင်သည့် အချက်အလက်စုစည်းမှုအပေါ် အာရုံစိုက်ရန်အတွက် တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား မြေပုံဆွဲရာတွင် အောက်ဖော်ပြပါပုံအား အသုံးပြုနိုင်သည်။ ဤစနစ်အားအသုံးပြုခြင်းဖြင့် ဆန်းစစ်လေ့လာသူများသည် ပံ့ပိုးပေးသလို လွှမ်းမိုးမှုရှိသည့်လုပ်ကိုင် ဆောင်ရွက်သူများအား ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ဆန်းစစ်လေ့လာသူများသည် အင်အားအကောင်းဆုံး ဆန့်ကျင်ဘက်ရှိလုပ်ကိုင်ဆောင်ရွက်သူများနှင့် လုပ်ကိုင်ဆောင်ရွက်သူများအကြား ဆက်ဆံရေးများကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

**တာဝန်ခံယူမှုရှိခြင်းဆိုင်ရာ ဆက်ဆံရေးများအားမြေပုံဆွဲခြင်း**




| ပုံများ | အကျိုးသက်ရောက်မှု |
|---|---|
| —————— | ဖလှယ်ခြင်းညှိနှိုင်းဆောင်ရွက်ခြင်း အစရှိသည့်နီးစပ်သောဆက်ဆံရေးများ |
| ------------ | တရားဝင်မဟုတ်သည့် သို့မဟုတ် အားနည်းသည့် ဆက်ဆံရေးများ |
| ⇨ | တရားဝင်အဖွဲ့အစည်းဆိုင်ရာ မဟာမိတ်များ |
| ‾‾\|__ | တင်းမာမှုများ သို့မဟုတ် မတူညီသည့် စိတ်ဝင်စားမှုများ |
| ———//——— | ဖြတ်တောက်ခံရသည့် ဆက်ဆံရေးများ |

အကောင်းဆုံးသင့်တော်သော လုပ်ကိုင်ဆောင်ရွက်သူများကို ပုံပေါ်တွင်ထားပါ။ အပြောင်းအလဲကို လိုလားမှုအရှိဆုံးသူများနှင့် စတင်ပါ။ ဂရပ်ဖစ်ပုံများကိုအသုံးပြုပြီး ယင်းတို့ကြားမှ ဆက်နွယ်မှုများကိုဖော်ပြပါ။ ပိုမိုသိရှိလိုပါက <www.newtactics.org> ကိုကြည့်ပါ။

# နောက်ဆက်တွဲ ၄ - တာဝန်ခံမှုဆိုင်ရာ ဆက်ဆံရေးများအား ဖော်ထုတ်ခြင်း

နိုင်ငံတစ်ဝန်းလုံး ရေရရှိနိုင်မှုကိုပံ့ပိုးပေးရန် လုံလောက်သည့် အခြေခံအဆောက်အအုံအား ထောက်ပံ့ခြင်း အပေါ်အာရုံစိုက်သည့် ဆန်းစစ်လေ့လာမှုတစ်ခုတွင် ဆန်းစစ်လေ့လာရေးအဖွဲ့သည် ပြဿနာအချို့၊ တာဝန်ရှိသူများနှင့် တောင်းဆိုပိုင်ခွင့်ရှိသူများအပြင် အစီအစဉ်ရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းများဖြစ်သည့်အဓိကအဆင့် ၃ ဆင့် တလျှောက်တွင် မဟာမိတ်မျိုးစုံတို့အား ဖော်ထုတ်သည်။

| တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်ခြင်း | | | | |
|---|---|---|---|---|
| | ဝန်ဆောင်မှု ပြဿနာ | တာဝန်ရှိ သူများ | တောင်းဆိုပိုင်ခွင့် ရှိသူများ | မဟာမိတ်များနှင့် ဩဇာလွှမ်းမိုးမှု |
| **မူဝါဒအဆင့်** | ဦးတည်ချက်များ ရရှိနိုင်ခြင်းမှ ဝန်ဆောင်မှုအား တားဆီးနေသော အဟန့်အတား | ပြဿနာ အတွက်တာဝန် ရှိသောလုပ် ကိုင်ဆောင် ရွက်သူများ | ဝန်ဆောင်မှုများ အသုံးပြုနေသော လုပ်ကိုင်ဆောင် ရွက်သူများ၊ ပြောင်း လဲမှုအား စိတ်ဝင် စားသောအုပ်စုများ | လုပ်ကိုင်ဆောင်ရွက်သူများ၏ ဆက်ဆံရေးများ - ပြောင်းလဲမှု/ပြုပြင်ပြောင်းလဲမှုများအား မည်သူက ဆန့်ကျင်သည် သို့မဟုတ် ထောက်ပံ့သည်။ မည်သူ့တွင် လွှမ်းမိုးမှုအဆင့်များစွာ သို့မဟုတ် နည်းကျဉ်းစွာ ရှိသနည်း။ |
| **အစီအစဉ် ရေးဆွဲခြင်း** | လူဦးရေ၏ ရေလိုအပ်ချက်များအပေါ် လက်တွေ့မကျသည့်/ မညီညွတ်သည့် ဆန်းစစ်လေ့လာမှုအပေါ် တည်ဆောက်ထားသည့် ဥပဒေအသစ်အား မရေးဆွဲမီ ပြုလုပ်သည့် အများပြည်သူ အခြေအတင်ဆွေးနွေးပွဲများ/ လွှတ်တော်အတွင်း | နိုင်ငံရေး ပါတီများ | နိုင်ငံသားများ | အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုသည် နိုင်ငံအတွင်းရှိ မီဒီယာအား ထိန်းချုပ်ထားသည်။ ဥပဒေအသစ်တွင် သူတို့၏ ရပ်တည်ချက်များကို ဆန့်ကျင်ရန် မီဒီယာတွင်နေရာမရှိ။<br><br>ရေဥပဒေအသစ်ပေါ်ထွက်ရန်အတွက် အားကောင်းသည့်နိုင်ငံသားများလှုပ်ရှားမှု ရှိနေ။ |

| တာဝန်ခံမှုဆိုင်ရာဆက်ဆံရေးများအား ဖော်ထုတ်ခြင်း | | | | |
|---|---|---|---|---|
| | **ဝန်ဆောင်မှု ပြဿနာ** | **တာဝန်ရှိသူများ** | **တောင်းဆိုပိုင်ခွင့်ရှိသူများ** | **မဟာမိတ်များနှင့် ဩဇာလွှမ်းမိုးမှု** |
| **မူဝါဒအဆင့်** | ဦးတည်ချက်များရရှိနိုင်ခြင်းမှ ဝန်ဆောင်မှုအားတားဆီးနေသော အဟန့်အတား | ပြဿနာအတွက်တာဝန်ရှိသောလုပ်ကိုင်ဆောင်ရွက်သူများ | ဝန်ဆောင်မှုများအသုံးပြုနေသော လုပ်ကိုင်ဆောင်ရွက်သူများ၊ ပြောင်းလဲမှုအား စိတ်ဝင်စားသောအုပ်စုများ | လုပ်ကိုင်ဆောင်ရွက်သူများ၏ ဆက်ဆံရေးများ - ပြောင်းလဲမှု/ပြုပြင်ပြောင်းလဲမှုများအား မည်သူက ဆန့်ကျင်သည် သို့မဟုတ် ထောက်ပံ့သည်။ မည်သူ့တွင် လွှမ်းမိုးမှုအဆင့်များစွာ သို့မဟုတ် နည်းကျဉ်းစွာ ရှိသနည်း။ |
| **မူဝါဒချမှတ်ခြင်း** | ဥပဒေအားထိန်းညှိသည့် ရယူမှုသည်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဆောင်ရွက်ရန်အတွက်ပုဂ္ဂလိကကုမ္ပဏီများအား မည်သည့်အချိန်တွင်ရွေးချယ်မည်နှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိ။ | အုပ်ချုပ်နေသော ပါတီ | ဆန့်ကျင်ဘက်ပါတီများ | အုပ်ချုပ်နေသော ပါတီသည် ဥပဒေအသစ်တွင် ကြီးမားသည့်ရရှိစရာများရှိသောပြင်ပပုဂ္ဂလိကကုမ္ပဏီများနှင့် နီးစပ်သည့်ချိတ်ဆက်မှုများရှိသည်။ သို့သော်ဒေသဆိုင်ရာအစိုးရအသင်း အဖွဲ့သည် ဒေသခံရပ်ရွာလူထုများ၊ ကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံသားများအား ဥပဒေအသစ်တွင်ပါဝင်ဖြည့်ဆည်းရန်အတွက် ခိုင်မာစွာထောက်ခံအားပေးသည်။ |
| **အကောင်အထည်ဖော်ခြင်း** | ဝန်ဆောင်မှုများရယူခြင်းအား ပွင့်လင်းမြင်သာမှုမရှိသည့်နည်းလမ်းဖြင့်ပြုလုပ်ပြီး ပုံမှန်အားဖြင့် အုပ်ချုပ်နေ သောနိုင်ငံရေးပါတီအား အဓိကပံ့ပိုးပေးသူများသာ ကန်ထရိုက်များ ရရှိကြသည်။ | ဝယ်ယူဖြည့်တင်းရေး အာဏာပိုင်များ | အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး ကော်မရှင် | ကန်ထရိုက်လုပ်ငန်းများကို အုပ်ချုပ်နေသည့်ပါတီအား ထောက်ပံ့နေသူများကိုပေးသည်။ နိုင်ငံတကာနှစ်ဦးနှစ်ဘက်ပါဝင်သည့်အလှူရှင်များသည် ထိုစနစ်အား နှစ်သက်ပြီး အကြောင်းမှာ၎င်းသည် အလုပ်ဖြစ်သည်။ နိုင်ငံတကာဘက်ပေါင်းစုံ အလှူရှင်များသည် အကျင့်ပျက်ခြစားမှုအား ရှောင်ရှားရန်အတွက် ပွင့်လင်းသည့်ဝယ်ယူဖြည့်တင်းမှုအား လိုလားကြသည်။ |

# နောက်ဆက်တွဲ ၅ - ဆန်းစစ်လေ့လာမှုပြုလုပ်ရန် မေးခွန်းလွှာ

၎င်းသည် ဆန်းစစ်လေ့လာရေးအဖွဲ့က စုစည်းထားသောအချက်အလက်များအပေါ် အခြေပြုသည့် ဆီလျော်အောင်ပြုလုပ်ထားသည့် မေးခွန်းလွှာဖြစ်သည် (ပူးတွဲ ၄ တွင် ဖော်ပြထားသည်)။

| မူ | လမ်းညွှန်မေးခွန်းများ | | |
|---|---|---|---|
| | အစီအစဉ်ရေးဆွဲခြင်း | မူဝါဒချမှတ်ခြင်း | အကောင်အထည်ဖော်ခြင်း |
| **တာဝန်ခံဖြေရှင်းပေးနိုင်ခြင်း** | ရေဥပဒေအသစ်နှင့်ပတ်သက်ပြီး လူထုအခြေအတင်ဆွေးနွေးပွဲအတွင်း မမှန်ကန်သည့် တွက်ချက်မှုများအသုံးပြုခြင်းအတွက်**နိုင်ငံရေးပါတီများက****နိုင်ငံသားများ**အား မည်မျှအထိတာဝန်ခံဖြေရှင်းပေးနိုင်မည်နည်း။ | လွှတ်တော်တွင် မူဝါဒမူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်အတွင်း**အုပ်ချုပ်နေသည့်ပါတီ**သည် **ဆန့်ကျင်ဘက်ပါတီများ**အား မည်မျှအထိတာဝန်ခံဖြေရှင်း ပေးနိုင်မည်နည်း။ | ဝန်ဆောင်မှုအား ရယူရန်အတွက် **ဝယ်ယူဖြည့်တင်းရေးအာဏာပိုင်**သည် **အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေးကော်မရှင်**အား မည်မျှအထိတာဝန်ခံဖြေရှင်းပေးနိုင်မည်နည်း။ |
| **တုံ့ပြန်မှုရှိခြင်း** | ရေဥပဒေအသစ်နှင့် ပတ်သက်ပြီးလူထုအခြေအတင်ဆွေးနွေးပွဲအတွင်း မမှန်ကန်သည့် တွက်ချက်မှုများအသုံးပြုခြင်းအတွက်**နိုင်ငံရေးပါတီများက နိုင်ငံသားများ**အား မည်မျှတုံ့ပြန်မှုရှိသနည်း။ | လွှတ်တော်တွင် မူဝါဒမူကြမ်းရေးဆွဲသည့်လုပ်ငန်းစဉ်အတွင်း **အုပ်ချုပ်နေသည့်ပါတီ** သည် **ဆန့်ကျင်ဘက် ပါတီ**များအား မည်မျှတုံ့ပြန်မှု ရှိသနည်း။ | ဝန်ဆောင်မှုအား ရယူရန်အတွက် **ဝယ်ယူဖြည့်တင်းရေးအာဏာပိုင်**သည် **အကျင့်ပျက် ခြစားမှုဆန့်ကျင်ရေးကော်မရှင်** အား မည်မျှတုံ့ပြန်မှုရှိသနည်း။ |
| **ကြပ်မတ်အရေးယူနိုင်ခြင်း** | ရေလိုအပ်မှုများအားမှားယွင်းသည့် ဆန်းစစ်လေ့လာမှုအတွက် **နိုင်ငံသားများက နိုင်ငံရေးပါတီများ**အား အကျိုးဆက်များအပေါ် မည်သည့်အတိုင်းအတာအထိ တာဝန်ယူစေနိုင်ပြီး ကြပ်မတ်အရေးယူနိုင်မည်နည်း။ | လွှတ်တော်တွင် တရားရေးမူဘောင်အတွင်း ချို့ယွင်းချက်များအတွက် **ဆန့်ကျင်ဘက်ပါတီများက အုပ်ချုပ်နေသည့်ပါတီ**အားအကျိုးဆက်များအပေါ် မည်သည့်အတိုင်းအတာအထိတာဝန်ယူစေနိုင်ပြီးကြပ်မတ်အရေးယူနိုင်မည်နည်း။ | ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် အုပ်ချုပ်နေသည့်ပါတီ၏ ရန်ပုံငွေထောက်ပံ့သူများအား ကန်ထရိုက်များပေးခြင်းတို့အတွက်**အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေးကော်မရှင်က ဝယ်ယူဖြည့်တင်းရေးအာဏာပိုင်**အားအကျိုးဆက်များအပေါ် မည်သည့်အတိုင်းအတာအထိတာဝန်ယူစေနိုင်ပြီးကြပ်မတ်အရေးယူနိုင်မည်နည်း။ |

# နောက်ဆက်တွဲ ၆ - တွေ့ရှိချက်များနှင့် အဆိုပြုချက်များ ခိုင်လုံအောင် မည်ကဲ့သို့ဆောင်ရွက်မည်နည်း။

ဤဆောင်ရွက်ရန်စာရင်းသည် တွေ့ရှိချက်များနှင့် အဆိုပြုချက်များနှင့်ပတ်သက်သည့် အစည်းအဝေးများအား ခိုင်လုံအောင်ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများအား ပံ့ပိုးပေးသည်။

| တွေ့ရှိချက်များနှင့်အဆိုပြုချက်များအား ခိုင်လုံဆောင်ရွက်ပုံ | | |
|---|---|---|
| **ဘယ်သူလဲ** | **ဘာလဲ** | **အတည်ပြုခြင်း နည်းလမ်းများ** |
| အကြံပေးအဖွဲ့ | ဖြစ်ရပ်မှန်များနှင့်သုံးသပ်ချက်များအကြား ညီညွတ်မှုနှင့် သုံးသပ်ချက်များနှင့်အကြံပြုချက်များအကြား ညီညွတ်မှု | ချရေးသည့်/ဆွေးနွေးသည့် အစည်းအဝေးများ |
| အဓိကအချက်အလက်ပေးသူများ | တင်ဆက်မှုများနှင့် ဖြစ်ရပ်မှန်များအသုံးပြုခြင်း | ဆွေးနွေးသည့်အစည်းအဝေးများ |
| အစီရင်ခံစာအသုံးပြုသူများ | မျှော်မှန်းထားသည့်အစီရင်ခံစာအား အသုံးပြုပုံ၊ အကြံပြုချက်များ၏ သင့်တော်မှု | လက်တွေ့လုပ်ကိုင် ဆောင်ရွက်ခြင်းကို အလေးပေးသည့် တွေ့ဆုံဆွေးနွေးမှု |

# ကိုးကားစာရင်းများ


Ayee, J. and Crook, R., *'Toilet Wars': Urban Sanitation and the Politics of Public-Private Partnerships Services in Ghana*, IDS Working Paper 213 (Brighton: Institute of Development Studies, 2003), available at <http://www.ids.ac.uk/idspublication/toilet-wars-urban-sanitation-services-and-the-politics-of-public-private-partnerships-in-ghana>, accessed 29 April 2014

Barr, M., Serneels, P. and Zeitlin, A., 'Information and Collective Action in the Community Monitoring of Schools: Field and Lab Experimental Evidence from Uganda', 2012, working paper (unpublished)

Batley, R. and McLoughlin, C., *The Effects of Sector Characteristics on Accountability Relationships in Service Delivery*, ODI Working Paper 350 (London: Overseas Development Institute, 2012), available at <http://www.odi.org.uk/sites/odi.org.uk/files/odi-assets/publications-opinion-files/7790.pdf>, accessed 29 April 2014

Heck, C. and Tolmie, C., *Voices from the Ground: Does Strengthening Demand for Better Services Improve Supply?* (Stockholm: International IDEA, 2012), available at <http://www.idea.int/resources/analysis/does-strengthening-demand-for-better-services-improve-supply.cfm>, accessed 29 April 2014

International IDEA, *Assessing the Quality of Democracy: A Practical Guide* (Stockholm, International IDEA, 2008)

International IDEA, *Democratic Accountability in Service Delivery: A Desk Review* (Stockholm: International IDEA, 2013), available at <http://www.idea.int/resources/analysis/democratic-accountability-and-service-delivery-a-desk-review.cfm>, accessed 29 April 2014

International IDEA, *State of Local Democracy Assessment Framework* (Stockholm: International IDEA, 2013)

International IDEA and the Office of the Ombudsman in Malawi, *Assessing Democratic Accountability In Service Delivery: A summary report of the pilot assessment in waste management service delivery in Malawi* (Stockholm: International IDEA, 2014)

Keefer, P. and Khemani, S., 'Democracy, Public Expenditures, and the Poor: Understanding Political Incentives for Providing Public Services', *World Bank Research Observer*, 20/1 (March 2005), pp. 1–28, available at <http://elibrary.worldbank.org/doi/abs/10.1093/wbro/lki002>, accessed 29 April 2014

Kemp, B., *Political Party Dialogue: A Facilitator's Guide* (Stockholm: International IDEA, 2013)

Rampa, F., with Piñol Puig, G., 'Analysing Governance in the Water Sector in Kenya', Discussion Paper 124, European Centre for Development Policy Management, 2011, available at <http://ecdpm.org/publications/analysing-governance-water-sector-kenya/>, accessed 29 April 2014

Triwibowo, D., 'The Role of Strategic Alliances between NGOs and the Local Media in Making Health Services Responsive to the Poor in Makassar City, South Sulawesi Province, Indonesia', Discussion Paper, International IDEA, 2012, available at <http://www.idea.int/resources/analysis/the-role-of-strategic-alliances-between-ngos-and-local-media.cfm>, accessed 29 April 2014

Wild, L., Chambers, V., King M. and Harris, D., *Common Constraints and Incentive Problems in Service Delivery*, ODI Working Paper 351 (London: Overseas Development Institute, 2012), available at <http://www.odi.org.uk/sites/odi.org.uk/files/odi-assets/publications-opinion-files/7791.pdf>, accessed 29 April 2014

World Bank, *Cases in Outcome Harvesting: Ten Pilot Experiences Identify New Learning from Multi-Stakeholder Projects to Improve Results,* (Washington D.C.: The World Bank, 2014) available at <http://wbi.worldbank.org/wbi/Data/wbi/wbicms/files/drupal-acquia/wbi/Cases%20in%20Outcome%20Harvesting.pdf>, accessed 25 August 2014

# အသိအမှတ်ပြုမှုများ

ဤလမ်းညွှန်အားပြုစုရာတွင် မိမိတို့၏စွမ်းဆောင်နိုင်ရည်မျိုးစုံတို့ဖြင့် လူပေါင်းများစွာ ပါဝင်ပံ့ပိုးပေးခဲ့ကြသည်။ ၂၀၁၀ တွင် Anna Lekvall နှင့် Jorge Valladares Molleda တို့သည် ချဉ်းကပ်ပုံနှင့်ဤလမ်းညွှန်တွင်ပါဝင်သည့် စနစ်အကျဆုံးအကြောင်းအရာများအား စိတ်ကူးပြီးပုံဖော်ပေးခဲ့သည်။ Bolivia၊ Indonesia၊ Lesotho နှင့် Malawi တို့တွင် အသုံးပြုခဲ့သော ယခင်မူများအား Jorge က ဦးဆောင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သူသည် ဤမူအား Helena Bjuremalm နှင့် Alberto Fernández Gibaja တို့နှင့်အတူ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

International IDEA မှ ကျွမ်းကျင်ပညာရှင်များနှင့်မိတ်ဆွေများသည် သူတို့၏အချိန်ကိုအသုံးပြုပြီး မူဘောင်၏ အယူအဆများနှင့် မူကြမ်း၏မူကွဲများအား ဆွေးနွေးခဲ့ကြသည်။ ၂၀၁၀ ခုနှစ်တလျှောက်လုံးတွင် သူတို့ထဲမှ အချို့သူများသည် ဤလမ်းညွှန်၏ ပထမဆုံးမှတ်ချက်များပါဝင်သည့်ပုံကြမ်းအား ဆွေးနွေးရန်အတွက် Stockholm တွင် သွားရောက်တွေ့ဆုံကြကာ ၎င်းထဲတွင် Wieger Bakker (University of Utrecht)၊ Mark Bovens (University of Utrecht)၊ Edna Co (University of the Philippines)၊ Noha El-Mikawy (United Nations Development Programme)၊ Michael Hammer (One World Trust)၊ Todd Landman (University of Essex)၊ Andres Mejia Acosta (Institute of Development Studies)၊ João Pereira (Civil Society Support Mechanism, Mozambique) နှင့် Lisa von Trapp (World Bank Institute) တို့ ပါဝင်ခဲ့ကြသည်။

Anja Linder နှင့် Renée Speijcken တို့အား ၂၀၁၂ ခုနှစ်တွင် ဒုတိယမူကြမ်းဖြစ်လာသည့် မူဘောင်အား အဓိကသုံးသပ်မှုပြုလုပ်ပြီး ပံ့ပိုးပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်လိုပါသည်။

International IDEA မှလုပ်ဖော်ကိုင်ဘက်များသည် အချိန်မျိုးစုံ၌ ဖြည့်ဆည်းမှုများဆောင်ရွက်ပေးခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အလွန်ကျေးဇူးတင်သူများထဲတွင် Alicia del Aguila၊ Erik Asplund၊ Margot Gould၊ Paul Guerin၊ Louise Heegaard၊ Henry Ivarature ၊ Kristina Jelmin၊ Mélida Jiménez၊ Katarina Jörgensen၊ Shana Kaiser၊ Brechtje Kemp၊ Matshidiso Kgothatso Semela-Serote၊ Keboitse Machangana၊ Emily Perez၊ Leena Rikkila၊ Edward Shalala၊ Bjarte Tørå၊ Marcelo Villafani နှင့် Lotta Westerberg တို့ ပါဝင်သည်။ ၂၀၁၃ ခုနှစ်တွင် Sam Jones သည်လမ်းညွှန်၏ယခုမူအတွက်များစွာဖြည့်ဆည်းမှုများဆောင်ရွက်ပေးခဲ့သည်။

ကျွန်ုပ်တို့သည် နိုင်ငံမျိုးစုံတို့တွင် ဤမူဘောင်အားအသုံးပြု၍ ရွေ့ပြေးဆန်းစစ်လေ့လာမှုများပြုလုပ်နိုင်ရန်အတွက် ပံ့ပိုးပေးခဲ့သောလုပ်ဖော်ကိုင်ဘက်များအား အထူးကျေးဇူးတင်လိုပါသည် - Adhy Aman၊ Edwige Balutansky၊ Andrew Ellis၊ Alfonso Ferrufino၊ Carolina Floru၊ Nyla Grace Prieto၊ Margot Gould၊ Matshidiso Kgothatso Semela-Serote၊ Jean-Yves Kpalou၊ Mustaq Moorad နှင့် Fernando Patzy။

ထိုရွေ့ပြေးဆန်းစစ်လေ့လာမှုမှ ရရှိသည့်တုံ့ပြန်မှုများသည် မူဘောင်အား ထပ်မံပြင်ဆင်ရန်အတွက် အဓိကကျပြီး အထူးသဖြင့် Marcos Bustamante၊ Carlos Moncada နှင့် José de la Fuente (Bolivia)၊ Badruun Gardi (Zorig Foundation, Mongolia)၊ Motlamelle Kapa၊ Oscar Gakuo Mwangi နှင့် Mafa Sejanamane (National University of Lesotho)၊ Ikrar Nusa Bhakti နှင့် Mbak Yanu (Center for Political Studies, Indonesian Institute of Sciences) နှင့် Khumbo Rudo Mwalwimba၊ Ellos Lodzeni၊ Vincent Kondowe နှင့် Tujilane Chizumila (Office of the Ombudsman of Malawi) တို့ထံမှရရှိသည့် ဆန်းစစ်လေ့လာမှုများဖြစ်သည်။

International IDEA အနေနှင့် အမည်ဖော်ပြ၍မရသည့်ပြန်လည်သုံးသပ်သူများပါဝင်သည့်အုပ်စုအား အစောပိုင်းမူများအား ပြင်ဆင်ထိန်းညှိပေးရာတွင် အထောက်အကူပြုသည့် ၎င်းတို့၏မှတ်ချက်များနှင့်တုံ့ပြန်မှုများအတွက် အထူးကျေးဇူးတင်လိုပါသည်။ ထိုပြန်လည်သုံးသပ်သူများသည် Natural Resources Governance Institute (ယခင် Revenue Watch Institute)၊ UNICEF ၊ United Nations Development Programme၊ World Bank နှင့် World Resources Institute တို့နှင့်ဆက်စပ်သူများသို့မဟုတ် ဆက်စပ်ခဲ့သူများဖြစ်သည်။

ထို့အပြင် ဤလမ်းညွှန်အား တည်းဖြတ်ပြီး အယ်ဒီတာ့အာဘော်ရေးသားခဲ့ကာ ပူးပေါင်းဆောင်ရွက်မှုအတွင်း စနစ်တကျအကြံပေးခဲ့ပြီး ပုံစံအားဒီဇိုင်းဖော်ထုတ်ရာတွင် ပံ့ပိုးပေးခဲ့မှုများအတွက် Thomas Pritzl ကိုလည်း ကျေးဇူးတင်လိုပါသည်။

နောက်ဆုံးအနေနှင့်ဖြစ်သော်လည်း တန်းတူအရေးကြီးသည်မှာ International IDEA မှ ပုံနှိပ်ထုတ်ဝေရေး အရာရှိဖြစ်သူ Lisa Hagman အား မူကြမ်းထုတ်လုပ်မှုတွင် အောင်မြင်စွာစီမံခန့်ခွဲနိုင်ခြင်းအတွက်နှင့် Jenefrieda Isberg အား ဖော်ထုတ်မှု၊ ပုံနှိပ်မှုနှင့် ဖြန့်ချိမှုတို့တလျှောက်တွင် သူမ၏တန်ဖိုးဖြတ်၍မရသည့် အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးပံ့ပိုးမှုများအတွက် ကျေးဇူးတင်လိုပါသည်။

# International IDEA အကြောင်း

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် နိုင်ငံတကာအစိုးရများ အပြန်အလှန်ဖွဲ့စည်းထားပြီး ကမ္ဘာတစ်ဝှမ်း ဒီမိုကရေစီအားအခွန့်ရှည်စေရန် ပံ့ပိုးကူညီပေးသောအဖွဲ့အစည်း ဖြစ်သည်။

အဖွဲ့အစည်း၏ဦးတည်များမှာ ခိုင်မာသည့်ဒီမိုကရေစီစနစ်အောက်ရှိ အဖွဲ့အစည်းများနှင့်လုပ်ငန်းစဉ်များအပြင် ပိုမိုရေရှည်တည်တံ့ပြီး ထိရောက်ကာ တရားဝင်ဖြစ်သည့် ဒီမိုကရေစီတို့အား ပံ့ပိုးပေးရန်ဖြစ်သည်။

## International IDEA က ဘာလုပ်သလဲ။

အဖွဲ့အစည်း၏အလုပ်အား ကမ္ဘာ့အဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့်တို့တွင် ဖွဲ့စည်းထားပြီး နိုင်ငံသားများအား ပြောင်းလဲမှု၏တွန်းအားများအနေနှင့် အာရုံစိုက်သည်။

International IDEA သည် အဓိကကျွမ်းကျင်မှုနယ်ပယ်အချို့မှ ယှဉ်တွဲပြီးထွက်ပေါ်လာသည့်အသိပညာများ အားဖော်ထုတ်ပေးပြီး ထိုအထဲတွင် - ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၊ နိုင်ငံရေးပါဝင်မှုနှင့်ကိုယ်စားပြုမှု၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးမှု စသည်တို့အပြင် ဒီမိုကရေစီနှင့်ဆက်စပ်သည့် ကျား-မရေးရာ၊ ကွဲပြားခြားနားမှုနှင့် ပဋိပက္ခနှင့် လုံခြုံမှုတို့ ပါဝင်သည်။

International IDEA သည် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုအတွက်လုပ်ကိုင်နေသော နိုင်ငံအဆင့်နှင့်ဒေသအဆင့်လုပ်ကိုင်ဆောင်ရွက်သူများအား ဤအသိပညာကိုပေးပြီး ဒီမိုကရက်တစ်ပြောင်းလဲမှုကို ပံ့ပိုးပေးသည့် တွေ့ဆုံဆွေးနွေးမှုအား ပံ့ပိုးဆောင်ရွက်ပေးသည်။

၎င်း၏အလုပ်မှတစ်ဆင့် International IDEA က ရည်မှန်းသည်မှာ -

- ဒီမိုကရေစီ၏လုပ်နိုင်စွမ်းရည်၊ တရားဝင်မှုနှင့် အများယုံကြည်လက်ခံမှုတို့အား မြှင့်တင်ပေးသည်။
- ပိုမိုပါဝင်မှုရှိခြင်းနှင့် တာဝန်ခံယူမှုရှိသည့်ကိုယ်စားပြုမှု၊
- ပိုမိုထိရောက်ပြီးတရားဝင်သည့် ဒီမိုကရေစီပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်သည်။

## International IDEA က ဘယ်မှာ လုပ်ကိုင်သလဲ။

International IDEA သည် ကမ္ဘာတစ်ဝှမ်းတွင် လုပ်ဆောင်နေပါသည်။ အဖွဲ့သည် စတော့ဟုမ်း၊ ဆွီဒင်နိုင်ငံတွင် အခြေစိုက်ပြီး အာဖရိက၊ အာရှနှင့် ပစိဖိတ်၊ လက်တင်အမေရိကနှင့် Caribbean နှင့် အနောက်အာရှနှင့် မြောက်အာဖရိကဒေသများတွင် ရုံးများ ရှိပါသည်။

ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း အဆင့်နိမ့်သောနိုင်ငံများတွင် တူညီသောအချက်တစ်ခုရှိတတ်သည်။ ယင်းမှာ ထိရောက်သည့် အရေးယူခြင်း သို့မဟုတ် ဆုလာဘ်များပေးရန်အတွက် ၄င်းတို့၌ ပြဋ္ဌာန်းချက်များမရှိခြင်း သို့မဟုတ် အလွန်အားနည်းသည့် ပြဋ္ဌာန်းချက်များသာ ရှိခြင်းတို့ဖြစ်သည်။ ဒီမိုကရေစီသည် တာဝန်ခံမှုဆိုင်ရာယန္တရားများ အလုပ်လုပ်နေခြင်းနှင့်ညီမျှသည်ဟု ယူဆလေ့ရှိကြသော်လည်း လက်တွေ့တွင် ထိုထက်များစွာ ပို၍ရှုပ်ထွေးသည်။ အကြောင်းအရာအမျိုးမျိုးတို့က ဝန်ဆောင်မှုများ မည်ကဲ့သို့ပေးသည်နှင့် တာဝန်ခံမှုဆိုင်ရာ ယန္တရားများမည်ကဲ့သို့ အလုပ်လုပ်သည်ဆိုသည်တို့အပေါ် သက်ရောက်မှုရှိသည်။ ထိုကဲ့သို့သော ယန္တရားများသည် များသောအားဖြင့် အမှန်တကယ်တည်ရှိလေ့မရှိခြင်း၊ အလုပ်မဖြစ်ခြင်း သို့မဟုတ် ကိုယ်ပိုင်ဖြစ်တည်ခံယူမှု (ဘာသာစကားဆိုင်ရာ၊ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ကျား-မကိုယ်ပိုင်လက္ခဏာ တို့ကဲ့သို့သော)၊ လိင်တိမ်းညွှတ်မှု၊ အသက်၊ ဝင်ငွေ၊ မသန်စွမ်းမှု၊ အာဂဏာ စသည့်အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံခြင်းများ ဖြစ်တတ်သည်။

ဤလမ်းညွှန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ တာဝန်ခံမှုယန္တရားများကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန် ဆန်းစစ်လေ့လာရေး နည်းနာဗေဒတစ်ခု ပါဝင်ပါသည်။ ဤလမ်းညွှန်၏ မူဘောင်သည် International IDEA က ယခင်ပြုစုထားသည့် နိုင်ငံသားဦးဆောင်သည့်မူဘောင်များဖြစ်သော *ဒီမိုကရေစီရေချိန် နှင့် ဒေသန္တရဒီမိုကရေစီရေချိန် ဆန်းစစ်လေ့လာမှုမူဘောင်*တို့အပေါ် နောက်ဆုံးဖြည့်စွက်ချက်ပင်ဖြစ်သည်။ အသုံးပြုသူများအနေဖြင့် အများပြည်သူ ဂန်ဆောင်မှုများပေးခြင်းနှင့် သက်ဆိုင်သော မူဂါဒလုပ်ငန်းစဉ်များတွင် တာဂန်ထမ်းဆောင်သူများ တာဂန်ခံစေနိုင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်နိုင်မယ့် လမ်းညွှန်ချက်ကို တွေ့ရှိနိုင်ပါသည်။ ထို့ပြင်အဆိုပါ တာဝန်ခံမှုယန္တရားများကို တိုးတက်ကောင်းမွန်အောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲ ဆိုသည့် လမ်းညွှန်ချက်များလည်း ပါဝင်ပါသည်။


**INTERNATIONAL IDEA**
Strömsborg
SE–103 34 Stockholm
Sweden
Tel: +46 8 698 37 00
Fax: +46 8 20 24 22
Email: info@idea.int
Website: www.idea.int
Facebook.com/InternationalIDEA
Twitter@Int_IDEA

**INTERNATIONAL IDEA MYANMAR**
68 (B), Sayar San Raod,
Bahan Township,
Yangon, Myanmar
Phone: +95 9 26312 8104
Email: info-myanmar@idea.int
Website: www.idea.int


ISBN 978-91-7671-073-9